# တက္ကသိုလ်သီဟအောင်

## သက်စွန့်ဆံဖျား

(ဒုတိယပိုင်း ဇာတ်သိမ်း)

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။



'ခွပ်...ခွပ်...ခွပ်...ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာထွက်ပေါ်လာသည်။

အမျိုးသမီးက အဲလိုက်တသိရှောင်ထွက်သွားချိန်၌ အစ်ကိုကြီးသည် နေရာမရွေ့ဘဲ ထိုင်နေသဲ...

ခိုး!! မရှိတော့ပြီဆိုသည်နှင့် အန္တရာယ်သည် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့မည်ဖြစ်ကြောင်း သိနှင့်နေ၏။

မြင်းခွာသံများ ကွယ်ပျောက်သွားသည်။

ခြေသံများထွက်ပေါ်လာသည်။

အဆောင်ထဲသို့ လူတစ်စုဝင်ရောက်လာကြလေသည်။

အမျိုးသမီးသည် အစ်ကိုကြီးအတွက် လိုအပ်သမျှအားလုံး အဆင်သင့်ပြုလုပ်ပေးထားပါသည်။

ဧည့်သည်များ ရောက်လာလျှင် ထိုင်ဖို့ ထိုင်ခုံများအပြင် အရက်များ၊ စားသောက်ဖွယ်ရာများမှာလည်း အသင့်ပြင် ထားသည် မဟုတ်ပါလား။

အဆောင်ထဲသို့ ဝင်လာသူများကို ကျင်းလိန်မြို့စားက ဦးဆောင်လာလေသည်။ ကျင်းလိန်မြို့စားနှင့်အတူ သံလက်ဝါး ဂိုဏ်းချုပ် 'ရှာကု'၊ ခေါင်းခြံဝင်းမှ ဝူးဟန်နှင့် အခြားသော ဆိုင်းသမားများ ပါလာကြလေသည်။

အစ်ကိုကြီးက ထိုင်ရာမှထကာ နေရာထိုင်ခင်းပေးလိုက်ပါ သည်။

'မြို့စားကြီးကြွလာတာကိုး၊ ထိုင်ပါဗျာ၊ ထိုင်ပါ'

ကျင်းလိန်မြို့စားက မထိုင်ပေ။

အစ်ကိုကြီးကို စိုက်ကြည့်ကာ ခပ်တည်တည်ပင် ရပ်နေ လိုက်၏။

ဝူးဟန်၊ သံလက်ဝါးဂိုဏ်းချုပ် ရှာကုနှင့် အခြားသော သိုင်းသမားများက ချက်ချင်းပင် အစ်ကိုကြီးအား ဝိုင်းရံလိုက် ကြလေသည်။



အစ်ကိုကြီးက ပြုံးရင်း....

'ကျုပ်က ထွက်ပြေးချင်တယ်ဆိုရင် ပြေးတာ ကြာပြီပေါ့ ဗျာ၊ ကဲ...အေးအေးဆေးဆေးထိုင်ကြပါဦး'

ဟု ပြောလိုက်သည်။

ကျင်းလိန်မြို့စား၊ ဝူးဟန်နှင့် ရှာကုတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ရှာကုက....

'သူပြောတာလဲ ဟုတ်တာပဲ၊ သူ့မှာ အကြောင်းတစ်ခုခုရှိ လိမ့်မယ်၊ အေးအေးဆေးဆေး ပေါ့ဗျာ'

ဟု တိုးတိုးပြောလိုက်သည်။

ဝူးဟန်က....

'ဒီမှာ ဖိုးစုရဲ့...ခင်ဗျား မြေသျှီးမိုးပျံပြီးထွက်ပြေးလဲ ကျုပ် က တွေ့အောင်ရှာမှာပဲ၊ ဘယ်သို့မှ ပြေးလို့မလွတ်ဘူးဆိုတာ ခင်ဗျားသိပါတယ်'

ဟု ခပ်ဆန်ဆန်ပြောလိုက်သည်။

အစ်ကိုကြီးသည် ထင်ရှားကျော်ကြားသော စာပေသမား ဖိုးစုရဲဖြစ်ပါတော့သည်။

အစ်ကိုကြီး(၀၇) ဖုံးစုရဲက ခေါင်းညိတ်လိုက်သည်။

'ကျုပ် ရှောင်နေလို့ မရနိုင်ဘူးဆိုတာ ဝန်ခံပါတယ်ဗျား ကဲ... အေးအေးဆေးဆေးထိုင်ကြပါဦး'

ကျောင်းလိန်မြို့စား၊ ရှာကု၊ ဝူးဟန်နှင့် အခြားသိုင်းသမား များသည် သတိမပြတ်စေဘဲ ထိုင်ခုံများတွင် နေရာယူလိုက်ကြ လေသည်။

အစ်ကိုကြီး (၀၇) ဖုံးစုရဲက တည်ကြည်သောမျက်နှာထား ဖြင့် ကျောင်းလိန်မြို့စားကိုကြည့်ရင်း....

'ကျုပ်က အပေးအယူလုပ်ဖို့ မြို့စားကြီး ကို စောင့်နေတာ ပါဗျာ'

ဟု ပြောလိုက်လေသည်။

* * *

အပေးအယူ....

အစ်ကိုကြီး(၀၇) ဖုံးစုရဲသည် မည်သို့သောအပေးအယူ ပြု လုပ်လိမ့်မည်နည်း။

ကျောင်းလိန်မြို့စား မျက်မှောင်ကြုတ်သွားသည်။



'အပေးအယူ....ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

ဝူးဟန်က....

'ဘာမှ အပေးအယူလုပ်စရာ အကြောင်းမရှိဘူး၊ ဒီမှာ.... ဖုံးစုရဲ နှမြို့က မင်းရဲ့အကြောင်းကို အကုန်လုံး ဖွင့်ဟဝန်ခံ လိုက်ပြီ၊ မင်း ဘာမှငြင်းလို့မရတော့ဘူး၊ မိုးနဂါးဂိုဏ်းချုပ် ကို လုပ်ကြံခဲ့တဲ့မင်းရဲ့လူတွေ ဘယ်မှာလဲ၊ ခုချက်ချင်း ထုတ် ပေးစမ်း'

ဟု ဒေါသတကြီးဝေါက်လိုက်လေသည်။

လူသတ်တရားခံများအား ဖော်ထုတ်ကာ ဓားခြံဝင်းမှ ကိုယ်တိုင်စီရင်ဖို့ စီစဉ်ထားသည်ကိုပင် မေ့လျော့နေသည်။

တရားခံများအား ဖမ်းမိတော့မည်မို့ စိတ်လှုပ်ရှားနေ သလို ဒေါသလည်း ထွက်နေပေတော့သည်။

အစ်ကိုကြီး(၀၇) ဖုံးစုရဲက....

'မိုးနဂါးဂိုဏ်းချုပ်ကို လုပ်ကြံပေးဖို့ ငွေလက်ခံပြီး တာဝန် ယူခဲ့တာ မှန်ပါတယ်ဗျာ၊ ဘယ်သူက ငွေပေးပြီးလုပ်ကြံခိုင်း တယ်၊ ဘယ်သူတွေက လက်တွေ့ဆောင်ရွက်ခဲ့တယ်ဆိုတာ ကျုပ် မပြောရင် ဘယ်သူမှ သိနိုင်ကြမှာမဟုတ်ပါဘူး'

ဟု ပြောလေသည်။

ဦးဟန် မျက်နှာပျက်သွားသည်။

ဖိုးစုရဲ့ဆိုလိုချင်သည့်အဓိပ္ပာယ်ကို သဘောပေါက်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

ကျင်းလိန်မြို့စား မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျား ထုတ်ဖော်ပြောရမှာပေါ့၊ အပြစ်ကို အမှန်အတိုင်း ဝန်ခံရမှာပေါ့'

ဖိုးစုရဲက ဘာမှမပြောဘဲ ပြုံးနေသည်။

ရှာကုက....

'မင်း မပြောဘူး ဟုတ်လား'

ဟု မေးသည်။

ဖိုးစုံရဲက ခေါင်းညိတ်လိုက်လေသည်။

ဦးဟန် ဒေါသထွက်သွားပြီး....

'သူ့ကိုဖမ်းပြီး စစ်ဆေးလိုက်ရင်ပြီးတာပဲ၊ ဘယ်လောက်ကြာကြာ ရေငုံနှုတ်ပိတ် နေနိုင်မှာမို့လဲ'



ဟု ထအော်သည်။

ဖိုးစုရဲက....

'ကျုပ်သူတော့ဘာ သူငယ်နပ်ဘားလေးတွေမဟုတ်ကြပါဘူးဗျာ၊ ကျုပ်ကိုဖမ်းဆီးလိုက်ပြီဆိုဘာနဲ့ ခြေရာပျောက်သွားကြမှာပေါ့၊ ငွေပေးခိုင်းတဲ့လူ ဘယ်သူလဲဆိုဘာ ကျုပ်မပြောရင် ဘယ်သူကသိနိုင်မှာလဲ'

သူက မထေ့တထေ့အပြောကြောင့် ဦးဟန် ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်လေသည်။

'မိတ်ဆွေ ခဏနေပါဦးဗျာ'

ကျင်းလိန်မြို့စားက အချိန်မီတားဆီးလိုက်ရလေသည်။

ဦးဟန်က ...

'မြို့စားကြီး သူ့ကို ကျုပ်သက်သဲအုပ်လိုက်စမ်းပါ၊ အမှန်ပေါ်လာစေရမယ်'

ကျင်းလိန်မြို့စားက....

'အချိန်တန်ရင် အမှန်အတိုင်းဖြစ်လာမှာပါ၊ ဒေါသရှေ့မထားပါနဲ့၊ ထိန်းထိန်းသိမ်းသိမ်းလုပ်ကြတာပေါ့ဗျာ'

ဟု ဖျောင်းဖျလိုက်သည်။

ကံကောင်းထောက်မပြီး ခိုဖြူ၏စာကိုရကာ တရားခံဖြစ်သည့် ဖိုးစုရဲထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် အရောက်သွားခဲ့ကြခြင်း ဖြစ်သည်။

အင်နှင့်အားနှင့် သဲကြီးမဲကြီး စုံစမ်းရှာဖွေခဲ့သော်လည်း သတင်းအစအနပင် မရခဲ့ပေ။

အကယ်၍....

ဖိုးစုရဲသာ တစ်စုံတစ်ခုဖြစ်သွားမည်ဆိုလျှင် ငွေပေးလုပ်ကြံနိုင်းသူနှင့် လက်တွေ့ဆောင်ရွက်ကြမည့် ကြေးစား လူသတ်သမားများအား ခြေရာခံဖို့လွယ်မည်မဟုတ်တော့ပေ။

အားလုံး ကွင်းဆက်ပြတ်သွားတော့မည်ဖြစ်လေသည်။ ထိုအချက်ကို အားလုံးသတိပြုမိလိုက်ကြသည်။

ဖိုးစုရဲပြောသည့် အပေးအယူဆိုသည်ကိုလည်း သဘောပေါက်လိုက်ကြသည်။ ဖိုးစုရဲသည် အပြစ်ရှိသူဖြစ်သည့် အမှုမှန်ပေါ်ပေါက်ရန် အဓိကကျသူဖြစ်နေသည်။

တရားခံများအား ထုတ်ဖော်မပြောမချင်း ဖိုးစုရဲ မှဲ့တစ်ပေါက်ပင် အစွန်းခံ၍မဖြစ်နိုင်သော အခြေအနေတည်း။

ထို့ကြောင့်လည်း ဝူးဟန်သည် ကြိတ်မနိုင်ခဲမရ ဒေါသထွက်နေခြင်းဖြစ်ပေတော့သည်။



ကျင်းလိန်မြို့စားက ဖျောင်းဖျနေ၍ စိတ်ကိုချုပ်တည်းထားလိုက်ရလေသည်။

ကျင်းလိန်မြို့စားက ဖိုးစုရဲအားစိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားအမှန်အတိုင်းပြောရင် ကောင်းမယ်'

ဟု ပြောလိုက်သည်။

ဖိုးစုရဲက ခေါင်းညိတ်လိုက်သည်။

'ပြောပါမယ်ဗျာ၊ ဒါပေမယ့် ကျုပ်ရဲ့တောင်းဆိုချက်တစ်ခုကို လိုက်လျောရလိမ့်မယ်၊ ဒါမှမဟုတ်ရင်တော့ ကျုပ်ပြောနိုင်မှာမဟုတ်ပါဘူး'

သူကပြောလျှင် ဘယ်လိုမှစစ်မေး၍ ရနိုင်မည်မဟုတ်သလို ကြေးစား လူသတ်သမားများအကြောင်း သိရတော့မည် မဟုတ်ပေ။

ကျင်းလိန်မြို့စား အခက်ကြုံသွားလေသည်။

သူ၏အိမ်ဂေဟာ၌ ဖြစ်ပျက်ခဲ့သောအမှုအတွက် တရားခံများပေါ်ပေါက်ဖို့ အရေးကြီးပါသည်။

တရားခံအစစ်ကို ဖော်ထုတ်နိုင်မှသာလျှင် သူ၏ဂုဏ်သိက္ခာကို အဖတ်ဆည်နိုင်လိမ့်မည် ဖြစ်လေသည်။

ကျင်းလိန်မြို့စားသည် ဖိုးစုရဲအားစိုက်ကြည့်ရင်း....

'ခင်ဗျားရဲ့ လုပ်ရပ်တွေ ပေါ်ပေါက် သွားပြီ ပဲဗျာ၊ ယောက်ျားပီပီလုပ်ရဲရင် ခံရဲရမှာပေါ့၊ အမှန်အတိုင်းဝန်ခံတာ အကောင်းဆုံးပါပဲ'

ဟု နားချလိုက်သည်။

'ဟား ...ဟား....ဟား'

ဖိုးစုရဲ သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကျုပ်က ငွေပေးခိုင်းတဲ့သူတွေကော တကယ်လုပ်ခဲ့တဲ့သူတွေကော အားလုံးကိုဖော်ထုတ်ပေးပါမယ်လို့ ပြောပြီးပါပြီဗျာ၊ တစ်ခုပဲရှိတယ်၊ ကျုပ်ကိုတော့ လွှတ်ပေးရလိမ့်မယ်'

သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောလိုက်ပြီဖြစ်လေသည်။

ဦးဟန်က....

'ခင်ဗျားလဲတရားခံတစ်ယောက်ပဲ၊ ဘာကြောင့်လွှတ်ပေးရမှာလဲ'

ဟု ချက်ချင်းထအော်သည်။



ဖိုးစုရဲက....

'ကျုပ်ကိုလွှတ်မပေးဘဲနဲ့ ကျုပ်က ထုတ်ဖော်ပြောမယ် မထင်ပါနဲ့၊ ကျုပ်ဟာ အရူးတစ်ယောက် မဟုတ်ပါဘူးဗျာ'

ဆုံးဖြတ်ထားပြီးဟန်ဖြင့် ပြောလိုက်လေသည်။

'ဘာဗျ'

ဦးဟန် တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

'နေပါဦးဗျာ'

ကျင်းလိန်မြို့စားက ဟန့်တားလိုက်ရပြန်သည်။

ဦးဟန်က....

'ဒါတမင်သက်သက် အကျပ်ကိုင်တာဗျ၊ သူ့ကိုလွှတ်ပေးလိုက်လို့ ဘယ်ဖြစ်မလဲ၊ သူ့မှာ အပြစ်ရှိနေတာပဲ'

ဖိုးစုရဲက....

'ကျုပ်ဟာ ခိုဖြူလို ပွဲစားတစ်ယောက်ပါဗျာ၊ ကြေးစားလူသတ်သမားတချို့ကို ကျုပ်သိနေတယ်၊ ဒါကြောင့် ငွေပေးပြီး ငှားချင်တဲ့လူ ရှိတဲ့အခါ ဆက်သွယ်ပေးလိုက်တယ်၊ ကျုပ်အတွက် ပွဲခရတယ်၊ ဒါပဲပေါ့၊ ကျုပ်ကိုယ်တိုင် ကိုယ်ထိလက်ရောက် ပါဝင်ခဲ့တာ မဟုတ်ဘူးဗျ၊ ကြေးစားတွေရဲ့လုပ်ငန်း

အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ၊ ကျုပ်နဲ့မှ လုပ်ကြံနိုင်မှာ မဟုတ်ဘူးလို့ ယုံကြည်ထားခဲ့တာဗျ’

သူက မှင်သေသေဖြင့် လိမ်ပြောလိုက်ခြင်း ဖြစ်သည်။

တကယ်တော့ ကြေးစားငါးယောက်၏ ခေါင်းဆောင်မှာ သူကိုယ်တိုင် ဖြစ်သည်။

မိုးနဂါးဂိုဏ်းချုပ်အား မည်သို့ လုပ်ကြံရမည်ဆိုသည်ကို သူကပင် အကွက်ချ စီစဉ်ခဲ့ခြင်း ဖြစ်သည်။

သူ၏ ပိရိသေသပ်သော အစီအမံများကြောင့် ကြေးစားများသည် မိုးနဂါးဂိုဏ်းချုပ်ကို အောင်မြင်စွာ လုပ်ကြံနိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။

မည်သို့ဆိုစေ....

သူလိမ်ပြောလိုက်မှန်း မည်သူကမျှ သိနိုင်ကြလိမ့်မည် မဟုတ်ပါချေ။ ကျင်းလိန်မြို့စားက ရှာကု၊ ဝူးဟန်နှင့် အခြားသိုင်းသမားများကို ကြည့်လိုက်သည်။

ဖုံးစုရဲ၏စကားကို မည်သို့ သဘောရသနည်း ဆိုသော အဓိပ္ပာယ် ဖြစ်လေသည်။

ရှာကုက....



‘သူ့မှာ အပြစ်မကင်းတာတော့ မှန်တယ်၊ ဒါပေမယ့် တရားခံတွေကို ဖော်ထုတ်ပေးမယ်ဆိုရင်တော့ သူ့ကို လွှတ်ပေးဖို့ စဉ်းစားရမယ်’

ဟု ပြောလေသည်။

ဝူးဟန် လက်မခံပါ။

‘ဘယ်ဖြစ်မလဲဗျ၊ ကျုပ်သား အသက်ခံရတဲ့ကိစ္စမှာ ပါဝင်တဲ့ လူအားလုံးကို ထိုက်ထိုက်တန်တန် အပြစ်ပေးခံရလိမ့်မယ်၊ ဘယ်သူ့ကိုမှ လွှတ်မပေးနိုင်ဘူး’

ဟု ဝင်ပြောသည်။

ဖုံးစုရဲက....

‘မိတ်ဆွေ၊ ကြေးစားတွေဟာ မိုးနဂါးဂိုဏ်းချုပ်ကို လုပ်ကြံနေတုန်း မိတ်ဆွေ့ရဲ့သားဟာ မချော်သင့်တဲ့ ချောက်သွားတဲ့အတွက် အဆစ်ပါသွားတာပါ၊ သူဟာ ဘယ်သူ့လက်ချက်ကြောင့် သေဆုံးသွားခဲ့ရတယ်ဆိုတာ ကျုပ် ပြောပြနိုင်ပါတယ်’

ထိုစကားကြားလျှင် ဝူးဟန် စိတ်ပြောင်းသွားလေတော့သည်။

‘အဲဒီလူဘယ်သူလဲ’

ဟု အလေးတကြီး မေးလိုက်သည်။

ဖိုးစုရဲက....

'ကျုပ်ကို လွှတ်ပေးမယ်လို့ ကတိပေးမှ ကျုပ် ပြောပြနိုင်မယ်'

ဟု ယတိပြတ်ပြောလိုက်သည်။

ဦးဟန်မှာ ခံပြင်းနေသော်လည်း ဖိုးစုရဲ၏ တောင်းဆိုမှုကို လိုက်လျောမှသာလျှင် လူသတ်သမားများကို ဖမ်းမိနိုင်မည်ဖြစ်ကြောင်း သဘောပေါက်သွား၏။

အကယ်၍....

လူသတ်သမားများအား ဖမ်းဆီးသုတ်သင်ပြီးသည့်နောက်မှ ဖိုးစုရဲကို အပြစ်ပေးလျှင်လည်း ရနိုင်သေးသည်ဟု တွက်ဆမိခြင်းကြောင့် သူ၏ သဘောထား ပြောင်းလဲသွားလေတော့သည်။

'ကောင်းပြီ၊ ကျုပ် သဘောတူတယ်'

ဟု အော်ပြောလိုက်သည်။

အားလုံးက သူ့အား လှမ်းကြည့်လိုက်ကြလေသည်။

ဦးဟန်သည် သားဖြစ်သူအား လုပ်ကြံသွားသူကို သိရတော့မည် ဖြစ်၍ ယခုလို သဘောတူလိုက်ခြင်းဖြစ်သည်ဟု နားလည်ကြလေသည်။



ကျင်းလိန်မြို့စားနှင့် ရှာကုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ဦးဟန်က သဘောတူလိုက်ခြင်းကြောင့် သူတို့ရင်ထဲ အလုံးကြီး ကျသွားလေသည်။

လူသတ်သမားများအား အမြန်ဆုံး ဖော်ထုတ်ကာ အပြစ်ပေး အရေးယူနိုင်ပါမှ ကျင်းလိန်မြို့စား၏ ကျဆင်းခဲ့ရသော ဂုဏ်သိက္ခာကို ဆယ်တင်နိုင်မည်မဟုတ်ပါလား။

ဖိုးစုရဲက....

'အားလုံး သဘောတူကြတယ်ဆိုရင် ကျုပ်ပြောပြပါ့မယ်'

ဟု ပြောရာ ကျင်းလိန်မြို့စားက....

'ကျုပ်တို့လဲ သဘောတူတယ်'

ဟု ကပျာကယာ ပြောလိုက်ရလေသည်။

ဖိုးစုရဲ ကျေနပ်စွာ ပြုံးလိုက်သည်။

ကြုံတွေ့နေရသော အခက်အခဲများကို ခေါင်းအေးအေးဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပြီ မဟုတ်ပါလား။

'ကောင်းပြီ၊ ကျုပ်ကို တောင်ပိုင်းသွားနိုင်အောင် စီစဉ်ပေးပါ'

ကျင်းလိန်မြို့စားက....

'ခင်ဗျားက ဘရားခံ ဘယ်သူဘယ်ဝါဆိုတာ မပြောသေးဘဲ ကျုပ်တို့ ဘယ်လိုလုပ်ပြီး လွှတ်ပေးနိုင်မှာလဲ'

ဟု ပြန်ပြောလိုက်၏။

ဖုံးစုရဲက....

'ကျုပ်မှာ အစီအစဉ်ရှိပါတယ်၊ ကျုပ် တောင်ပိုင်းကို သွားတဲ့အခါ ခရီးထောက် စခန်းငါးခုကို မလွဲမသွေ ဖြတ်ကျော်သွားရမှာပါ၊ ခုလောလောဆယ်မှာ မိုးနဂါးဂိုဏ်းချုပ်ကို လုပ်ကြံခိုင်းတဲ့ တရားခံ ဘယ်သူဘယ်ဝါဆိုတာ ပြောပြပါမယ်'

'ကျန်တဲ့ကြေးစားငါးယောက်ကော'

ရှာကုက ဝင်မေးသည်။

ဖုံးစုရဲက....

'ကျုပ်ခရီးထွက်ရင်းခရီးထောက်စခန်းတစ်ခုကိုရောက်တိုင်း ကြေးစားတစ်ယောက်ရဲ့အကြောင်း ပြောပြပါမယ်'

'ဟာ....ဒီလိုဘယ်ဖြစ်မလဲ'

ဝူးဟန်က သတောမတူချေ။



ဖုံးစုရဲက....

'ခင်ဗျားတို့ကသဘောမတူရင် ကျုပ်သဲ တတ်နိုင်မှာမဟုတ်ပါဘူး၊ ခုချိန်မှာ ကျုပ်တို့ဟာ တစ်ယောက်ကို တစ်ယောက် ယုံကြည်မှုဘားပြီး လက်တွဲဆောင်ရွက်ရမယ့်သဘောရှိပါတယ်၊ ကျုပ်ကိုမယုံလို့ကတော့ ကြေးစားတွေကို ဖမ်းမိမှာ မဟုတ်ပါဘူး'

ဝူးဟန်က....

'ခင်ဗျား လိမ်မပြောဘူးလို့ အာမခံတယ်ပေါ့'

ဖုံးစုရဲ ခေါင်းညိတ်လိုက်သည်။

'စိတ်ချ ကျုပ် အာမခံတယ်၊ ကြေးစား ငါးယောက်ကို ခင်ဗျားတို့လိုက်ရှာနေရင် အချိန်ကုန်မယ်၊ သူတို့ဘယ်မှာရှိတယ်ဆိုတာ ကျုပ်ဖွင့်ပြောမယ်၊ ကျုပ်ပြောပြီးတာနဲ့ ခင်ဗျားတို့ ချက်ချင်းသွားဖမ်းလိုက်ရုံပဲ'

ဝူးဟန် တွေဝေသွားသည်။

ဖုံးစုရဲ၏တောင်းဆိုမှုကိုလိုက်လျောရတော့မည်ဖြစ်ကြောင်း အလိုလိုသိနေ၏။

ရှာကုက....

'ကဲ....ထားပါတော့လေ၊ မိုးနဂါးကိုဏ်းချုပ်ကို ဘယ်သူက လုပ်ကြံခိုင်းတယ်ဆိုတာ ပြောပါ'

ဟု ဝင်မေးလိုက်သည်။

ဖုံးစုရဲက....

'ဒုဂိုဏ်းချုပ်ယင်းဟုန်ပါ၊ ခင်ဗျားတို့ သူ့ကိုဖမ်းဆီးပြီးမှ ကျုပ်ခရီးထွက်ပါ့မယ်'

သူ၏စကားကို အားလုံးကျေနပ်သွားကြသည်။

ဒုဂိုဏ်းချုပ်ယင်းဟုန်အားဖမ်းဆီးစစ်ဆေးပြီးလျှင် ဖုံးစုရဲ၏ စကား မှန်မမှန် လက်တွေ့သိရမည်ဖြစ်သည်။

မှန်ကန်နေသည်ဆိုပါလျှင် ကျန် တရားခံ ငါးယောက်ကို လည်း မလွဲမသွေ ဖမ်းဆီးရမီတော့မည် ဖြစ်လေသည်။

ကျင်းလိန်မြို့စားက....

'ကောင်းပြီ၊ ခုလောလောဆယ်တော့ ကျုပ်လူတွေက ခင်ဗျား ထွက်မပြေးနိုင်အောင် စောင့်ကြပ်နေကြလိမ့်မယ်၊ ယင်းဟုန်ကို ဖမ်းပြီးစစ်ဆေးတဲ့အခါ ခင်ဗျားပြောတာ အမှန် ဖြစ်ကြောင်း သိရရင် အစီအစဉ်အတိုင်း ဆက်လုပ်ကြတာပေါ့ ဘယ်လိုလဲ'



ဖုံးစုရဲ ခေါင်းညိတ်လိုက်သည်။

'မြို့စားကြီးကြိုက်သလိုစီမံနိုင်ပါတယ်ဗျာ၊ ကျုပ်ထွက်မပြေး ပါဘူး၊ လိမ်လည်မပြောပါဘူး'

ကျင်းလိန်မြို့စားသည် ချက်ချင်းပင် ဖုံးစုရဲအား စောင့် ကြပ်ရန် အစောင့်များ စီစဉ်ပြီး ယင်းဟုန်အား ဖမ်းဆီးရန် ကြိုးပမ်းလိုက်လေတော့သည်။

## အပြိုင်အဆိုင်

ဝူးလောက်ရယ်၏မျက်နှာ သုန်မှုန်ခက်ထန်နေပါသည်။

ခိုဖြူအား ခြေရာခံမိပြီးမှ လက်လွတ်ဆုံးရှုံးခဲ့ရခြင်းကြောင့် ခံပြင်းနေမိသည်။

ထို့အပြင်....

အခြေအနေအရပ်ရပ်ကိုသုံးသပ်ဖို့ အချင်းချင်း တွေ့ဆုံရန် ကြိုတင်စီစဉ် ချိန်းဆိုထားကြသော်လည်း သူ့ထံသို့ အိမ်ထိန်းကြီး ဝူကြွားနှင့် သားဖြစ်သူတို့ ရောက်မလာခြင်းကြောင့် ပိုရှုပ်စိတ်အနှောင့်အယှက် ဖြစ်နေရပေတော့သည်။

ဝူးလောက်ရယ်က သတ္တမအရက်အိုးမှ နောက်ဆုံးလက်ကျန် အရက်ကို ငှဲ့ကာသောက်လိုက်သည်။



အရက်ခွက်ကို စားပွဲပေါ်ပြန်ချလိုက်ချိန်တွင် စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လာသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူ၏ ပုံပန်းသဏ္ဌာန်မှာ တစ်စုံတစ်ခုသော အကြောင်းကြောင့် အရေးတကြီးဖြစ်နေပုံမျိုးရှိလေသည်။

ဝူးလောက်ရယ်သည် ထိုလူအားတွေ့ရလျှင်....

'ဝူကြွား....မင်း နောက်ကျလှချည်လား'

ဟု လှမ်းပြောလိုက်၏။

မှန်ပေသည်။

ဆိုင်ထဲဝင်လာသူမှာ ဝူကြွားဖြစ်လေသည်။

ဝူကြွားသည် ဝူးလောက်ရယ်အား တွေ့မြင်သွားပြီး ခပ်သုတ်သုတ် လျှောက်လာပါသည်။

ဝူးလောက်ရယ်ကို ဦးညွှတ်ရင်း....

'သခင်ကြီး....အခြေအနေကတော့ သူတို့ဘက်က အရေးသာသွားပြီ'

ဟု ပြောလေသည်။

ဝူးလောက်ရယ် မျက်မှောင်ကြုတ်သွားပြီး....

‘ထိုင်စမ်းပါဦး၊ ငါနားလည်အောင် ရှင်းရှင်းလင်းလင်း ပြောစမ်းပါဦး’

ဟု အမိန့်ပေးလိုက်၏။

ဝူကြွားက ထိုင်ခုံတစ်လုံးဆွဲကာ ထိုင်ချလိုက်ပြီး....

‘ကျုပ်က မိုးနဂါးဂိုဏ်းချုပ်လုပ်ကြံခံရတဲ့ကိစ္စမှာ မိုးနဂါးဂိုဏ်းက အတွင်းလူတွေရဲ့ ပယောဂမကင်းဘူးလို့ သံသယဖြစ်ပြီး စုံစမ်းနေချိန်မှာပဲ ကျင်းလိန် မြို့စားရဲ့ လူတွေက မိုးနဂါးဂိုဏ်းချုပ်အသစ် ယင်းဟုန်ကို ဖမ်းဆီးသွားကြပါတယ်’

‘ဟေ....’

ဝူးလောက်ရယ် တအံ့တသြဖြစ်သွားလေသည်။

ဝူကြွားက....

‘ယင်းဟုန်ဟာ ဂိုဏ်းချုပ်တုဒဝသင်းကိုလုပ်ကြံဖို့ ခိုဖြူဆိုတဲ့ လူနဲ့ သက်သွယ်ပြီး ကြေးစားငါးယောက်ကို ငှားရမ်းခဲ့တယ်လို့ သိရပါတယ်၊ အဲဒီ ကြေးစားတွေကို ကျင်းလိန်မြို့စားဂေဟာထဲ ဝင်နိုင်အောင် သူကပဲ စီစဉ်ပေးခဲ့တယ်လို့ သိရပါတယ်’

ဝူးလောက်ရယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့သည်။



‘ဒါ....ဒါ တကယ်ပဲလား’

‘သိုင်းလောကမှာ ဟိုးလေးတကျော်ဖြစ်နေပါပြီ၊ ယင်းဟုန်ကိုယ်တိုင်က မငြင်းသာတဲ့ အမှန်ကို ထုတ်ဖော်ဝန်ခံလိုက်ပြီလို့ သိရပါတယ်’

‘တောက်....’

ဝူးလောက်ရယ် ခံပြင်းစွာ တက်ခေါက်လိုက်လေသည်။

‘ငါတို့လဲ အစွမ်းကုန်ကြိုးစားပြီး တရားခံကို ရှာနေကြတာပါ၊ ကျင်းလိန်မြို့စားက ဘယ်လိုလုပ်ပြီး သတင်းရသွားတာလဲ’

ဟု မကျေမနပ် ရေရွတ်လိုက်လေသည်။

ထိုစဉ်....

‘မေဖော့ရဲ့ကျေးဇူးကြောင့် သူတို့မမျှော်လင့်တဲ့ ကံကောင်းသွားခဲ့ကြတာပါ’

စကားသံနှင့်အတူ ဝူးဟာန်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ကြရလေသည်။

* * *

ဦးဟန် ရောက်လာပြီဖြစ်သည်။

ဦးဟန်က ခုံတစ်လုံးဆွဲကာ နေရာယူပြီးသည်နှင့် ဦးလောက်ရယ်က....

'ငါ့ကျေးဇူးကြောင့်ဆိုတာ ဘာကိုဆိုလိုတာလဲ ရှင်းစမ်းပါဦး'

ဟု မေးလေသည်။

ဦးဟန်က....

'ဖေဖေဟာ ကြေးစားလောကထဲကို ထိုးဖောက်ပြီး စုံစမ်းရင်း ခိုဖြူဆီကို ရောက်သွားတယ်မဟုတ်လား'

'အေးလေ၊ အဲဒါဘာဖြစ်သလဲ'

'ခိုဖြူဟာ ကြေးစားငါးယောက်ရဲ့ခေါင်းဆောင်နဲ့ အပေးအယူ ရှိတဲ့လူပေါ့၊ သိုင်းလောကတစ်ခုလုံးက မြေလှန်ရှာနေကြတော့ သူတို့အကြောင်း ပေါ်သွားမှာ စိုးရိမ်တဲ့ကြေးစားတွေက ခိုဖြူကို နှုတ်ပိတ်ပစ်ဖို့ ကြံစည်ကြတယ်၊ ဒါကို ခိုဖြူက ရိပ်မိတော့ တကယ်လို့ သူအသတ်ခံရရင် အဖြစ်မှန်ကို ဖွင့်ချမယ်လို့ ခြိမ်းခြောက်တယ်၊ လျှို့ဝှက်စာတစ်စောင်ရေးပြီး သူစိတ်ချရတဲ့လူတစ်ယောက်ဆီမှာ အပ်ထားလိုက်တယ်'

ဦးလောက်ရယ် တွေဝေသွားသည်။



အတန်ကြာအောင်စဉ်းစားပြီးမှ....

'ငါသဘောပေါက်ပြီ၊ ကြေးစားတွေက သူတို့အကြောင်းပေါ်မှာစိုးလို့ ခိုဖြူကို မထိရဲကြတော့ဘူး၊ ဒါပေမယ့် ငါနဲ့တွေ့တော့ ခိုဖြူသေသွားတယ်၊ သူ့မိတ်ဆွေကလဲ ခိုဖြူသေပြီဆိုတာ သိတာနဲ့ လျှို့ဝှက်စာကို ကျင်းလိန်မြို့စားဆီကို ပို့လိုက်တာပေါ့၊ ဟုတ်လား'

ဟု ပြောလေသည်။

ဦးဟန် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဖေဖေ'

'စာထဲမှာ ဘာတွေရေးထားသလဲ'

'ကြေးစားလူသတ်သမား ခေါင်းဆောင်အကြောင်း ရေးထားပါတယ်'

'ဒါဆို'

'အဲဒီလူဟာ စာပေသမားဖုံးစုရဲ့ပါ'

'ဘာကွ'

ဦးလောက်ရယ် အံ့ဩသွားသည်။

တိုင်းပြည်နှင့်အဝှမ်း ကျော်ကြားနေသော စာပေသမား ဖိုးစုရဲမှာ ကြေးစားလူသတ်သမားများ၏ ခေါင်းဆောင်ဖြစ်နေသည်ကို မည်သည့်နည်းနှင့်မျှ မယုံကြည်နိုင်ပါချေ။

ဦးဟန်က...

'ကျွန်တော်လဲ ကျင်းလိန်မြို့စားနဲ့အတူတူ ဖိုးစုရဲ့ဆီကိုရောက်ပြီးပါပြီ၊ သူက မငြင်းဘဲ ဝန်ခံပါတယ်'

'တောက်'

ဦးလောက်ရယ်သည် တက်ခေါက်ကာ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး....

'မင်းက သူ့ကို မဆုံးမလိုက်ဘူးလား'

ဟု မေးလေသည်။

ဦးဟန်က....

'သူ့ကို ဆုံးမလို့မရတဲ့အပြင် လွှတ်ပေးရဦးမှာပါဗျ'

'ဘာကွ...ဘာပြောတယ်'

ဦးဟန်က ဖိုးစုရဲ အကျပ်ကိုင်ခဲ့ပုံများကို ပြောပြလိုက်လေသည်။



ဦးလောက်ရယ် ဒေါသခြောင်းခြောင်းထွက်နေသည်။

'သူက နယ်ခြားကို ထွက်ပြေးလို့ကော ငါတို့လက်ထဲက လွတ်မှာလား'

ဟု ကြုံးဝါးလိုက်၏။

ဦးဟန်က....

'မိုးနဂါးဂိုဏ်းက ယင်းဟုန်ကိုဖမ်းမိထားပါပြီ၊ ဖိုးစုရဲ့ အဝမှန်ကိုလဲ ဖော်ထုတ်နိုင်ပါပြီ၊ လွတ်မြောက်နေတာကတော့ ဖိုးစုရဲ့ တပည့်ငါးယောက်ပါပဲ၊ သူတို့ကိုဖမ်းမိဖို့ အရေးကြီးပါတယ်၊ အဲဒီငါးယောက်ထဲမှာ ကျွန်တော့်သားကို သတ်သွားတဲ့လူ ပါနေတယ်ဖေဖေ'

ဦးလောက်ရယ် အာရုံပြောင်းသွားလေတော့သည်။

'အဲဒီငါးယောက်က ဘယ်သူတွေလဲ'

ဟု ကောက်ကာငင်ကာမေးသည်။

ဦးဟန်က....

'မသိရသေးပါဘူးဖေဖေ၊ ဖိုးစုရဲ ခရီးထွက်လို့ ခရီးဆောင်စခန်းတစ်ခုကိုရောက်တာနဲ့ ဘယ်သူဘယ်ဝါတွေဆိုတာ တစ်ခုချင်း ပြောပြသွားမှာပါ'

ဦးလောက်ရယ်က....

'ဒီကောင်က လူလည်ပဲကွ၊ သူ့ကို အလွတ်ပေးလို့မဖြစ်ဘူး'

'ဟုတ်ပါတယ်ဖေဖေ၊ ဒါပေမယ့် ခုချိန်မှာတော့ သူ့ကို ဘယ်သူမှလက်ဖျားနဲ့တို့လို့မရအောင် ကျင်းလိန်မြို့စားက စောင့်ကြပ်ထားပါတယ်'

'အေးပေါ့လေ၊ သူအသက်ရှင်နေမှ သူ့တပည့်တွေ အကြောင်း သိရမယ် မဟုတ်လား'

ဦးဟန်က....

'စိတ်ချပါဖေဖေ၊ သူ့တပည့်တွေကို ဖော်ထုတ်ပြီးတာနဲ့ သူ့ကို ကျွန်တော်ကိုယ်တိုင် သုတ်သင် ရှင်းလင်းပစ်လိုက်ပါမယ်'

ဦးလောက်ရယ် ခေါင်းခါယမ်းလိုက်သည်။

'လူတိုင်းက သူ့အပေါ် ဒီလိုပဲ သဘောထားကြမယ်ဆိုတာ ဖုံးစုရဲက မတွေးမိဘူးလို့ မင်းထင်သလား၊ သူဟာ နောက်ဆုံး တပည့်အကြောင်း ဖော်ထုတ်ပြီးတာနဲ့ အားလုံးကို လှည့်စားပြီး ခြေရာဖျောက်သွားလိမ့်မယ်'

ဦးဟန်နှင့် ဦးကြွားတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။



ဦးလောက်ရယ်သည် အလွန်အမင်း အကင်းပါးသူ တစ်ယောက် ဖြစ်သည်။

ယခုဖြစ်ရပ်တွင် ခိုဖြူထံသို့ အရောက်သွားနိုင်ခဲ့သူ မဟုတ်ပါလား။ ကျင်းလိန်မြို့စားတို့ ဗျာများနေချိန်တွင် ဦးလောက်ရယ်သည် တကာယ့်ဘရားခံအစစ်များနှင့် လက်ဘက်ကမ်းအကွာသို့ပင် အရောက်လှမ်းနိုင်ခဲ့သူ ဖြစ်သည်။

အဖြစ်မှန် ပေါ်ပေါက်လာခြင်းမှာလည်း သူ၏ ကြိုးစားအားထုတ်မှုကြောင့်ဟု ဆိုလျှင် မှားမည်မဟုတ်ချေ။

ယခုလည်း ဖုံးစုရဲသည် လှည့်စားပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးလိမ့်မည်ဟူ၍ တွက်ဆလိုက်ရာ မှားမည်မဟုတ်ကြောင်း ဦးဟန်တို့ သဘောပေါက်သိုက်ကြလေသည်။

ဦးလောက်ရယ်က....

'သိုင်းလောကသားတွေက သူ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြမယ်ဆိုတာကို သူသိတယ်၊ ဒါကြောင့် လှည့်စားပြီး ကိုယ်လွတ်ရုန်းထွက်နိုင်အောင် သူ့ကိုကူညီမယ့်သူ တစ်ယောက်ရှိရလိမ့်မယ်၊ အဲဒီလူ ဘယ်သူလဲဆိုတာ သိရရင် သူဟာ ငါတို့ လက်ထဲကနေပြီး ဘယ်လိုမှ ပြေးမလွတ်နိုင်တော့ဘူး'

ထိုစကားကြားလျှင် ဦးဟန်တို့ ဝမ်းသာသွားကြလေသည်။

ဦးဟန်က....

'ဟုတ်တယ်ဖေဖေ၊ သူထွက်ပြေးလိမ့်မယ်ဆိုတာ အားလုံး ရိပ်မိကြတယ်၊ ဒါပေမယ့် သူ့မှာ ဘယ်လို အစီအစဉ်ရှိတယ် ဆိုတာတော့ ဘယ်သူမှ မသိကြဘူး'

ဦးလောက်ရယ်က....

'ဖုံးစုရဲမှာ အင်မတန် လိမ္မာရေးခြားရှိတဲ့ ဇနီးသည် တစ်ယောက် ရှိတယ်ဆိုတာ ငါကြားဖူးတယ်၊ မင်းတို့ သူ့ကို တွေ့သလား'

ဦးဟန် ရင်ထိတ်သွားသည်။

'မတွေ့ဘူးဖေဖေ'

ဦးလောက်ရယ် သဘောကျစွာ ပြုံးလိုက်သည်။

'ကောင်းပြီ၊ သူ့ကို တွေ့အောင်ရှာပါ၊ သူ့ကိုတွေ့တာနဲ့ ဖုံးစုရဲဟာ ငါတို့လက်က ဘယ်လိုမှ ပြေးမလွတ်နိုင်တော့ဘူး၊ ကျင်းလိန်မြို့စားတို့ထက် ငါတို့ ခြေတစ်လှမ်းဦးလိမ့်မယ်'

ဦးဟန်တို့ ဝမ်းသာသွားကြသည်။

ဖုံးစုရဲ၏ ဇနီးသည်အား ရှာဖွေရန် လျှို့ဝှက်စွာ တိုင်ပင် ဆွေးနွေးလိုက်ကြလေတော့သည်။

* * *



စာပေသမား ဖုံးစုရဲ၏ အိမ်လေးမှာ သန့်ရှင်းသပ်ရပ်နေပြီး နေချင့်စဖွယ် ကောင်းလှပေသည်။

အိမ်ကလေးနှင့် မလှမ်းမကမ်း၌ ဈေးဆိုင် တစ်ဆိုင်တွင် လူရွယ်တစ်ယောက် ရောက်ရှိနေပါ၏။

ထိုလူရွယ်မှာ ဟောင်းနွမ်းသော အဝတ်အစားများ ဝတ် ထားပြီး ဆင်းရဲနွမ်းပါးသူတစ်ယောက်အသွင် ရှိလေသည်။

ယခု....

ဈေးဆိုင်မှ သစ်တော်သီးအချို့ကို ဈေးဆစ်နေ၏။

ဆိုင်ရှင်က....

'ကျုပ် ဒီထက်ပိုပြီးမလျှော့နိုင်တော့ဘူး၊ မင်းဝယ်ချင်ဝယ် မဝယ်ချင်နေ'

ဟု ငေါက်လိုက်မှ....

'ကောင်းပါပြီ၊ ဝယ်ပါ့မယ်ကွာ'

သစ်တော်သီးသုံးလုံးဝယ်ကာ ဈေးဆိုင်ထဲမှ ထွက်သွား လေသည်။

ထိုလူရွယ်သည် ခြေလှမ်းမှန်မှန်ဖြင့် ဖုံးစုရဲ၏အိမ်ရှေ့မှ ဖြတ် လျှောက်သွားလေသည်။

သူ၏မျက်လုံးများသည် ရှေ့တည့်တည့်သို့မကြည့်ဘဲ ဖုံးစုရဲ၏ အိမ်သို့ မသိမသာ အကဲခတ်ကြည့်နေပါ၏။

ထိုလူရွယ်မှာ အခြားသူမဟုတ်ပါ။ ဖုံးစုရဲ၏ တပည့် ငါးယောက်တွင် တစ်ယောက်အပါဖြစ်သော ပဲပြားသည့်ထင်စန်း ဖြစ်လေသည်။

ကြေးစားငါးယောက်တွင် မိန်းမပွေ့သူပွေ့၊ လောင်းကစား လုပ်သူလုပ်၊ အရက်သောက်သူသောက် အကျင့်စရိုက်အမျိုးမျိုး ရှိကြသော်လည်း ထင်စန်းကား ဘယ်သောအခါမှ ရှုပ်ရှုပ်ပွေပွေ မနေခဲ့ပါချေ။

မိုးနဂါးဂိုဏ်းချုပ်အား လုပ်ကြံပြီးသည့်နောက်ပိုင်း သိုင်းလောကသားများက သူတို့အားသဲကြီးမဲကြီးရှာဖွေနေကြောင်း သိရလျှင် သိုသိုသိပ်သိပ် နေထိုင်ခဲ့လေသည်။

သူတို့အကြောင်း ရန်သူသိသွားနိုင်သည့် တစ်နေရာတည်းသာ ရှိပြီး ဖုံးစုရဲထံမှ ဖြစ်ကြောင်း နားလည်ထားလေသည်။

ထို့ကြောင့်....

ဖုံးစုရဲထံသို့ လာရောက်အကဲခတ်ခြင်း ဖြစ်ပေသည်။

ထင်စန်းဖြတ်လျှောက်သွားစဉ် အိမ်ထဲမှ လူတစ်ယောက်က တံမြက်စည်းတစ်ချောင်းကိုင်ကာ ထွက်လာပြီး အိမ်ရှေ့၌ သန့်ရှင်းရေး လုပ်နေသည်ကို တွေ့ရလေသည်။



ထင်စန်းအံ့သြသွားသည်။

'အစ်ကိုကြီးဟာ အိမ်သန့်ရှင်းရေးကို ကိုယ့်ဘာသာ လုပ်တတ်တယ်၊ ခု ဘယ်ကလူတွေ ရောက်နေတာပါလိမ့်'

ဟု တွေးမိသည်။

အခြေအနေမဟန်မှန်းလည်း ရိပ်မိလိုက်လေသည်။

'တစ်ခုခုတော့ မှားနေပြီ၊ သိုင်းလောကသားတွေဟာ မိုးနဂါးဂိုဏ်းချုပ်ကို လုပ်ကြံတဲ့ကိစ္စမှာ အစ်ကိုကြီးပါဝင်တယ် ဆိုတာ သိသွားကြပြီလား'

ထင်စန်း ထိုသို့တွေးတောစဉ်....

'ခွပ်...ခွပ်...ခွပ်....ခွပ်'

'ဘေးကို...ဘေးကို'

မြင်းခွာသံများနှင့်အတူ အော်ငေါက်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထင်စန်း ကပျာကယာ လမ်းဘေးသို့ဆင်းကာ ရှောင်လိုက်လေသည်။

တစ်ဟုန်ထိုး မောင်းနှင်လာသောမြင်းလှည်းသည် ထင်စန်းကိုဖြတ်ကျော်ကာ ဖုံးစုရဲ၏ခြံထဲသို့ မောင်းဝင်သွား၏။

ထင်စန်း ပိုပြီးရင်လေးသွားသည်။

မျှော်လင့်မထားသော အခြေအနေကို တွေ့နေရသည်မဟုတ်ပါလား။

ထင်စန်းအကဲခတ်ကြည့်နေစဉ် အိမ်ထဲမှ လူတစ်စု ထွက်လာကြသည်ကို တွေ့လိုက်ရလေသည်။

ဖိုးစုရဲ့အား လူတစ်စုက ခြံရှိကာ ခေါ်ဆောင်လာခြင်းဖြစ်လေသည်။

ဖိုးစုရဲ့သည် ထိုလူစုနှင့် ရယ်ရယ်မောမော စကားပြောဆိုလာပါသည်။ ဖိုးစုရဲ့အားခြံရှိကာ လိုက်လာသူများကိုမြင်လျှင် ထင်စန်းမျက်နှာပျက်သွားလေတော့သည်။

'အင်း....ကျင်းလိန်မြို့စားနဲ့ သိုင်းသမားကြီးတွေပါလား'

မှန်ပေသည်။

ဖိုးစုရဲ့က ဝန်ခံလိုက်သဖြင့် မိုးနဂါးဂိုဏ်းမှ ယင်းဟုန်အား ဖမ်းဆီးနိုင်ခဲ့ကြပြီဖြစ်သည်။

ယင်းဟုန်က အမှန်အတိုင်း ဝန်ခံလိုက်ပြီဖြစ်သည်။

မိုးနဂါးဂိုဏ်းချုပ် တုဝေယင်း လုပ်ကြံခံရသည့် အဖြစ်မှန်အတိုင်း ပေါ်ပေါက်လာပြီဖြစ်သည်။



သို့သော်....

ယက်မချို့ကြေးစားငါးယောက်မှာ လွတ်မြောက်နေကြပါသေးသည်။

ဖိုးစုရဲ့အား လွတ်ပေးကာ ကြေးစားငါးယောက်အား ဖမ်းဆီးဖို့ စီစဉ်နေကြခြင်းဖြစ်ပေသည်။

ဖိုးစုရဲ့က မြင်းလှည်းပေါ် တက်လိုက်သည်နှင့် မြင်းလှည်းသမားက ချက်ချင်းပင် အိမ်ရှေ့မှ မောင်းထွက်သွားလေသည်။

ထင်စန်းမနေနိုင်တော့ပါ။ မြင်းလှည်းနောက်သို့ နောက်ယောင် ခံလိုက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်....

'ငါ့မြေး အဘွားကို သစ်တော်သီးလေး တစ်လုံးလောက် ကျွေးပါလားကွယ်'

စကားသံတစ်ချက်ထွက်ပေါ်လာသဖြင့် ထင်စန်းခြေလှမ်းတုံ့ခနဲရပ်သွားလေသည်။

လှည့်ကြည့်လိုက်ရာ အဘွားအိုတစ်ယောက် ရောက်လာသည်ကို တွေ့ရ၏။

ထင်စန်း သက်ပြင်းချလိုက်မိသည်။

'ကျန်းရှူ… မင်းကိုး'

အဘွားအိုမှာ ကြေးစားငါးယောက်တွင် ပါဝင်သည့် အဘွားအို ဇစ်ပိုင်းကျန်းရှူဖြစ်လေသည်။

ကျန်းရှူက….

'ငေးမနေနဲ့ ငါ့နောက်လိုက်ခဲ့'

ဟု ပြောပြီး ခပ်သုတ်သုတ်လျှောက်သွား၏။

ထင်စန်းလည်း မနေနိုင်တော့ဘဲ လိုက်သွားရလေသည်။

ထိုအချိန်တွင်….

ကျင်းလိန်မြို့စားသည် ပထမခရီးထောက်စခန်းသို့ ရောက်သည်နှင့် ဖုံးစုရဲထံမှသိရမည့်ကြေးစားကို အမိဖမ်းရန် ကြိုတင်စီစဉ်နေကြလေသည်။

ဖုံးစုရဲသည် ကြေးစားငါးယောက်အနက် မည်သူ့အား အရင်ဆုံးသစ္စာဖောက်လိမ့်မည်နည်း။

* * *

အရက်ဆိုင်လေး၏ ချောင်ကျကျ ဆိုင်ထောင့်တစ်နေရာ၌ ထင်စန်းနှင့် ကျန်းရှူတို့နေရာယူလိုက်ကြလေသည်။



ထင်စန်းက….

'ကျန်းရှူ….အစ်ကိုကြီးရဲ့အိမ်မှာ ကျင်းလိန်မြို့စားနဲ့ သိုင်းလောကသားတွေရောက်နေကြတယ်ကွ'

ဟု ပြောလိုက်သည်။

ကျန်းရှူက….

'မင်းထက်အရင် ငါသိတာပေါ့'

'ဒါဆို ဘာတွေဖြစ်နေတာလဲ ပြောစမ်းပါဦး'

'ငါ့စိတ်ထင်….အစ်ကိုကြီးသစ္စာဖောက်လိုက်ပြီကွ'

'ဟေ'

မမျှော်လင့်ဘဲကြားလိုက်ရသည့် စကားကြောင့် ထင်စန်း ထိတ်လန့်သွားလေသည်။

ကျန်းရှူကို မျက်လုံးကြီးပြူးကာကြည့်ရင်း….

'အစ်ကိုကြီး သစ္စာဖောက်လိုက်ပြီ ဟုတ်လား'

'အေး….ခိုဖြူလေးသေပြီ၊ ဓားခြံဝင်းပိုင်ရှင် ဝူးလောက်ရယ်ရဲ့လက်ချက်မိသွားတာပဲ'

'ဟာ'

ထင်စန်း မျက်နှာပျက်သွားသည်။

အခြေအနေမဟန်မှန်း တစ်စတစ်စ သဘောပေါက်သွားလေသည်။

ကျန်းရှူက....

'တို့တစ်တွေ မိုးနဂါးဂိုဏ်းချုပ်ကိုလုပ်ကြံတုန်းက လူငယ်တစ်ယောက်ကို ဝမ်းလီရှင်းပစ်လိုက်တာ မှတ်မိတယ်မဟုတ်လား'

'ဟုတ်တယ်လေ....ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ ဒီလူငယ်ဟာ ဓားခြံဝင်းပိုင်ရှင်ရဲ့မြေးဖြစ်နေလို့ပေါ့'

ထင်စန်း ခေါင်းခါယမ်းလိုက်သည်။

'မလွယ်ပါလား၊ ဓားခြံဝင်းကလူတွေဟာ အတော်ကိုကြောက်စရာကောင်းတယ်၊ သူတို့ရဲ့ရန်သူကို ဘယ်တော့မှချမ်းသာပေးတာမဟုတ်ဘူး'

'အေး....ဓားခြံဝင်းပိုင်ရှင်ကိုယ်တိုင် သိုင်းလောကထဲဆင်းပြီး ငါတို့ကိုရှာနေတယ်၊ ကြေးစားလောကကိုမွှေနှောက်ပြီး ခိုဖြူဆီကိုအရောက်သွားနိုင်ခဲ့တာပဲ'



ထင်စန်းမှာ နောက်ကျောမလုံသလို ခံစားလိုက်ရလေသည်။

ကျန်းရှူက....

'ငါလဲဒီသတင်းကြားတာနဲ့ အစ်ကိုကြီးရဲ့ အခြေအနေကို လာကြည့်တာပဲ၊ ကျင်းလိန်မြို့စားနဲ့ သိုင်းလောကသားတွေ ရောက်နေကြတော့ အစ်ကိုကြီးဟာ ငါတို့အပေါ်မှာ သစ္စာဖောက်လိုက်ပြီလို့ ရိပ်မိလိုက်တာပေါ့'

ထင်စန်းက....

'အစ်ကိုကြီးအပေါ် အရမ်းမစွပ်စွဲပါနဲ့၊ အကြံအစည်တစ်ခုခုရှိချင်ရှိနေနိုင်တာပေါ့၊ အစ်ကိုကြီးအကြောင်းက မင်းသိသားပဲ'

ကျန်းရှူက....

'ငါတော့ ခုချိန်မှာ ဘယ်သူ့ကိုမှ မယုံနိုင်တော့ဘူးကွ'

ထင်စန်း သက်ပြင်းချလိုက်သည်။

ကျန်းရှူပြောသလို မည်သူ့ကိုမျှ မယုံကြည်ရသည့် အခြေအနေ ရောက်နေပြီ မဟုတ်ပါလား။

ကျန်းရှူက...

'အစ်ကိုကြီး ဘယ်ကိုသွားတာလဲဆိုတာ မင်းမသိချင်ဘူးလား'

ဟု မေးသည်။

ထင်စန်းက....

'ဘယ်သွားတာလဲ'

'ငါလဲမသိဘူး'

'ဟာ'

'ငါလဲသိချင်တယ်ကွ'

'ဒါဖြင့် တို့တစ်တွေ တိတ်တဆိတ် ခြေရာခံပြီး လိုက်သွားရင်ကောင်းမယ်တင်တယ်'

ကျန်းရှူက....

'အေး....ငါစဉ်းစားမိတာပေါ့၊ ဒါပေမယ့် အစ်ကိုကြီးက သူတို့နဲ့ပူးပေါင်းပြီး ငါတို့ကို သစ္စာဖောက်လိုက်ပြီဆို ဘယ်လိုလုပ်မလဲ'

'အို....အစ်ကိုကြီး သစ္စာဖောက်မှာ မဟုတ်ဘူး၊သစ္စာဖောက်လိုကော သူလဲလွတ်ပါ့မလား၊ ငါတို့နဲ့အတူတူ သူ့မှာလဲအပြစ်ရှိတာပဲ'



'အေး....ဒါလဲဟုတ်တာပဲ'

ကျန်းရှူ စိတ်ပြောင်းသွားသည်။

ထင်စန်းက....

'လာကွာ....လိုက်ကြည့်ရအောင်'

'ကောင်းပြီ'

ကျန်းရှူ သဘောတူလိုက်သည်။

သူတို့နှစ်ယောက် ထိုင်ရာမှထကာ အရက်ဖိုးရှင်းပေးလိုက်ကြပြီး အရက်ဆိုင်ထဲမှ လျှင်မြန်စွာ ထွက်သွားကြလေဘော့သည်။

* * *

လိုဝမ်မြို့....

လိုဝမ်မြို့သည် တောင်ပိုင်းသို့သွားရာ လမ်းကြောင်းပေါ်၌တည်ရှိပြီး ခရီးတစ်ထောက်နားစခန်းဖြစ်လေသည်။

ယခု....

ရှာကု မောင်းနှင်လာခသော မြင်းလှည်းသည် လိုဝမ်မြို့သို့ ရောက်ရှိလာပြီဖြစ်လေသည်။

ရှာကုကိုယ်တိုင် မောင်းနှင်လာသည့် မြင်းလှည်းထဲ၌ အစ်ကိုကြီး ဖုံးစုရဲ လိုက်ပါလာပါသည်။

လိုဝမ်မြို့သို့ရောက်လျှင် ရှာကုက....

'ဖုံးစုရဲ....ပထမခရီးတစ်ထောက်နား စခန်းကို ရောက်ပြီ၊ ခင်ဗျားပြောစရာရှိတာ ပြောပေတော့'

ဟု မေးလိုက်သည်။

ဖုံးစုရဲက....

'စိတ်ချ....ကျုပ်ကတိအတိုင်း ပြောပြမှာပါ၊ ကျုပ်လူငါးယောက်မှာ လူမမာဝမ်းသီဟာ တစ်ယောက်အပါအဝင်ဖြစ်တယ်၊ သူဟာ....'

ဝမ်းသီအကြောင်း ခရေစေ့တွင်းကျပြောပြလိုက်သည်။

ရှာကု ကျေနပ်သွားလေသည်။

'ကောင်းပြီလေ၊ ဝမ်းသီကိုဖမ်းမိတာနဲ့ ခင်ဗျားကို ရှေ့ခရီးဆက်ခွင့် ပြုပါမယ်'



'ရပါတယ်ဗျာ၊ နားနားနေနေ ခရီးသွားရတာ ပိုပြီးအဆင်ပြေပါတယ်'

ဖုံးစုရဲက သဘောတူလိုက်သည်။

ရှာကုသည် ဝမ်းလီ၏ အကြောင်းကို ကျင်းလိန်မြို့စားထံ သတင်းပို့လိုက်သည်။

ထို့နောက်....

လိုဝမ်မြို့တွင် ဖုံးစုရဲနှင့်အတူ တည်းခိုနေထိုင်ရင်း အခြေအနေ စောင့်ကြည့်နေလိုက်လေတော့သည်။

* * *

နံနက်ခင်း နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

လေပြည်လေညင်း ဝှေ့ယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင် သင်းပျံ့သော ပန်းရနံ့များ လွင့်ပျံ့လာလေသည်။

'အဟွပ်....အပ်ဟုပ်'

ချောင်းဆိုးသံများ ထွက်ပေါ်လာသည်။

လူတစ်ယောက်သည် ခါးကိုင်းသွားအောင်ချောင်းဆိုးရင်း နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် လှမ်းလာနေသည်။

ထိုလူ၏ ခြေလှမ်းများသည် မြို့အရှေ့ဘက် လမ်းဘေးရှိ ညောင်ပင်ကြီးဆီသို့ ဦးတည်နေပါ၏။

ထိုညောင်ပင်ကြီးတွင် တခမ်းတနားဆောက်လုပ်ထားသော နတ်ကွန်းတစ်ခုရှိနေပါ၏။

ချောင်းတဟွပ်ဟွပ်ဆိုးကာ လျှောက်လာသူမှာ ဝမ်းလီဖြစ်ပါသည်။ ဝမ်းလီသည် နတ်ကွန်းရှေ့သို့ ရောက်လာလျှင် အသင့်ယူလာသော အမွှေးတိုင်များ ထွန်းညှိကာ ပူဇော်ပသလိုက်သည်။

အမွှေးတိုင်ထွန်းညှိသည့် ကြေးအိုးကို ဖယ်ရှားလိုက်သောအခါ စာရွက်ခေါက်လေးတစ်ခေါက် ရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်။

'ဟင်...'

ဝမ်းလီ တအံ့တသြဖြစ်သွားသည်။

အစ်ကိုကြီး (၀၁) ဖုံးစုရဲသည် သူတို့အား လှုပ်ရှားခြင်းမပြုဘဲ ဇာတ်မြုပ်နေရန် အမိန့်ပေးထားသည် မဟုတ်ပါလား။



ယခု...

ဖုံးစုရဲက သူ့အား ဆက်သွယ်လာပြီဖြစ်ပါသည်။

'အကြောင်းထူးတစ်ခုခုတော့ ရှိနေပြီထင်တယ်'

ဝမ်းလီက တွေးရင်း စာရွက်ခေါက်လေးကိုယူကာ ဖြန့်ကြည့်လိုက်လေသည်။

ထိုအခါ စာထဲ၌...

ဝမ်းလီ...

'မင်းပြေးလို့မလွတ်တော့ဘူး အဖမ်းခံပါ'

ကျင်းသိန့်မြို့စား

ဟုရေးသားသည်ကို တွေ့ရလေသည်။

'ဟိုက်....'

ဝမ်းလီထိတ်လန့်သွားသည်။

အခြေအနေမဟန်မှန်း ချက်ချင်းရိပ်မိလိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

ရုတ်တရက်....

လူတစ်စုထွက်ပေါ်လာပြီး သူ့အား ဝိုင်းရံထားလိုက်ကြလေတော့သည်။

ဝမ်းလီ၏တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ကျင်းလိန်မြို့စားသည် သူ့အား ခြေရာခံမိသွားပြီဖြစ်ပါသည်။

သိုင်းလောကသားများသည် သူတို့အား သဲကြီးမဲကြီးရှာဖွေနေကြသည်ဖြစ်ရာ တစ်နေ့နေ့တစ်ချိန်ချိန်၌ သူ့အား ခြေရာခံမိသွားမည်ဟု နားလည်ထားသည်။

သို့သော်....

ယခုလောက် မြန်မြန်ဆန်ဆန်ကြီး ဖြစ်ပျက်လာမည်ဟု မထင်မိခဲ့ချေ။

ဝမ်းလီအား ဝိုင်းရံထားကြသူများအား ဝူးဟာန်နှင့် ကျင်းလိန် မြို့စားတို့က ဦးဆောင်လာကြခြင်းဖြစ်လေသည်။

ကျင်းလိန်မြို့စားက....

'ဝမ်းလီ မင်းစာဖတ်ပြီးပြီ မဟုတ်လား၊ အေးအေးဆေးဆေး အဖမ်းခံရင် ကောင်းမယ်'

ဟု ပြောလေသည်။



ဝမ်းလီက....

'နေပါဦး ကျုပ်မှာဘာအပြစ်ရှိလို့လဲ၊ ခင်ဗျားတို့ ဘယ်သူတွေလဲ ဘာကြောင့် ကျုပ်ကို ဖမ်းဆီးချင်ကြတာလဲဗျ'

ဟု ပြန်မေးလိုက်သည်။

ရုတ်တရက် ဝန်မခံဘဲ လွတ်ရာလွတ်ကြောင်းရှာဖွေကြိုးစားလိုက်ခြင်း ဖြစ်လေသည်။

ကျင်းလိန်မြို့စားက....

'ဝမ်းလီ မင်းအကြောင်းကို ငါတို့အားလုံးသိပြီးပြီ၊ ငြင်းဖို့ မကြိုးစားနဲ့တော့ မရဘူး'

'နေပါဦး ခင်ဗျားကဘယ်သူလဲ'

ကျင်းလိန်မြို့စားက တည်ကြည်သော မျက်နှာထားဖြင့်....

'ကျင်းလိန်မြို့စားဆိုတာ ငါပဲ'

'ဪ'

'ဝမ်းလီ ဒူးထောက်လိုက်ပါ'

ဝမ်းလီက....

'မြို့စားကြီးကိုယ်တိုင် လိုက်လာမှတော့ ကျုပ် ငြင်းလဲ မငြင်းတော့ပါဘူး၊ ထွက်ပြေးဖို့လဲ မကြိုးစားပါဘူး။ ဒါပေမယ့် တစ်ခုတော့ မေးပါရစေ'

ကျင်းလိန်မြို့စားက....

'မေးပါ'

'ကျုပ်တို့အကြောင်းကို ဘယ်လိုလုပ် သိသွားကြတာလဲ၊ ဘယ်လိုလုပ် ခြေရာကောက်မိကြတာလဲ'

ကျင်းလိန်မြို့စား ပြုံးလိုက်သည်။

'မင်းဘယ်မှာရှိနေတယ်ဆိုတာကို မင်းတို့ရဲ့အစ်ကိုကြီး ဖုံးစုံရဲ့ကိုယ်တိုင်က ညွှန်ပြလိုက်လို့ပေါ့ကွာ'

'ဟင်....'

ဝမ်းလီ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

'လက်စသတ်တော့ အစ်ကိုကြီးကသစ္စာဖောက်တာကိုး'

'ဟုတ်တယ်'

'နေပါဦး သူက ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ ဆုငွေ မက်လို့တော့ မဖြစ်နိုင်ဘူး'



ကျင်းလိန်မြို့စားက....

'မဟုတ်ပါဘူးကွာ၊ သူက ကိုယ်လွတ်ရုန်းလိုက်တာပါ၊ သူ့ကိုလွတ်ပေးမယ်ဆိုရင် မင်းတို့ကို ဖော်ထုတ်ပေးမယ်လို့ ကျုပ်တို့ကို အပေးအယူလုပ်ခဲ့တာပါပဲ'

'ဩော် ...'

ဝမ်းလီ ဒေါသဖြစ်သွားလေသည်။

အစ်ကိုကြီးကား သူတို့အပေါ် ရက်စက်ခဲ့ချေပြီ။

'အခု သူဘယ်မှာလဲ'

'ကျုပ်တို့နဲ့လိုက်ခဲ့ရင် တွေ့ရမှာပဲ'

'ကျုပ်....'

ရုတ်တရက်....

ဝမ်းလီသည် ခါးကိုင်းသွားအောင် ချောင်းတဟွပ်ဟွပ် ဆိုးလိုက်လေသည်။

ကျင်းလိန်မြို့စားက....

'သူ့ကို ဖမ်းလိုက်'

ဟု အမိန့်ပေးလိုက်သည်။

ကျင်းလိန်မြို့စား၏ သိုင်းသမားသုံးယောက်သည် လျှပ်တပြက် ရှေ့တိုးလာကြလေသည်။

ဝမ်းလီသည် ချောင်းဆိုးနေရာမှ ရုတ်တရက်ဦးကွေးပြီး အပေါ်သို့ခုန်တက်လိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ အံ့ဩစရာ ကောင်းလောက်အောင် လျင်မြန်လှပါသည်။

အနီးသို့ရောက်လာသည့်သိုင်းသမားသုံးယောက်၏ဦးခေါင်း ပေါ်မှ ဖြတ်ကျော်ကာ တစ်ဖက်သို့ ကျွမ်းပစ်ရှောင်ထွက်သွား နိုင်ခဲ့လေသည်။

သို့သော်...

'မင်းပြေးလို့ရမလား'

ဝူးဟန်က အော်ငေါက်ရင်း လက်ဝှေ့ယမ်းလိုက်၏။

လက်နက်ပုန်းလေးများသည် တစ်ဟုန်ထိုး ပစ်လွှင့်သွားပြီး ဝမ်းလီ၏ကျောပြင်သို့ တိုးဝင်သွားလေသည်။

'အ...'

မသဲမကွဲ ညည်းညူသံသဲ့သဲ့ထွက်ပေါ်လာ၏။



ဝမ်းလီ၏ခန္ဓာကိုယ်သည် ဆတ်ခနဲတုန်ခါသွားပြီး မြေပေါ် သို့ ပြန်လည်ခုန်ဆင်းလာလေသည်။

ဝူးဟန်က သူ၏အနီးသို့ရောက်သွားပြီး လက်နှစ်ဖက်ဆန့် ထုတ်ကာ တိုက်ခိုက်လိုက်လေသည်။

ဝမ်းလီက အင်္ကျီလက်အိုးထဲမှဓားတိုနှစ်လက်ကို ဆွဲထုတ်ကာ ချက်ချင်းပြန်လည်တိုက်ခိုက်လိုက်၏။

သို့သော် ...

ဝူးဟန်မှာ လျှမ်းလျှမ်းတောက်ကျော်ကြားသည့် သိုင်း သမားကြီးတစ်ယောက်ဖြစ်ပါသည်။

ဝူးဟန်သည် ဝမ်းလီ၏တိုက်ခိုက်မှုကိုရှောင်တိမ်းခြင်းမပြုဘဲ လက်နှစ်ဖက်ဆန့်ထုတ်ကာ ဝမ်းလီ၏လက်ကောက်ဝတ်ကို ဖမ်း ဆုပ်လိုက်လေသည်။

'ဖြောက်'

'အား'

အရိုးများကျိုးသွားသောအသံနှင့်အတူ ဝမ်းလီ၏ညည်းညူ သံထွက်ပေါ်လာ၏။

ဝမ်းလီသည် လက်နှစ်ဖက်သွင်သွင် ကျိုးသွားသည့်တိုင် အရှုံးမခံဘဲ ခြေထောက်ဖြင့်တိုက်ခိုက်လိုက်၏။

ဦးဟန်က....

'ငါ့သားကိုသတ်သွားတဲ့လူတွေထဲမှာ မင်းလဲတစ်ယောက်အပါအဝင်ဆိုတော့ မင်းကိုဘယ်နည်းနဲ့မှခွင့်မလွှတ်နိုင်ဘူး'

ဟု ပြောရင်း ဝမ်းလီ၏ လက်နှစ်ဖက်ကို လွှတ်ချလိုက်ပြီး လက်ဝါးဖြင့် ဝမ်းလီ၏ရင်ဝကိုရိုက်ချလိုက်လေသည်။

ဝမ်းလီ ရှောင်တိမ်းနိုင်ခြင်းမရှိပါ။

ကျင်းလိန်မြို့စားက....

'သူ့ကိုအရှင်ဖမ်းရမယ်'

ဟု ပြောလိုက်သည်။

သို့သော်....

အရာရာမှာ နောက်ကျသွားပြီဖြစ်ပါသည်။

ဦးဟန်၏လက်ဝါးသည် ဝမ်းလီ၏ရင်ဝကို တည့်တည့်မတ် ရိုက်ချလိုက်လေတော့သည်။

'ဝုန်း'

'အား'



ဝမ်းလီသည် အဝေးသို့လွင့်သွားပြီး နတ်စင်ရှေ့တွင်လဲကျသွား၏။

ထို့နောက် တုတ်တုတ်မျှမလှုပ်တော့ဘဲ ငြိမ်သက်သွားလေသည်။ ကျင်းလိန်မြို့စား မကျေမနပ်ဖြစ်သွားလေသည်။

'သူ့ကိုအရှင်ဖမ်းရမှာဗျ'

ဟု ပြောလိုက်သည်။

ဦးဟန် မဲ့ပြုံးပြုံးကာ....

'ဒီလူစားမျိုးတွေကို လောကပေါ်မှာ အသက်ရှင်ခွင့်ပေးထားလို့ မသင့်ဘူးဆိုတာ လူကိုင်းသိပါတယ်ဗျာ'

ကျင်းလိန်မြို့စား ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး....တရားခံတွေကို ဖမ်းမိရင် တရားဥပဒေနဲ့အညီ စစ်ဆေးပြီး ထိုက်တန်တဲ့အပြစ် ပေးရမှာဗျ'

'အင်းလေ....သူတို့နဲ့ ထိုက်တန်တာသေဒဏ်ပဲ မဟုတ်လားဗျာ'

'သေဒဏ် စီရင်မယ်ဆိုရင် မြို့စားကြီးတစ်ယောက် ဖြစ်တဲ့ ကျုပ်သာ စီစဉ်ခွင့်ရှိတယ်'

ဦးဟန်က....

'မြို့စားကြီးရဲ့ဂေဟာမှာ လူသတ်သမားတွေရဲ့ လက်ချက်နဲ့ တကယ်တမ်း အသက်ဆုံးရှုံးခဲ့ရသူတွေဟာ မိုးနဂါးဂိုဏ်းချုပ်နဲ့ ကျုပ်ရဲ့သားပါ၊ မြို့စားကြီးရဲ့လူတစ်ယောက်မှ မပါပါဘူးဗျာ'

ဟု စကားနာထိုးလိုက်သည်။

ကျင်းလိန်မြို့စား မျက်မှောင်ကြုတ်သွားသည်။

ယခု....

ဦးဟန်၏သဘောထားကို သူ နားလည်သဘောပေါက်လိုက်ပြီ ဖြစ်ပါသည်။

ဦးဟန်သည် ကြေးစားများအားသုတ်သင်နိုင်ရန် လာရောက်ပူးပေါင်းခြင်းဖြစ်သည်။

အကယ်၍....

ဖုံးစုရဲက နောက်ထပ် ကြေးစားတစ်ယောက်၏ အမည်ကို ဖော်ထုတ်လျှင် ဦးဟန်က ထိုကြေးစားကို လက်ဦးအောင် သုတ်သင်ရှင်းလင်းပစ်လိမ့်မည်သာ ဖြစ်ပေယည်။

တရားခံများပေါ်ပေါက်အောင် လက်တွဲဆောင်ရွက်နေခြင်းမျိုး မဟုတ်ဘဲ သားဖြစ်သူ အသက်ခံရခြင်းကြောင့် လက်စား



ချေဖို့ ကြိုးစားနေခြင်းဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေပါသည်။

ကျင်းလိန်မြို့စားသည် ဦးဟန်ကို စိုက်ကြည့်လိုက်ပြီး....

'ဒီအတိုင်းဆိုရင် ပိဘ်ဆွေဟာ ကျုပ်တို့အတွက် အနှောင့်အယှက် ဖြစ်နေပြီဗျ၊ ကျုပ်ဘို့ လမ်းခွဲလိုက်ကြတာကောင်းမယ်၊ မိတ်ဆွေဘာသာ ကြိုက်သလိုလုပ်ပေါ့'

ဟု ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။

'ရတယ်၊ ကြေးစားတွေကို ကျုပ်တို့မဖော်ထုတ်နိုင်ဘူး မထင်နဲ့၊ ဖုံးစုရဲပြောမပြောဘဲ ခင်ဗျားတို့အရင်ရအောင် ဖော်ထုတ်ပြမယ်ဆိုတာ မှတ်ထားပါ'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ထွက်သွားလေသည်။

ကျင်းလိန်မြို့စားက ဟန့်တားခြင်းမပြုဘဲ လက်ပိုက်ကြည့်နေလိုက်လေတော့သည်။

*　　*　　*

ကျင်းဟော်မြို့....

ညနေဆည်းဆာအချိန်တွင် ကျင်းဟော်မြို့ထဲသို့ မြင်းလှည်းတစ်စီး ဝင်ရောက်လာလေသည်။

ရပ်ဝေးမှလာသော မြင်းလှည်းဖြစ်ကြောင်း ထင်ရှားနေပါသည်။

မြင်းလှည်းမောင်းနှင်လာသူမှာ ရှာကုဖြစ်ပါသည်။

ရှာကုသည် မင်းလမ်းမကြီးအတိုင်း မောင်းနှင် ဝင်ရောက်လာရင်း ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်ရာ လျှို့ဝှက်စွာ ချုပ်ဖျက်ကာ စောင့်ကြည့်နေသည့် ကျင်းလိန်မြို့စား၏ သိုင်းသမားများကို တွေ့လိုက်ရလေသည်။

ရှာကု ကျိတ်ပြုံးလိုက်မိသည်။

ကျင်းဟော်မြို့သည် ဒုတိယခရီးတစ်ထောက်နားစခန်းမြို့ဖြစ်သည် မဟုတ်ပါလား။

ကျင်းလိန်မြို့စား၏ ခရီးထောက်နားခိုစခန်းမြို့တိုင်းသည် သူ၏ လူများနှင့် သိုင်းလောကမှ ထင်ရှားသောသိုင်းသမားများကို အကူအညီတောင်းကာ ကြိုတင်စောင့်ဆိုင်း နေခိုင်းခဲ့ပါသည်။

ဖုံးစုရဲက ကြေးစားငါးယောက်အား ဖော်ထုတ်ပြီးသည်နှင့် ကိုယ်လွတ်ရုန်းပြေးမည်ဖြစ်ကြောင်း အားလုံးနားလည်ထားကြသည်။



ဖုံးစုရဲကိုဖမ်းဆီးနိုင်ရန် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်။ အပေးအယူလုပ်ခဲ့ကြသည်မှန်သော်လည်း ဖုံးစုရဲမှာ အပြစ်ရှိသူမို့ မည်သည့်နည်းနှင့်မျှ အလွတ်မပေးနိုင်ပါချေ။

ရှာကုသည် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင်း မြင်းလှည်းကို မောင်းနှင်လာရာ တစ်နေရာသို့ အရောက်တွင် လမ်းဘေးမှ ခမောက်ဆောင်းထားသူတစ်ယောက်က တစ်နေရာသို့ ခြေဟန်လက်ဟန်ဖြင့် ညွှန်ပြနေသည်ကို တွေ့လိုက်ရလေသည်။

ရှာကု လှမ်းကြည့်လိုက်ရာ တည်းခိုခန်းတစ်ခုကို တွေ့လိုက်ရလေသည်။ ရှာကု ကျေနပ်သွားသည်။

ဒုတိယခရီးထောက်နား မြို့လေးတွင် ဖုံးစုရဲသည် ကြေးစားတစ်ယောက်ကို ထပ်မံဖော်ထုတ်ပေးလိမ့်မည် ဖြစ်သည်။

ထိုကြေးစားကို ဖမ်းမမိမချင်း ကျင်းဟော်မြို့တွင် ဖုံးစုရဲ နေထိုင်ရလိမ့်မည်ဖြစ်သည်။

ထိုအခါ ဖုံးစုရဲ ထွက်ပြေးမသွားနိုင်စေရန် သေသေချာချာ စောင့်ကြည့်ဖို့လိုပါသည်။

ကျင်းလိန်မြို့စားသည် သူ၏အရှိန်အဝါဖြင့် အစစအရာရာကို လိုလေသေးမရှိ ကြိုတင်ပြင်ဆင်ထားခဲ့လေသည်။

ယခု...

ခမောက်ဆောင်းထားသူ ညွှန်ပြသည့် တည်းခိုခန်းသည် ကျောင်းလိန်မြို့စား လိုလေသေးမရှိ စီစဉ်ထားသော နေရာတစ်ခု

ဖြစ်ကြောင်း ရှာကုနားလည်မိလိုက်သည်။

ထိုတည်းခိုခန်းတွင် ဆိုင်လုသင်သည် သန့်ရှင်းရေး အလုပ်သမားမှ စ၍ ဆိုင်ပိုင်ရှင်အထိ တစ်ယောက်မကျန် ကျောင်းလိန်မြို့စား၏ လူများသာ ဖြစ်ရပေမည်။

ဖုံးစုရဲက ထွက်ပြေးဖို့ကြိုးစားလျှင် အမှားကြီးမှားသွားမည်သာ ဖြစ်ပါသည်။

ရှာကုသည် တည်းခိုခန်းသို့ ဦးတည်ကာ မြင်းလှည်းကို မောင်းနှင်သွားလိုက်သည်။

ဖုံးစုရဲ တည်းခိုနိုင်ရန် စီစဉ်ပေးလိုက်ပြီးနောက်....

'ကဲ...ခင်ဗျားရဲ့လူအကြောင်း ပြောပါဦး'

ဟု မေးလိုက်သည်။

ဖုံးစုရဲက....

'ဒုတိယဘစ်ယောက်ကတော့ ပါစုပါပဲ'

ဟု ပြောပြလိုက်လေသည်။

* * *



သုံးရက်....

သုံးရက်ဟူသောအချိန် ကုန်ဆုံးသွားပြီးနောက် တည်းခိုခန်းသို့ ကျောင်းလိန်မြို့စား ဒုန်းစိုင်းပေါက်ချလာလေသည်။

ခရီးရောက်မဆိုက်ပင် ရှာကုကိုခေါ်ကာ ဖုံးစုရဲ့ကို ဝင်တွေ့လေသည်။

ထိုအချိန်တွင် ဖုံးစုရဲသည် စားသောက်ပြီး အနားယူနေချိန် ဖြစ်လေသည်။

အခန်းတွင်းသို့ ရှာကုနှင့်အတူ ဝင်လာသော ကျောင်းလိန်မြို့စားကို မြင်လျှင် ထိုင်ရာမှထကာ ခရီးဦးကြိုဆိုပြုလိုက်လေသည်။

'မြို့စားကြီးဘို့ ဘာများအရေးကြီးလာလို့လဲဗျ'

ဟု မေးလိုက်၏။

ကျောင်းလိန်မြို့စားက....

'အရေးကြီးဆို ခင်ဗျားပြောတဲ့ပါစုကို ရှာမတွေ့ဘူး'

ဟု ပြောကာ သက်ာမကင်းသောမျက်လုံးများဖြင့် ဖုံးစုရဲကို အကဲခတ်လိုက်လေသည်။

ဖုံးစုရဲက....

‘ဪ....ကျုပ်က လိမ်ပြောတယ်လို့ မြို့စားကြီး သံသယဝင်နေတာကိုး၊ စမ်းလီကို ရပြီးပြီမဟုတ်လားဗျာ၊ ကျုပ်လိမ်မပြောဘူးဆိုတာ မြို့စားကြီးသိလောက်ပါတယ်’

ကျင်းလိန်မြို့စားက....

‘ခင်ဗျားလိမ်မပြောရင် သူ့ကိုတွေ့ရမှာပေါ့’

ဖိုးစုရဲ့က....

‘ကျုပ်ရဲ့ကောင်လေးတွေဟာ ခေတ္တလူတွေ မဟုတ်ပါဘူးဗျာ၊ သိုင်းလောကမှာ ဟိုးလေးတကျော်ဖြစ်နေတဲ့ကိစ္စတွေကို သူတို့မကြားဘဲနေပါ့မလား၊ အစစအရာရာ သတိဝီရိယနဲ့ နေကြတော့မှာပေါ့’

ကျင်းလိန်မြို့စားက....

‘ပါစုက ရှောင်နေတယ်လို့ ခင်ဗျားဆိုလိုတာလား’

‘ဟုတ်တယ်လေ’

‘ဒါဖြင့် သူ့ကို ဘယ်လိုလုပ် ဖမ်းမိနိုင်တော့မှာလဲ၊ သူ့ကို မမိဘဲနဲ့တော့ ခင်ဗျားကို ရှေ့ဆက်သွားခွင့်မပြုနိုင်ဘူးဗျ’

ကျင်းလိန်မြို့စားက ခပ်ပြတ်ပြတ်ပြောလိုက်လေသည်။



ဖိုးစုရဲ့က....

‘ခင်ဗျား ဒီလိုပြောမယ်ဆိုဘာ ကျုပ်သိပါတယ်ဗျာ၊ ဘာမှ မပူပါနဲ့၊ ပါစုကိုဖမ်းမိအောင် ကျုပ်ကူညီမှာပါ’

ဒါဆို ပြောပါ’

‘ပါစုဟာ ဝဘ်ကောင်းစားလှဝတ်ရဘာကို သဘောကျတယ်၊ သူဟာ ဘယ်နေရာကိုရောက်ရောက် ထိပ်တန်းအဝတ်အစား ဆိုင်ကြီးတွေကို ဝင်လေ့ရှိဘာယ်’

ပါစုနှင့်ပတ်သတ်၍ ခရေစေ့တွင်းကျ ပြောပြလိုက်သည်။ သူ၏စကားအဆုံးတွင် ပါစုအား ဖမ်းမိတော့မည်ဟု ကျင်းလိန်မြို့စား နားလည်သွားလေတော့သည်။

* * *

‘ရွှေဝက်ဝံအထည်အလိပ်ဆိုင်’

အလွန် ကြီးကျယ်ခမ်းနားလှသော အထည်အလိပ်ဆိုင်ကြီး တစ်ဆိုင်ဖြစ်ပါသည်။

ယနေ့....

ရွှေဝက်ဝံ အထည်အလိပ်ဆိုင်သို့ တင်းကျီနှင့် တင်းတုတို့ ညီအစ်ကိုနှစ်ယောက် ရောက်ရှိလာကြလေသည်။

သူတို့သည် ဆိုင်ရှင်ကိုဝင်တွေ့ပြီး စာတင်စောင်ထုတ်ပြလိုက်ကြသည်။ ဆိုင်ရှင်မှာ တင်းကျီတို့အား အလွန်ကြည်ညိုလေးစားသွားဟန်ဖြင့်...

'ဆရာလေးတို့ ကြိုက်သလိုလုပ်နိုင်ပါတယ်'

ဟု ပြောလေသည်။

တင်းကျီတို့ညီအစ်ကိုသည် ဆိုင်အပေါက်ဝအနီးတွင် နေရာယူလိုက်ကြသည်။

သူတို့သည် ဆိုင်ထဲသို့ ဝင်ထွက် သွားလာကြသူများကို မျက်ခြည်မပြတ် အကဲခတ် ကြည့်နေလိုက်ကြလေတော့သည်။

မြို့ကြီးဆယ့်သုံးမြို့တွင်....

နာမည်ကျော် အထည်အလိပ်ဆိုင်ကြီးများ၌ တင်းကျီတို့ကဲ့သို့ပင် စောင့်ကြည့်သူများ ရောက်ရှိနေကြလေသည်။

ဤသို့ဖြင့် ငါးရက်ခန့်ကြာသောအခါ...

* * *



ငါးရက်....

ငါးရက်မျှကြာပြီဖြစ်ရာ တင်းကျီသည် အထည်အလိပ်ဆိုင်တွင် စောင့်ကြည့်နေရသည့်အဖြစ်ကို စိတ်ကုန်လာလေသည်။ သိုင်းသမားပီပီ လွတ်လပ်စွာ သွားလာလှုပ်ရှားပြီး ထိုင်နေရသည်ကို မနှစ်မြို့ချေ။

ထို့ကြောင့်....

'ညီလေးတို့ရဲ့တာဝန်ကို တခြားလူတွေနဲ့ လဲပေးဖို့ မြို့စားကြီးကို မေတ္တာရပ်ခံလိုက်ရင် ကောင်းမယ်ထင်တယ်'

ဟု ပြောလိုက်မိလေသည်။

တင်းတုက....

'အစ်ကို့ သဘောပဲလေ'

အစ်ကိုဖြစ်သူဆန္ဒအတိုင်း ဆောင်ရွက်ဖို့ ဘယ်သောအခါမှ ဝန်လေးသူမဟုတ်ချေ။

တင်းကျီက....

'ဒါဆို ညီလေးဒီမှာစောင့်နေ၊ အစ်ကို သွားပြီးဆက်သွယ်လိုက်ဦးမယ်'

ဟု ပြောကာ ဆိုင်အပြင်ဘက်ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

ဆိုင်ရှေ့သို့ လူငယ်တစ်ယောက်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။ ထိုလူငယ်မှာ ဆိုင်လုသင်အဝတ်အစားများ ဝတ်ဆင်ထားပါသည်။

သို့သော် ...

သူ၏မျက်လုံးအစုံသည် စူးရှ တောက်ပြောင်နေပြီး စားတစ်လက် ထောင်ထားသည့်အသွင်ရှိသည်ကို တင်းကျိုနှင့် တင်းတုတို့ ချက်ချင်း အကဲခတ်မိလိုက်ကြလေသည်။

တင်းတုက....

'အစ်ကိုကြီး.... ဟိုလူငယ်လေးကို ကြည့်စမ်းပါ၊ ကျုပ်တို့ သတင်းရထားတဲ့ ပါစုရဲ့ပုံပန်းသဏ္ဌာန်နဲ့ မတူဘူးလား'

ဟု ပြောလေသည်။

တင်းကျိုခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူပဲဖြစ်နိုင်တယ်'



သူ့ကို ဝမ်းသာသွားကြသည်။

နာမည်ကျော် အထည်အလိပ်ဆိုင်များတွင် သိုင်းလောက သားများ စောင့်ကြည့်နေကြသည်မှာ ပါစုကို ဖမ်းဆီးနိုင်ရန် အတွက် ဖြစ်ပါသည်။

ရွှေကဝံ အထည်အလိပ်ဆိုင်သည် ပါစုသွားနေကျ ဆိုင် တစ်ဆိုင်ဖြစ်သည်။

ဖုံးစုရဲ့က ပါစုလူပ်ရှားတတ်ပုံများကို ပြောပြထားခြင်း ကြောင့် ကျင်းသိန်မြို့စားက လက်ရဖမ်းဆီးနိုင်ရန် စီစဉ်ထား ခြင်း ဖြစ်လေသည်။

ယခု....

ပါစုနှင့်အတူ လူငယ်တစ်ယောက်အား တွေ့လိုက်ကြရပြီ ဖြစ်လေသည်။ တင်းကျိုနှင့် တင်းတုတို့သည် ချက်ချင်းပင် ဆိုင် အပြင်ဘက် လှမ်းထွက်လိုက်ကြပြီး....

'ညီလေး ... အဝတ်အထည်ကောင်းကောင်းတွေရှိပါတယ်၊ ဆိုင်ထဲဝင်ကြည့်ပါဦးလား'

ဟုတင်းကျိုက လှမ်းပြောလိုက်လေသည်။

လူငယ်မှာ အမှန်တကယ်ပင် ပါစုဖြစ်နေပါသည်။

ပါစုသည် တင်းကျီ၏စကားသံကြားလျှင် လှည့်ကြည့်ရင်း ရင်ထိတ်သွားသည်။

'ဒီလူကို ဒီဆိုင်မှာ ငါတစ်ခါမှ မမြင်ဖူးပါဘူး၊ ဘယ်လိုလုပ်ပြီး ရောက်နေတာပါလိမ့်'

တင်းကျီတို့သည် သိုင်းသမားများဖြစ်ကြောင်းလည်း အကဲခတ်ကြည့်မိလိုက်သည်။

အခြေအနေမဟန်မှန်း ရိပ်မိလိုက်သဖြင့်....

'ကျွန်တော်က ကြည့်ရှုသက်သက်ပါ၊ မဝယ်နိုင်ပါဘူး ခင်ဗျာ'

ဟု ပြောကာ ဆိုင်ရှေ့မှ လှည့်ထွက်သွားလေသည်။

တင်းကျီနှင့်တင်းတုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့သည် ပါစုကို ပို၍ သင်္ကာမကင်းဖြစ်လာကြသည်။

တင်းကျီက...

'ဘာပဲဖြစ်ဖြစ် သူ့ကိုဖမ်းပြီး စစ်ဆေးကြည့်တာ ကောင်းလိမ့်မယ်'

ဟု ပြောလျှင်...



'ဟုတ်တယ်အစ်ကိုကြီး'

တင်းတုက သဘောတူလိုက်လေသည်။

'ဒါဖြင့် လိုက်ကြစို့'

သူတို့နှစ်ယောက်သည် ပါစုနောက်သို့ ချက်ချင်းလိုက်သွားကြလေသည်။ ပါစုသည် သူတို့လိုက်လာသည်ကို ရိပ်မိလိုက်လျှင် လမ်းကြားတစ်ခုအတွင်းသို့ လျင်မြန်စွာကွေ့ဝင်သွားလိုက်လေတော့သည်။

* * *

ပါစုက လမ်းကြားထဲ ချိုးဝင်သွား၏။

တင်းကျီတို့က အပြေးတစ်ပိုင်း လိုက်သွားကြလေသည်။

လမ်းကြားထဲရောက်သွားလျှင် ပါစု၏ အရိပ်အယောင်ပင် မတွေ့ရတော့ချေ။ တင်းကျီနှင့် တင်းတုတို့ ခြေလှမ်းရပ်သွားကြလေသည်။

တင်းကျိုက မကျေမနပ်ဖြင့် တက်ခေါက်လိုက်သည်။

'တောက်... ငါတို့ လိုက်လာမှန်းသိလို့ ဒီကောင်တွက်ပြေးသွားဘာကွ'

တင်းတုက....

'သူ ဝေးဝေးပြေးလို့ မရပါဘူးဗျာ'

'အေး....ဟုတ်တယ်၊ ရှာကြည့်ရအောင်'

သူတို့သည် ပတ်ဝန်းကျင်တွင် ရှာဖွေကြည့်လိုက်ကြလေသည်။

ထိုစဉ်....

ဝဲဘက်ရှိ အိမ်ခေါင်မိုးတစ်ခုပေါ်၌ လူရိပ်တစ်ခု လှုပ်ရှားသွားသည်ကို တွေ့လိုက်ရလေသည်။

'ဟိုမှာ....ဟိုမှာ'

တင်းတုက လက်ညှိုးညွှန်ပြကာ အော်လိုက်သည်။

ထို့နောက်....



မြေပေါ်ခြေဆောင့်ကာ အိမ်ခေါင်မိုးပေါ်သို့ ပြိုင်တူခုန်တက်လိုက်ကြလေသည်။

ပါစုအား သူတို့ တွေ့လိုက်ရပြီ ဖြစ်ပါသည်။

ပါစုသည် အိမ်ခေါင်မိုးတစ်ခုမှတစ်ခု ခုန်ကူးကာ လျင်မြန်စွာ ပြေးလွှားသွားလေသည်။

'မပြေးနဲ့'

တင်းကျိုနှင့် တင်းတုတို့လည်း အော်ဟစ်ရင်း ပြေးလိုက်သွားကြလေသည်။

တင်းကျိုသည် ပါစုနောက်သို့ လိုက်သွားရင်း အချက်ပြမီးကျည်တစ်ခု ထုတ်ယူကာ ပစ်ဖောက်လိုက်သည်။

'ဖောက်'

မြည်သံနှင့်အတူ အနီရောင်မီးခိုးတန်းတစ်ခုသည် ကောင်းကင်ပေါ် ထိုးတက်သွားလေသည်။

ပါစုအား ဖမ်းဆီးမည့်သူများ နေရာအနှံ့တွင် ရှိနေကြပါသည်။ အချက်ပြမီးကျည်ကို တွေ့လျှင် ချက်ချင်း ဝိုင်းအုံရောက်ရှိလာကြလိမ့်မည် ဖြစ်ပါသည်။

ပါစု ရင်ထိတ်သွားသည်။

သူ့အား ရန်သူက ခြေရာခံမိသွားပြီ ဖြစ်ကြောင်းလည်း ရိပ်မိလိုက်သည်။

သူတို့အား သိုင်းလောကသားများက သဲကြီးမဲကြီး ရှာဖွေနေကြသည် မဟုတ်ပါလား။

အသက်လုပြေးဖို့သာ ရှိပါတော့သည်။

ပါစုသည် ကိုယ်ဖော့ပညာ အသုံးပြုကာ လျင်မြန်စွာ ပြေးသွား၏။ အိမ်ခေါင်မိုးများ သွယ်တန်းနေရာမှ ဆုံးသွားလျှင် မြေပေါ်ခုန်ဆင်းကာ ဆက်၍ ပြေးလွှားသွားလေသည်။

မြို့ပြင်တောအုပ်ဆီသို့ ဦးတည်ပြေးလွှားသွားခြင်းဖြစ်သည်။ တောအုပ်ရှေ့သို့ရောက်လျှင်နောက်သို့လှည့်ကြည့်လိုက်ရာ တင်းကျိတို့ ညီအစ်ကိုကလည်း ပြေးလိုက်လာကြသည်ကို တွေ့မြင်ရလေသည်။

ပါစုံ ဒေါသထွက်သွားသည်။

'ငါ့ကို ဖမ်းကြမယ်ပေါ့လေ၊ သိကြသေးတာပေါ့'

ဟု ကြုံးဝါးပြီး တောအုပ်ထဲ ခုန်ဝင်သွားလေသည်။

'မပြေးနဲ့'



တင်းကျိကိုညီအစ်ကိုက တစ်ဟုန်ထိုး ပြေးလိုက်လာကြပါသည်။ တောအုပ်ထဲသို့ရောက်လျှင် ပါစုကို မတွေ့ရတော့ပါ။

တင်းကျိက....

'တောက်...လွတ်သွားတာ နာတာပဲ'

ဟု မကျေမနပ် ရေရွတ်လိုက်သည်။

တင်းတုက....

'သူပြေးလို့ မလွတ်ပါဘူး၊ တစ်နေရာရာမှာ ပုန်းနေတာပဲ ဖြစ်မှာပါ'

ဟု ပြောသည်။

တင်းကျိ အားတက်သွားလေသည်။

'ငါ့ညီပြောတာ ဖြစ်နိုင်တယ်၊ တို့လူစုခွဲပြီး ရှာကြရအောင် ညီလေးဟိုဘက်သွား၊ အစ်ကို ဒီဘက်သွားမယ်'

'ကောင်းပြီ အစ်ကိုကြီး'

နှစ်ယောက်သား လူချင်းခွဲလိုက်ကြလေသည်။

ထို့နောက် ပါစုအား လိုက်လံရှာဖွေကြလေတော့သည်။

ပါစုသည် သစ်ပင်တစ်ပင်နောက်ကွယ်၍ ပုန်းအောင်းကာ အခြေအနေ စောင့်ကြည့်နေပါသည်။

သူလှုပ်ရှားလိုက်သည်နှင့် တင်းကျိတို့ သိသွားကြမည် ဖြစ်ကြောင်း နားလည်ထား၏။

တင်းကျိတို့အား သုတ်သင်ရှင်းလင်းခြင်းမပြုဘဲ လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားနိုင်မည် မဟုတ်ချေ။

တင်းကျိတို့နှစ်ယောက် လူစုခွဲလိုက်ကြသည်နှင့် ပါစုက သစ်ပင်နောက်ကွယ်မှထွက်ကာ တင်းတုထံသို့ လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

တင်းတုမှာ ဟိုဟိုသည်သည် ရှာဖွေကြည့်နေရာမှ နောက်ကျောဘက်တွင် လေတိုးသံ ထွက်ပေါ်လာလျှင် ချက်ချင်း ချာခနဲလှည့်ကာ လက်ဝါးဖြင့် ရိုက်ထုတ်လိုက်လေသည်။

သို့သော်....

သူ၏လက်ဝါးသည် လေထဲသို့ ရိုက်ချမိလိုက်ပြီး သူ၏ရင်ဝ၌ ဓားမြှောင်တစ်လက် စိုက်ဝင်လာသည်။

အဖြစ်အပျက်မှာ လျှင်မြန်လွန်းလှသဖြင့် တင်းတု ဘာမှ နားမလည်နိုင်တော့ဘဲ မြေပေါ် ခွေခနဲ လဲကျသွားလေတော့သည်။

* * *



'အား'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသောအခါ တင်းကျိ၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

တင်းတု ဒုက္ခရောက်နေပြီ ဖြစ်ကြောင်းလည်း ဆင်ခြင်မိလိုက်သည်။

'ညီလေး မင်းဘာဖြစ်တာလဲ'

အော်ပြောရင်း အော်ဟစ်သံ ထွက်ပေါ်လာရာဆီသို့ တစ်ဟုန်ထိုး ပြေးလွှားသွားလေသည်။

မကြာပါချေ....

တောအုပ်အတွင်းရှိ မြေကွက်လပ်၌ လဲကျနေသည့် တင်းတုအား တွေ့လိုက်ရလေသည်။

'ညီလေး'

တင်းကျိ ယူကျုံးမရဖြစ်သွားသည်။

မကြာသေးမီကပင် အကောင်းပကတိ ရှိနေခဲ့သည့် တင်းတုံမှာ ယခုတော့ အသက်ပျောက်နေပြီ မဟုတ်ပါလား။

တင်းကျို ဒေါသခြောင်းခြောင်း ထွက်သွားပြီး....

'ပါစု မင်းထွက်ခဲ့စမ်း'

ဟု အော်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ရုတ်တရက်....

'ဟဲ....ဟဲ....ဟဲ'

ရယ်မောသံတစ်ချက် နောက်ကျောဘက်မှ ထွက်ပေါ်လာသည်။

တင်းကျို ချာခနဲလှည့်ကြည့်လိုက်သောအခါ ရယ်မောနေသည့် ပါစုအား တွေ့လိုက်ရလေသည်။

'တောက်....မင်း....မင်း'

တင်းကျိုက ချက်ချင်း တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ပါစုက....

'ခင်ဗျားတို့က ကျုပ်ကို ဒုက္ခမပေးရင် ကျုပ်ကလဲ ဒုက္ခပေးစရာ အကြောင်းမရှိပါဘူးဗျာ'



ဟု ပြောလေသည်။

တင်းကျိုက....

'မင်းလို ကြေးစားလူသတ်သမားတစ်ယောက်ကို ဖမ်းဆီးဖို့ ငါတို့တာဝန်ပဲကွ၊ ခုဆိုရင် မင်းတို့ကို ပိုလို့တောင် အလွတ်မပေးနိုင်ဘူး၊ သေဖို့သာပြင်ထားပေတော့'

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ ပါစုထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ပါစုက ထွက်ပြေးတိမ်းရှောင်ခြင်းမရှိပါ။

ဓားပါးလေးတစ်လက်ကို ဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။တင်းကျိုသည်ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်ပါသည်။

သူ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပါသည်။

သို့သော်...

ပါစုသည် ပွတ်ကာသီကာရှောင်တိမ်းပြီး ခြေထောက်ဖြင့် လှမ်းကန်လိုက်လေသည်။

တင်းကျို မခရှောင်နိုင်ပါ။

'ဝုန်း'

ကျယ်လောင်သောအသံနှင့်အတူ တင်းကျို အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

'ဟား...ဟား....ဟား'

ပါစု ရယ်မောလိုက်သည်။

သူသည် ထိပ်သီးသိုင်းသမားကြီးများကိုပင် လုပ်ကြံခဲ့သူဖြစ်ရာ တင်းကျိုကို ကြောက်ရွံ့ခြင်းမရှိပေ။

တင်းကျိုဘို့ညီအစ်ကိုနှစ်ယောက်အား သုတ်သင်ရှင်းလင်းပစ်နိုင်မှသာလျှင် ဘေးလွတ်ရာသို့ ရှောင်သွားနိုင်မည်ဟု နားလည်သဘောပေါက်ထား၏။

တင်းကျိုက ချက်ချင်းခုန်ထလာသည်။

ပါစုအား ဒေါသတကြီးကြည့်ကာ....

'သေပေတော့'

အော်ငေါက်ကာ ခုန်ဝင်တိုက်ခိုက်လိုက်ပြန်သည်။



ပါစုကလည်း ရှောင်တိမ်းခြင်း မပြုဘဲ ထိပ်တိုက်ရင်ဆိုင်လိုက်ပါသည်။

တင်းကျို၏ ကိုက်ကွက်ကိုရှောင်ကာ အင်္ကျီလက်အိုးထဲ ဝှက်ထားသည့် ဓားပါးလေးဖြင့် တင်းကျို၏ရင်ဝကို ထိုးသွင်းလိုက်သည်။

တင်းကျို မရှောင်နိုင်တော့ပါ။

'ဒုတ်'

'အား'

စူးရှစွာအော်ဟစ်ရင်း မြေပေါ်လဲကျသွားလေတော့သည်။

ပါစု ကျေနပ်စွာပြုံးလိုက်သည်။

'ကျုပ်ကိုဒုက္ခပေးရင် ဘယ်လိုဖြစ်ရမယ်ဆိုတာ ခင်ဗျားတို့ သိကြပြီပေါ့ ဟုတ်လား'

ဟု ပြောလိုက်သည်။

ထို့နောက်....

ချာခနဲလှည့်ကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် ခြေသံများ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး လူတစ်စု ရောက်ရှိလာကာ ဝိုင်းရံထားလိုက်ကြလေသည်။

ပါစု ထွက်မသွားနိုင်တော့ပါ။

တင်းကိုတို့က အချက်ပြမီးကျည် ပစ်ဖောက်ပြီး ခေါ်ယူထားသည့် အကူအညီများ ရောက်ရှိလာပြီဖြစ်ပါသည်။

*　　　*　　　*

ပါစုရင်ထိတ်သွားသည်။

သူ့အား ဝိုင်းရံထားသူများကို ဝေ့ကြည့်လိုက်၏။

ထိုလူစုမှာ ကျင်းလိန်မြို့စား၏ သိုင်းသမားများဖြစ်ကြပြီး သူတော်တစ်ယောက်နှင့် ဘုန်းကြီးတစ်ပါး ပါဝင်နေကြ၏။

သူတော်မှာ ဝူတန်ဂိုဏ်းမှ စုရသေ့ဖြစ်ပြီး ဘုန်းကြီးမှာ ရှောင်လင်ဂိုဏ်းမှ ဓမ္မဘုန်းတော်ကြီးဖြစ်လေသည်။

စုရသေ့နှင့် ဓမ္မဘုန်းတော်ကြီးတို့သည် သိုင်းလောက၏ ဝါရင့်သိုင်းသမားကြီးများ ဖြစ်ကြသည်။



မိုးနဂါးဂိုဏ်းချုပ် လုပ်ကြံခံရသည့်ကိစ္စနှင့် တရားခံအား ဖော်ထုတ်ရန် ကျင်းလိန်မြို့စား၏ မေတ္တာရပ်ခံချက်ကြောင့် သိုင်းလောကထဲဆင်းလာခဲ့ကြသူများဖြစ်ပေသည်။

ပါစုသည် တင်းကိုတို့ညီအစ်ကိုအား သုတ်သင်ရှင်းလင်းပစ်နိုင်ခဲ့ပါသော်လည်း စုရသေ့တို့ ရောက်လာသောအခါ အခက်ကြုံသွားလေသည်။

စုရသေ့က....

‘မင်းအေးအေးဆေးဆေးအဖမ်းခံရင်ကောင်းမယ်’

ဟု ပြောလိုက်သည်။

ပါစုက....

‘ခင်ဗျားတို့ဘယ်သူတွေလဲ၊ ကျုပ်မှာဘာအပြစ်ရှိလို့ လိုက်ဖမ်းနှောင့်ယှက်နေကြတာလဲဗျ’

ဟု ခပ်တည်တည်ပြန်ငေါက်လိုက်သည်။

စုရသေ့က....

‘ပါစု မင်းရဲ့အကြောင်းကို ဖုံးစုရဲကဖွင့်ပြောလိုက်ပါပြီကွာ၊ ငြင်းဖို့မကြိုးစားပါနဲ့တော့၊ အေးအေးဆေးဆေးအဖမ်းခံပါ’

'ဟင်'

မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ပါစုပါးစပ် အဟောင်းသားဖြစ်သွားလေသည်။

ဖိုးစုရဲက သစ္စာဖောက်လိုက်ပြီဆိုလျှင် သူတို့ပြေးလွတ်တော့မည်မဟုတ်ချေ။

'တောက်'

ပါစု ခံပြင်းနာကြည်းစွာ တက်ခေါက်လိုက်မိလေသည်။ ဖိုးစုရဲသည် အဘယ့်ကြောင့်သစ္စာဖောက်လိုက်ရပါသနည်း။

မည်သို့ဆိုစေ....

ယခုအချိန်တွင် ကိုယ်လွတ်ရုန်းနိုင်မှ အသက်ရှင်သန်လွတ်မြောက်နိုင်မည်ဖြစ်ပါသည်။

ပါစု ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပါ။

'ယား'

ဂြဲသံပေးရင်း ဝိုင်းရံထားသူများအား တိုက်ခိုက်လိုက်လေတော့သည်။

* * *



'ဝုန်း'

'အား'

'အမယ်လေး'

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ပါစု၏တိုက်ခိုက်မှုကြောင့်သိုင်းသမားသုံးယောက်မြေပေါ် လဲကျသွား၏။

သို့သော်....

'ရပ်လိုက်စမ်း'

အော်ငေါက်သံနှင့်အတူ စုရဲသေ့သည် ပါစုရှေ့သို့ရောက်ရှိလာပြီး လမ်းပိတ်ဟန့်တားထားလိုက်လေသည်။

ပါစုက....

'မသေချင်ရင် ဓားဖယ်လိုက်စမ်း'

ဟု ငေါက်ရင်း အင်္ကျီလက်အိုးထဲက ဝှက်ထားသောဓားကို ထုတ်ယူကာ တိုက်ခိုက်လိုက်လေသည်။

စုရသေ့က....

'မင်းတော်တော်မိုက်လုံးကြီးပါလား'

ဟု ပြောရင်း လက်ဝှေ့ယမ်းလိုက်သည်။

ပါစုမှာ လူတစ်ယောက်၏ အသက်ဇီဝိန်ကို မည်သို့ချွေပစ်ရမည်ဆိုသည်ကို ကောင်းစွာနားလည်ထားသော ကြေးစားလူသတ်သမားတစ်ယောက်ဖြစ်ပါသည်။

သို့ပါသော်လည်း ထိပ်တန်းသိုင်းပညာရှိသော စုရသေ့ကို မယှဉ်နိုင်ခဲ့ပါချေ။ စုရသေ့က လက်ဝှေ့ယမ်းလိုက်သည်နှင့်....

'ဖြောက်'

မြည်သံသဲ့သဲ့ထွက်ပေါ်လာသည်။

ပါစု မသဲမကွဲညည်းညူရင်း နောက်သို့ ကပျာကယာဆုတ်လိုက်လေသည်။

သူ၏လက်တစ်ဖက် တွဲလောင်းကျနေပြီး ဓားမှာမြေပေါ်လွတ်ကျသွားလေသည်။

စုံရသေ့က....



'ကဲ...အဖမ်းခံလိုက်စမ်း'

ဟု ငေါက်ကာ ရှေ့သို့ခုန်ဝင်လိုက်ပြီး ပါစုအား သွေးကြောပိတ်လိုက်လေသည်။

ပါစု ရှောင်တိမ်းဖို့ ကြိုးစားလိုက်ပါသည်။

သို့သော်....

ဒဏ်ရာရပြီးသည့်အပြင် စုရသေ့၏ လှုပ်ရှားမှု လျင်မြန်လွန်းလှသည် ဖြစ်ရကား မည်သို့မျှ မရှောင်နိုင်တော့ဘဲ သွေးကြောပိတ်ကာ အဖမ်းခံလိုက်ရလေတော့သည်။

* * *

ဦးဟာန်နှင့် ဦးကြွားတို့ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်နေကြလေသည်။

ဦးလောက်ရယ်က သူတို့အား ကျောခိုင်းထား၏။

အခန်းတွင်းသို့ တိတ်ဆိတ်ငြိမ်သက်ခြင်း မင်းမူနေသည်။

အတော်လေးကြာမှ ဦးလောက်ရယ်ထံမှ သက်ပြင်းချသံ သဲ့သဲ့ ထွက်ပေါ်လာသည်။

ဦးဟန်တို့ဘက်သို့ လှည့်လိုက်ပြီး....

'ကဲ....ခုတော့ ဘယ်လိုလုပ်ကြမလဲ၊ ကျင်းလိန်မြို့စားက ငါတို့ထက် တစ်ပန်းသာသွားပြီ'

ဟု ပြောလေသည်။

ဦးဟန် အံကြိတ်လိုက်သည်။

'ကျွန်တော် စိတ်မထိန်းနိုင်အောင် ဖြစ်သွားလို့ပါပေဖေ၊ ကြေးစားလူသတ်သမားတစ်ယောက်ကို တွေ့ထားပြီးတဲ့နောက် မေးဆီးပြီး တရားဥပဒေအရ....'

သူ၏စကားမဆုံးမီ ဦးလောက်ရယ်က လက်ကာပြလိုက်ပြီး ကြားဖြတ်ပြောလိုက်လေသည်။

'မင်း စိတ်လိုက်မာန်ပါ လုပ်လိုက်တော့ ကျင်းလိန်မြို့စားက မင်းကို လက်မခံတော့ဘူး မဟုတ်လား၊ တကယ်ဆို ဖုံးစုရဲ့ဆီက ကြေးစားတွေအကြောင်း သိရတာနဲ့ ငါဆီကို ချက်ချင်း သတင်းပို့ဖို့ ကောင်းတယ်၊ ငါက ကျင်းလိန်မြို့စားထက်



ဦးအောင် လှုပ်ရှားနိုင်လိမ့်မယ်ဆိုတာ မင်းမစဉ်းစားမိဘူးလား'

ဦးဟန်က....

'ကျွန်တော် မှားသွားပါတယ်ဖေဖေ'

ဟု အပြစ်ကို ဝန်ခံလိုက်လေသည်။

ဦးလောက်ရယ်က....

'ဦးကြွားက သားတို့လူတစ်ယောက်ကို ကျင်းလိန်မြို့စားဆီမှာ သွင်းမထားနိုင်ဘူးဆိုရင် ပြီးပြီပေါ့၊ ဘာမှတတ်နိုင်မှာ မဟုတ်ဘဲ လက်ပိုက်ကြည့်နေဖို့ပဲ ရှိတော့တယ်'

ဦးကြွားက....

'ကျုပ်တို့လူက ကျင်းလိန်မြို့စားရဲ့ လှုပ်ရှားမှုကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး သတင်းပို့ပါလိမ့်မယ် သခင်ကြီး'

ဦးလောက်ရယ်က....

'အင်း....သူ့ဆီကသတင်းကို စောင့်နေဖို့ပဲ ရှိတော့တာပေါ့'

ထိုစဉ်....

‘ဒေါက်....ဒေါက်’

တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

ဝူးလောက်ရယ်က....

‘ဝင်ခဲ့’

ဟု ပြောလျှင် တံခါးပွင့်သွားပြီး အစေခံတစ်ယောက် လှမ်းဝင်လာလေသည်။

အစေခံသည် ဝူးလောက်ရယ်အား အရိုအသေပြုရင်း....

‘သိမ်းငှက်ဆီက စာတစ်စောင် ရောက်လာပါတယ်သခင်’

ဟု ပြောလေသည်။

အသင့်ယူလာသည့် စာကိုလည်းလက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ပေးလေသည်။

ဝူးလောက်ရယ်က ဆတ်ခနဲယူကာ ဖတ်ကြည့်လိုက်၏။ သူ၏ မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပလာပြီး မျက်နှာပေါ်တွင် ကျေနပ်နှစ်သိမ့်သည့် အသွင်သဏ္ဌာန်များ ဖြစ်ပေါ်လာလေသည်။

စာဖတ်ပြီးလျှင် ဦးခေါင်းကဆတ်ဆတ်ညိတ်ကာ....



‘သိမ်းငှက်ကို ဆုလာဘ် ချီးမြှင့်ရဦးမယ်’

ဟု ပြောလေသည်။

ဝူးဟန် မနေနိုင်တော့ဘဲ....

‘ဖေဖေ သိမ်းငှက်က ဘာသတင်းပို့လိုက်တာလဲဟင်’

ဟု မေးလေသည်။

ဝူးလောက်ရယ်က....

‘ဖုံးစုရဲက ဒုတိယသားကောင်ကို ဖော်ထုတ်ပေးလိုက်ပြီလေ၊ စုရဒေသက လက်ရဖမ်းဆီးလာနိုင်ခဲ့တယ်လို့ သတင်းပို့လိုက်တယ်’

‘ဟင်’

‘ကြေးစားငါးယောက်ထဲက ဝမ်းလီသေသွားပြီ၊ အခုပါစုကို ကျင်းလိန်မြို့စားက လက်ရဖမ်းဆီးထားလိုက်ပြီး သူတို့ အောင်ပွဲခံလိုက်ကြတာပေါ့၊ သိပ်ကောင်းတယ်၊ ငါကလဲ ဒါမျိုးပဲ ကြိုက်တယ်’

‘ဖေဖေ’

ဝူးဟန် အထိတ်တလန့်ရေရွတ်လိုက်လေသည်။

ဦးလောက်ရယ်က လက်ကာပြကာ....

'သူတို့ဟာ ကျန်တဲ့သုံးယောက်ကို ဖမ်းမမိမချင်း ပါစုကို ချုပ်နှောင်ထားကြလိမ့်မယ်၊ တရားခံတွေအားလုံးစုံမှ ဥပဒေအရ စီရင်ကြလိမ့်မယ်၊ ဒါဟာ တို့အတွက် အခွင့်အရေးပေါ့'

ဦးဟန်သည် ခေါင်းဖြစ်သူကို နားမလည်နိုင်စွာ ကြည့်လိုက်လေသည်။

ဦးလောက်ရယ်က....

'ဦးဟန်....မင်းက ရန်သူကို ချေမှုန်းချင်တာလောက်ပဲသိတော့ အခွင့်အရေးကို ဘယ်နားလည်နိုင်တော့မှာလဲ၊ ငါတို့က အခြေအနေစောင့်ကြည့်နေရုံပဲ၊ အချိန်တန်ရင် သူတို့ ဖမ်းဆီးချုပ်နှောင်ထားတဲ့တရားခံတွေကို ဝင်ကယ်ပြီး တို့ရဲ့ခေါင်းဖြဝင်းကို ခေါ်လာရုံပဲ၊ တို့ဆီကိုရောက်လာပြီဆိုတော့ တို့ရဲ့သဘောအတိုင်းပဲပေါ့'

စကားဆုံးလျှင် သဘောကျစွာ ဟားတိုက်ရယ်မောလိုက်လေသည်။

ယခုမှ....

ဦးလောက်ရယ်၏အကြံအစည်ကို ဦးဟန် သဘောပေါက်နားလည်သွားလေတော့သည်။



ဦးကြွားက....

'ဒါဆို ကျုပ်က တရားခံတွေကို ဘယ်မှာဖမ်းဆီးချုပ်နှောင်ထားတယ်၊ ဘယ်လိုစီမံစောင့်ကြပ်ထားတယ်ဆိုတာ စုံစမ်းလိုက်မယ်၊ သခင်ကြီး ခွင့်ပြုပါ'

ဟု ပြောလေသည်။

ဦးလောက်ရယ် သဘောတူလိုက်သည်။

'ကောင်းပြီ၊ အခြေအနေအရပ်ရပ်ကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး ကျုပ်ဆီသတင်းပို့ပါ၊ တရားခံတွေကို ဘယ်လိုဝင်ကယ်ရမယ်ဆိုတာ ကြိုတင် စီစဉ်ပြင်ဆင်ထားဖို့လိုမယ်၊ ကျုပ်တို့ရဲ့ အကြံအစည်ကို ကျင်းလိန်မြို့စား ရိပ်မိမသွားဖို့ကိုလဲ ကြပ်ကြပ် ဂရုစိုက်ကြပါ'

ဦးကြွားက....

'စိတ်ချပါသခင်ကြီး၊ ကျုပ် အခုပဲသွားပြီး စီစဉ်လိုက်ပါ့မယ်၊ ခွင့်ပြုပါဦး'

ဦးလောက်ရယ်ကိုနှုတ်ဆက်ကာ အခန်းတွင်းမှ ထွက်သွားလေသည်။

ဦးဟန်က....

'ဖေဖေ ...ကျွန်တော်က....'

ဦးလောက်ရယ်က....

'မင်းက ရုပ်ဖျက်ပြီး တဘီယခရီးတစ်ထောက်နားစခန်းမှာ သွားစောင့်နေပေတော့၊ ဖုံးစုရဲ့ကို လက်ရဖမ်းနိုင်ရင် ငါတို့ ဆန္ဒအတိုင်း လုပ်ချင်ရာ လုပ်နိုင်သိမ့်မယ်၊ ကျောင်းလိန်မှုစားသ ဘာမှဘတ်နိုင်တော့မှာ မဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ ပီရိ သေချာမှုဖြစ်မယ်၊ ငါတို့ခေါးခြံဝင်းရဲ့သက်ချက်ဆိုဘာ ပေါ် ပေါက်သွားရင် မျက်နှာ ခေါးနဲ့သိုးပစ်ဖို့ပဲရှိတော့တယ်'

ဦးဟန် စိတ်လှုပ်ရှားလာလေသည်။

'စိတ်ချပါဖေဖေ၊ ကျွန်တော် ကြိုးစားဆောင်ရွက်မှာပါ'
'ကဲ ...ဒါဆို မင်းသဲသွားတော့'

'ဟုတ်ကဲ့ဖေဖေ'

ဦးဟန်သည် ဖခင်ဖြစ်သူကိုနှုတ်ဆက်ကာ လျှင်မြန်စွာ ထွက် ခွာသွားလေတော့သည်။

* * *



တည်းခိုခန်းနှင့်မျက်နှာချင်းဆိုင်တွင် စားသောက်ဆိုင်လေး တစ်ဆိုင်ရှိလေသည်။

ထိုစားသောက်ဆိုင်လေး၏ ပြတင်းပေါက်နှင့် ကပ်လျက် ရှိသော စားပွဲတစ်လုံး၌ လူရွယ်တစ်ယောက်နှင့် အဘွားအို တစ်ယောက်တို့ ထိုင်ကာ စားသောက်နေကြလေသည်။

ထင်စန်းနှင့် အဘွားအိုတစ်ပိုင်း ကျန်းရှူ တို့ ဖြစ်ပါသည်။
သူတို့သည် ဖုံးစုရဲအား နောက်ယောင်ခံလိုက်လာကြခြင်း ဖြစ်လေသည်။

ပထမခရီးတစ်ထောက်နားစခန်းသို့အရောက်တွင် ဖုံးစုရဲက ဝမ်းလီအပေါ် သစ္စာဖောက်လိုက်သည်ကို သူတို့မသိခဲ့ကြပါ ချေ။

ယခု....

ဒုတိယခရီးတစ်ထောက်နားစခန်းသို့ ရောက်လာကြပြီ ဖြစ် သည်။

ယခုတစ်ကြိမ်၌လည်း ဖုံးစုရဲက ပါစုအပေါ် သစ္စာဖောက် လိုက်သည်ကို သူတို့မသိကြသေးချေ။

သို့သော်....

ဖုံးစုရဲသည် ကျင်းလိမ်မှို့စားတို့လူစုနှင့် လက်ပွန်းတတီး ရှိနေသည်ကို တွေ့ရသဖြင့် စိတ်ထဲဘဝင်မကျဖြစ်နေကြပေတော့သည်။

ကျန်းရှူက အရက်တစ်ခွက်သောက်လိုက်ပြီး....

'အခြေအနေကြည့်ရတာ အစ်ကိုကြီးဟာ မရိုးသားတော့ဘူးကွ'

ဟုပြောလေသည်။

ထိုစကားကို တစ်လမ်းလုံး ပြောလာခဲ့သည်ဖြစ်ရာ ထင်စန်း နားညည်းနေပြီဖြစ်သည်။

သို့ပါသော်လည်း ကျန်းရှူပြောသလို ဖြစ်နိုင်သည်မို့ ဘာမှမပြောသာပေ။

ကျန်းရှူက....

'ငါတော့ အစ်ကိုကြီးနဲ့ဝင်တွေ့လိုက်ချင်တယ်၊ မင်းကော ဘယ်လိုသဘောရသလဲ'

ဟုမေးလေသည်။

ထင်စန်းက....



'ဟာ....ဖြစ်ပါ့မလားကွာ'

'ဘာကြောင့်မဖြစ်ရမှာလဲ၊ ငါတို့ ခေါင်မိုးပေါ်က ဖောက်ဝင်ကြမယ်'

ထင်စန်းက တည်းခိုခန်းဆီသို့ လှမ်းကြည့်လိုက်လေသည်။

တည်းခိုခန်းသည် အခြားသော အဆောက်အအုံများနှင့် ယှဉ်ပြီး တည်ရှိနေ၏။

ဝဲဘက်ရှိ အိမ်တစ်လုံးပေါ်မှတစ်ဆင့် တည်းခိုခန်းခေါင်မိုးပေါ်သို့ ကူး၍ရကြောင်း သတိပြုမိလိုက်သည်။

ခေါင်မိုးပေါ်မှဖောက်ဝင်လျှင် ဖြစ်နိုင်စရာရှိသည်ဟု တွေးမိလိုက်လေသည်။

သို့သော်....

'နေ့ခင်းကြောင်တောင် ဝင်လို့တော့ မဖြစ်ဘူးထင်တယ်'

ဟုပြောလိုက်သည်။

ကျန်းရှူက....

'အေးလေ....ညဘက်မှဝင်ကြတာပေါ့၊ ဟော ဟိုမှာကြည့်စမ်း'

ထင်စန်းလှမ်းကြည့်လိုက်ရာ တည်းခိုခန်း၏ ပြတင်းပေါက်တစ်ခုပွင့်လာပြီး လူတစ်ယောက်၏ ကိုယ်တစ်ပိုင်း ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

'အစ်ကိုကြီးပါလား'

ထင်စန်းရေရွတ်လိုက်သည်။

မှန်ပေသည်။

ဖိုးစုရဲသည် ပြတင်းတံခါးကိုဖွင့်ကာ အပြင်ဘက် ငေးမျှော်ကြည့်လိုက်ခြင်း ဖြစ်သည်။

ထင်စန်းက....

'တို့တစ်တွေ ဒီမှာရှိတယ်ဆိုတာ အစ်ကိုကြီးကို အချက်ပြလိုက်ရင် မကောင်းဘူးလား'

ဟု ပြောလိုက်သည်။

ကျန်းရှုက....

'နေဦး ဟိုမှာကြည့်ဦး'

တစ်နေရာဆီသို့ ညွှန်ပြကာ ပြောလိုက်၏။

ထိုအခါ....



တည်းခိုခန်း၏ ယာဘက်တွင် လူအချို့ရှိနေပြီး ငိုင်းဖွဲ့စကားပြောဆိုနေကြသလိုမျိုးဖြင့် ဖိုးစုရဲ၏အခန်းဆီသို့ အကဲခတ်ကြည့်နေကြသည်ကို တွေ့ရလေသည်။

ထင်စန်းရင်ထိတ်သွား၏။

'သူတို့က အစ်ကိုကြီးကို မျက်ခြည်မပြတ် စောင့်ကြည့်နေကြတာကိုး'

ဟု ရေရွတ်လိုက်မိလေသည်။

ကျန်းရှုက....

'အေး....ခုနေ အစ်ကိုကြီးနဲ့ဆက်သွယ်လိုက်ရင် သူတို့ရိပ်မိသွားကြလိမ့်မယ်၊ အေးအေးဆေးဆေး စောင့်ကြည့်နေတာအကောင်းဆုံးပဲ'

ထင်စန်းက ဖိုးစုရဲကို လှမ်းကြည့်လိုက်လေသည်။

ထိုစဉ်....

ဖိုးစုရဲသည် အပျင်းဆန့်သည့်သဘောမျိုးဖြင့် လက်နှစ်ဖက်အပေါ်ဆန့်ကာ ဝေ့ယမ်းလိုက်သည်ကို တွေ့ရလေသည်။

'ဟင်'

'ဟာ'

ထင်စန်းနှင့် ကျန်းရှူတို့ လွှတ်ခနဲ ရေရွတ်မိလိုက်ကြလေသည်။

သူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေသည်။

ထင်စန်းက....

'အစ်ကိုကြီးက အချက်ပြနေတာပဲ'

ဟု ရေရွတ်လိုက်သည်။

ကျန်းရှူက....

'ဟုတ်တယ်'

'တို့ကို အချက်ပြတာတော့ မဖြစ်နိုင်ဘူး'

'အေးလေ....ငါတို့က သူ့ကိုမြင်ပေမယ့် သူက ငါတို့ကို မြင်ဖို့မှမလွယ်တာ'

သေသေချာချာ ဂရုစိုက်ကြည့်မှသာ သူတို့နှစ်ယောက်အား ဖုံးစုရဲ တွေ့မြင်နိုင်မည်ဖြစ်သည်။

ဤသို့ဆိုလျှင်....

ဖုံးစုရဲသည် မည်သူ့အား အချက်ပြနေပါသနည်း။



ထင်စန်းက....

'ဒါဟာ လမ်းခုလတ်မှာ အစီအစဉ်စမယ်ဆိုတဲ့ သဘောပဲ'

'ဟုတ်တယ်၊မြင်းလှည်းပျက်ချွင်ဟန်ဆောင်ရမယ်လို့ အချက်ပြတာပဲ'

'နေပါဦး....အစ်ကိုကြီးက ဘာသဘောနဲ့ ခုလို အချက်ပြနေတာလဲ'

ကျန်းရှူက....

'ငါဘယ်သိမလဲကွ၊ အစ်ကိုကြီးဟာ အင်မတန် ဉာဏ်များတယ်ဆိုတာ မင်းလဲအသိပဲ'

ထင်စန်း ပါးစပ်ပိတ်ထားလိုက်လေသည်။

ကျန်းရှူက....

'နေဦး....ငါတစ်ခုစဉ်းစားမိဘာသ်'

'ဘာများလဲကွ'

'ငါတို့ အစ်ကိုကြီးကို တွေ့ကြရပေမယ့် အစ်မကြီး၏ အရိပ်အယောင်တောင် မတွေ့ရဘူး မဟုတ်လား'

ထင်စန်း လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'ဟုတ်သားပဲ၊ ဒါဆို အစ်ကိုကြီးအချက်ပြနေတာ အင်ပကြီးကိုပဲ ဖြစ်ရမယ်'

နှစ်ယောက်သား ပတ်ဝန်းကျင်၌ မျက်လုံးဝေ့ကာ ရှာဖွေကြည့်လိုက်ကြလေသည်။

အစ်ကိုကြီး၏ ဇနီးသည်အရိပ်အယောင်ကိုပင် မတွေ့ရချေ။

ထင်စန်းက....

'တို့ဘာဆက်လုပ်မလဲ'

ဟု မေးလိုက်သည်။

ကျန်းရှုက....

'ညကျမှ မီးစင်ကြည့်ကကြတာပေါ့ကွာ'

'ကောင်းပြီလေ'

ထင်စန်း သဘောတူလိုက်သည်။

သူတို့သည် အေးအေးဆေးဆေး စားသောက်ရင်း အချိန်ဖြုန်းနေလိုက်ကြသည်။

* * *



'ဒေါက်....ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် တံခါးပွင့်သွားပြီး ကျင်းလိန်မြို့စားက အခန်းတွင်းသို့လှမ်းဝင်လာလေသည်။

ပြတင်းပေါက်အနီး၌ ရပ်နေသော ဖုံးစုရဲသည် လှည့်ကြည့်လိုက်ပြီး....

'သြော်....မြို့စားကြီးကိုး'

'ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားအတွက် သတင်းကောင်းပါလာပါတယ်'

'ဘာလဲ....ပါစုကို ဖမ်းမိပြီလား'

ကျင်းလိန်မြို့စား ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ သူ့ကို လက်ရဖမ်းမိလိုက်တယ်'

ဖုံးစုရဲ ပြုံးလိုက်သည်။

'သူဝန်ခံတယ် မဟုတ်လား'

'ခုထိတော့ ဝန်မခံသေးဘူး၊ ဒါပေမယ့် သူဟာ ကြေးစားလူသတ်သမားတစ်ယောက်ဆိုတာ ကျုပ်တို့ ဖော်ထုတ်နိုင်ခဲ့ပါ

ပြီ၊ ကျုပ်တို့ရထားတဲ့ သက်သေ အထောက်အထားတွေနဲ့ ကျုပ်ရဲ့ဂေဟာထဲဝင်ပြီး တုဝေယင်းကို လုပ်ကြံသွားတဲ့ လူငါးယောက်ထဲမှာ သူဟာ တစ်ယောက်အပါအဝင်ဆိုတာ ထင်ရှားနေပါတယ်'

ဖုံးစုရဲက....

'ကျုပ်က မဟုတ်တဲ ဘယ်ပြောပါ့မလဲဗျာ၊ ပါစုဟာ ကျုပ်အတွက် ယုံကြည်စိတ်ချရတဲ့ ကောင်လေးတစ်ယောက်ပါပဲ၊ သူ့ကို ခုလိုဆုံးရှုံးလိုက်ရတာ တကယ်တော့ ဝမ်းနည်းစရာကောင်းတယ်ဗျ'

ကျင်းလိန်မြို့စား မဲ့ပြုံးပြုံးလိုက်သည်။

'ဘာလဲ၊ ခင်ဗျားက ကြေးစားလုပ်ငန်းကို မစွန့်လွှတ်ချင်သေးဘူးလားဗျ'

ဖုံးစုရဲက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် အရေးနိမ့်သွားပါပြီဗျာ၊ ထင်ပြီးလှုပ်ရှားဖို့ စိတ်မကူးတော့ပါဘူး၊ နယ်ခြားမှာပဲ အေးအေးဆေးဆေး ဇာတ်မြုပ်နေပါတော့မယ်'

ကျင်းလိန်မြို့စားက....



'ခင်ဗျား ထပ်ပြီး လှုပ်ရှားမယ်ဆိုရင်လဲ ဘယ်သူကမှ ခင်ဗျားကို ချမ်းသာပေးကြမှာ မဟုတ်ဘူးဆိုတာ မှတ်ထားစမ်းပါ'

ဖုံးစုရဲက....

'ဒါတွေ ထားလိုက်ပါတော့လေ၊ ကျုပ်က အမြန်ဆုံး ခရီးဆက်မယ်လို့ စိတ်ကူးထားတယ်၊ အဲဒါ'

'စိတ်ချ၊ မနက်ဖြန်မနက် ခင်ဗျား ခရီးဆက်ရပါလိမ့်မယ်'

'ကျုပ်က ဒီကနေ့ပဲ သွားချင်တာ'

'ဒီနေ့တော့ မဖြစ်သေးဘူး'

'ဘာကြောင့်လဲ'

'ခုချိန်မှာ ခရီးသွားရင် ညမိုးချုပ်တဲ့အခါ နားခိုစရာမရှိတဲ့ တောအုပ်ထဲ ရောက်နေတော့မှာပေါ့'

ဖုံးစုရဲက....

'ကိစ္စမရှိပါဘူး၊ ညဘက်ဆက်သွားလို့လဲ ဖြစ်ပါတယ်ဗျာ'

ကျင်းလိန်မြို့စား လက်မခံပါ။

'ခင်ဗျား သွားချင်ပေမယ့် ကျုပ် ခွင့်မပြုနိုင်ဘူး'

ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ဖုံးစုရဲ့ တောင်ပိုင်းသို့ ထွက်လာသည့် ခရီးတစ်လျှောက်တွင် မည်သည့်လမ်းက သွားရမည်။ မည်သည့်နေရာ၌ ရပ်နားရမည် ဆိုသည်ကို ကျောင်းလိန်မြို့စားက အကွက်စေ့အောင် စီစဉ်ထားခဲ့လေသည်။

သူ၏အစီအစဉ်အတိုင်း ကွက်တိဖြစ်နေလျှင် ဖုံးစုရဲ့ လမ်းခရီး၌ ထွက်ပြေးဖို့ ကြိုးပမ်းနိုင်လိမ့်မည် မဟုတ်ချေ။

ဖုံးစုရဲ့က ကျောင်းလိန်မြို့စားကို စိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားကို ကြည့်ရတာ ကျုပ်သူငါးယောက်ကို ဖော်ထုတ်ပေးပြီးရင်တောင် ကျုပ်ကို လွှတ်ပေးမယ့်ပုံမရှိဘူး၊ ဒီအတိုင်းဆိုရင်တော့ ကျန်တဲ့သုံးယောက်ကို ဖော်ထုတ်ပေးလို့ မဖြစ်တော့ဘူး ထင်တယ်'

ဟု ပြောလိုက်၏။

ကျောင်းလိန်မြို့စား လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ကျုပ်က ခင်ဗျားကို လွှတ်ပေးမယ်လို့ ပြောပြီးပြီပဲဗျ'

ဖုံးစုရဲ့ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မယုံဘူး'



ကျောင်းလိန်မြို့စားက....

'ဒါဆိုလဲ ကျန်တဲ့သုံးယောက်အကြောင်း တစ်ခါတည်းသာ ပြောပြလိုက်ပါ၊ သူတို့ကို ဖမ်းမိတာနဲ့ ခင်ဗျားကို ချက်ချင်းလွှတ်ပေးလိုက်မယ်'

ဖုံးစုရဲ့က....

'ကျုပ်ပြန်ပြီး စဉ်းစားရဦးမယ်၊ ကျုပ်သွားမယ့် လမ်းတစ်လျှောက်မှာ ခင်ဗျားရဲ့လူတွေကို ကြိုတင်နေရာချထားပြီး ကျုပ်ကို မျက်ခြည်မပြတ် စောင့်ကြည့်ခဲ့တယ်ဆိုတာ ကျုပ်သိတယ်၊ နောက်ဆုံး ခရီးဆောက်စခန်း ရောက်သို့တောင် ကျုပ်လွတ်မြောက်ဖို့ မလွယ်ဘူး'

ကျောင်းလိန်မြို့စားက....

"ကျုပ်ကတိပေးတယ်၊ ခင်ဗျားကို လွှတ်ပေးမယ်'

'ခင်ဗျား တကယ်ပြောတာလား'

'ဒါထက်ပိုပြီး ကျုပ်လဲ ဘာမှမပြောတတ်တော့ဘူး'

ဖုံးစုရဲ့ အနည်းငယ်စဉ်းစားလိုက်ပြီး....

'ကျုပ်ကို တကယ်လွှတ်ပေးမယ်ဆိုရင် ဒီကနေ့ပဲခရီးဆက်ချင်တယ်၊ ခရီးမထွက်ခင် ကျုပ်လူနှစ်ယောက် အကြောင်းပြောပြပါ့မယ်'

ထိုစကားကြားလျှင် ကျင်းလိန်မြို့စား စိတ်ဝင်စားသွားလေသည်။

'နှစ်ယောက်ဟုတ်လား'

'ဟုတ်တယ်၊ လွတ်မြောက်နေကြသေးတဲ့ ကျုပ်လူသုံးယောက်ထဲက နှစ်ယောက်အကြောင်းပြောပြမယ်'

ကျင်းလိန်မြို့စားသည် ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ သဘောတူလိုက်လေသည်။

'ကောင်းပြီ....ဒီကနေ့ပဲ ခင်ဗျားခရီးထွက်နိုင်အောင် ကျုပ်စီစဉ်ပေးမယ်'

ဖုံးစုံရဲက....

'ခင်ဗျားလိုက်လျှောမယ်ဆိုရင် ပြောပြရတာ ပေါ့ဗျာ။ ကျန်တဲ့သုံးယောက်ထဲက နှစ်ယောက်ဟာ ကျန်းရှုနဲ့ထင်စန်းတို့ဟာ....'

ပြတင်းပေါက်မှတစ်ဆင့် တည်းခိုခန်းနှင့် မျက်နှာချင်းဆိုင်ရှိ စားသောက်ဆိုင်လေးဆီသို့ ညွှန်ပြကာ....

'ဟိုဆိုင်ထဲမှာရောက်နေကြတယ်'

ဟု ပြောလိုက်လေသည်။



ဖုံးစုရဲသည် ထင်စန်တို့စားသောက်ဆိုင်ထဲ၌ ရှိနေသည်ကို တွေ့မြင်ထားခဲ့သည်တကား....

ကျင်းလိန်မြို့စား ဘာမှမပြောနိုင်တော့ဘဲ ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

* * *

ကျန်းရှုနှင့် ထင်စန်းတို့သည် စားသောက်ဆိုင်ထဲ၌ ထိုင်ကာ စားသောက်နေကြဆဲဖြစ်လေသည်။

ကျန်းရှုက အရက်တစ်ခွက်သောက်လိုက်ပြီး ဖုံးစုရဲ၏ အခန်းဆီသို့လှမ်းကြည့်လိုက်သည်။

ရုတ်တရက်မျက်မှောင်ကြုတ်သွားပြီး....

'အစ်ကိုကြီးက တစ်ယောက်ယောက်နဲ့ စကားပြောနေတယ်ကွ'

ဟု ပြောလေသည်။

ထင်စန်း လှမ်းကြည့်လိုက်သည်။

ဖုံးစုရဲသည် သူတို့ရှိနေသော စားသောက်ဆိုင်လေးဆီသို့ လက်ညှိုးညွှန်ပြလိုက်သည်ကို တွေ့လိုက်ရလေသည်။

ထင်စန်းရင်ထိတ်သွားပြီး....

'တို့ဘက်ကိုညွှန်ပြနေပါသားကွ၊ ဘာသဘောလဲ'

ကျန်းရှူက....

'ဟုတ်တယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ'

ဟု ရေရွတ်လိုက်၏။

ထိုစဉ်....

'ရှီ'

တည်းခိုခန်းရှေ့မှ လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်။

မရှေးမနှောင်းပင်....

'ရှီး....ရှီး....ရှီး'



အရပ်ခလေးမျက်နှာမှ လေချွန်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထင်စန်းနှင့်ကျန်းရှူတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထိုအချိန်မှာပင် မလှမ်းမကမ်းတစ်နေရာမှ ဝိုင်းဖွဲ့စကားပြောဆိုနေကြသူများသည် သူတို့ရှိနေသည့် စားသောက်ဆိုင်လေးဆီသို့ ဦးတည်ပြေးလွှားလာကြသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ကျန်းရှူက....

'သေချာပြီကွ'

ဟု ပြောလိုက်သည်။

ထင်စန်းက....

'ဘာလဲ'

'အစ်ကိုကြီး သစ္စာဖောက်လိုက်ပြီဆိုတာလေ'

'ဟေ'

'အံ့သြမနေနဲ့သူငယ်ချင်း၊ ပြေးဖို့သာပြင်ပေတော့'

စကားဆုံးလျှင် ကြမ်းပြင်ပေါ် ခြေထောက်ဆောင့်ကာ ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်ခုန်ထွက်လိုက်လေသည်။

အပြင်ဘက်ရောက်သွားလျှင်....

'ထင်စန်း....အစ်ကိုကြီးနဲ့ စာရင်းရှင်းရမယ်ကွ'

ဟု အော်ပြောကာ လျင်မြန်စွာ ပြေးလွှားသွားလေသည်။

'မပြေးနဲ့'

'လိုက်ဟေ့'

'မလွတ်စေနဲ့ကွ'

လူတစ်စုသည် ဩသံပေးကာ ကျန်းရှုနောက်သို့ တစ်ဟုန်ထိုး လိုက်သွားကြလေသည်။ ထင်စန်းလည်းမနေနိုင်တော့ပါ။

ထိုင်ရာမှထကာ ရှောင်တိမ်းသွားရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် ...

ခြေသံများ ကျယ်လောင်စွာထွက်ပေါ်လာပြီး လူတစ်စုသည် ဆိုင်ထဲသို့ ပြေးဝင်လာကြလေတော့သည်။

*　*　*



ထင်စန်းသည် အန္တရာယ်နှင့် ရင်ဆိုင် ကြုံတွေ့နေရပြီ ဖြစ်ကြောင်း သဘောပေါက်သွားပြီးဖြစ်သည်။

ထို့ကြောင့်....

စားပွဲပေါ်ရှိ အရက်အိုးကိုဆွဲယူကာ ဆိုင်ထဲ ပြေးဝင်လာသူများထံသို့ ပစ်ပေါက်လိုက်လေသည်။

ရှေ့ဆုံးမှ ပြေးဝင်လာသူက...

'သွားစမ်း'

ဟု အော်ငေါက်ပြီး လက်ဝှေ့ယမ်းလိုက်၏။

'ခွမ်း'

အရက်အိုး အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားလေသည်။

ထိုအချိန်မှာပင်....

'သေပေတော့'

ထင်စန်းက အော်ငေါက်ရင်း လက်နက်ပုန်းလေးများဖြင့် ပစ်ခတ်လိုက်လေသည်။

'ဝှစ်....ဝှစ်....ဝှစ်'

လက်နက်ပုန်းလေးများသည် ပျားပိတုန်းလေးများပမာ တစ်ဟုန်ထိုး ပစ်လွှင့်သွားလေသည်။

ဆိုင်ထဲသို့ စုပြုံဝင်လာကြသူများမှာ ထင်စန်းအား ဖမ်းဆီးရန် အလောတကြီး ဝင်လာကြသည်မို့ ရုတ်တရက်ရှောင်တိမ်းဖို့ အခက်အခဲဖြစ်သွားလေသည်။

'အား'

'အွန့်'

'အမယ်လေး'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

သိုင်းသမားအချို့ အတုံးအရုံး လဲကျသွားလေသည်။

ထင်စန်းသည် တုံ့ဆိုင်းမနေတော့ဘဲ ဆိုင်အနောက်ဘက်သို့ ပြေးဝင်သွားလေသည်။

အနောက်ဘက် တံခါးပေါက်မှ တစ်ဆင့် ထွက်ပြေးရန် ကြိုးစားလိုက်ခြင်းဖြစ်သည်။

သို့သော်....

ဆိုင်အနောက်ဘက်သို့ မရောက်မီ...



'မင်းပြေးလို့လွတ်မလား'

သိုင်းသမားတစ်စု အနောက်ဘက်အပေါက်မှ ပြေးဝင်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

စားသောက်ဆိုင်လေးအား သိုင်းသမားများ ဝိုင်းရံထားလိုက်ကြပြီဖြစ်ကြောင်း ထင်စန်း သဘောပေါက်လိုက်လေသည်။

အရှေ့ဘက်မှလည်းကောင်း၊ အနောက်ဘက် အပေါက်မှလည်းကောင်း သိုင်းသမားများ ပြေးဝင်လာကြရာ သူ့အား ဝိုင်းဖမ်းမမိခင် ဆိုင်အပေါ်ထပ်သို့ တက်ပြေးရတော့သည်။

အောက်ထပ်မှ ဆူဆူညံညံ အသံများကြောင့် ဆိုင်အပေါ်ထပ်၌ စားသောက်နေကြသူများ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြလေသည်။

ထင်စန်း ပြေးတက်သွားသောအခါ လူတစ်ယောက်က....

'ဘာဖြစ်တာလဲဗျ'

ဟု လှမ်းမေးလာလေသည်။

ထင်စန်းက....

'ဘာဖြစ်တယ်ဆိုတာ သိချင်ရင် အောက်ကိုဆင်းကြည့်ပေါ့'

ပြောရင်း ထိုလူအား ဆောင့်ဆွဲကာ လှေကားအတိုင်း အောက်ဘက်သို့ တွန်းချလိုက်လေသည်။

'အမယ်လေး သေပါပြီဗျာ'

ထိုလူသည် ညည်းတွားရင်း လှေကားအတိုင်း ဆိုင်အောက်ထပ်သို့ တလိမ့်ကောက်ကွေး ပြုတ်ကျသွားလေသည်။

ပြေးလိုက်လာကြသော သိုင်းသမားများမှာ ထိုလူကြောင့် အနှောင့်အယှက်ဖြစ်သွားကြလေသည်။

အချို့မှာ ထိုလူကို ရှောင်တိမ်းရင်း ဟန်ချက်ပျက်ကာ အောက်ဘက်သို့ လန်ကျသွား၏။

အချို့ကား အချင်းချင်း တိုးမိတိုက်မိဖြစ်ကုန်သည်။

ရုတ်တရက်....

ထင်စန်းနောက်သို့ ထက်ကြပ်မကွာလိုက်သွားရန် မဖြစ်နိုင်ပါတော့ချေ။

ထင်စန်းသည် အပေါ်ထပ်သို့ ရောက်သွားလျှင် တွေဝေမနေဘဲ ခုံတစ်လုံးဆွဲယူကာ ခေါင်မိုးကို ပစ်ပေါက်လိုက်၏။

'ဝုန်း'



ကျယ်လောင်သော မြည်သံ ထွက်ပေါ်လာသည်။

ခေါင်မိုးပေါ်တွင် အပေါက်ကြီးတစ်ပေါက် ဖြစ်ပေါ်လာ၏။

ထင်စန်းသည် ကြမ်းပြင်ပေါ်ခြေဆောင့်ကာ အပေါ် ခုန်တက်လိုက်သည်။

ခေါင်မိုးအပေါက်ကြီးမှတစ်ဆင့် အပြင်ဘက်သို့ ထိုးထွက်လိုက်၏။ တစ်ခဏအတွင်းမှာပင် သူ၏ခန္ဓာကိုယ်သည် ခေါင်မိုးပေါ်သို့ ရောက်ရှိသွားလေသည်။

ထင်စန်းက ခေါင်မိုးပေါ်မှ ဖြတ်ပြေးကာ အခြား အိမ်ခေါင်မိုး တစ်ခုပေါ် ခုန်ကူးလိုက်၏။

ခေါင်မိုးတစ်ခုမှ တစ်ခုကူးရင်း တစ်ဟုန်ထိုး ပြေးသွားရာ နောက်မှလိုက်လာကြသူများ မျက်ခြည်ပြတ်သွားကြလေသည်။

* * *

ကျန်းရှူက ဆိုင်အပြင်ဘက် ခုန်ထွက်လိုက်သည်နှင့် ကျယ်လောင်သော အော်ဟစ်သံများနှင့်အတူ လူတစ်စု ပြေးလွှားလာကြလေသည်။

ကျန်းရှူက တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

'မပြေးနဲ့'

'ရပ်လိုက်စမ်း'

သိုင်းသမားများသည် ငြာသံပေးရင်း ပြေးလိုက်လာကြလေသည်။

ကျန်းရှူက ခြေလှမ်းရပ်လိုက်သည်နှင့် သူ့အား ဝိုင်းပြီးအမဲဖျက်ကြတော့မည် ဖြစ်ကြောင်း သဘောပေါက်ထားရာ ဆက်၍ ပြေးသွားလိုက်လေသည်။

ထိုစဉ်....

သိုင်းလောကသားများသည် ဟိုမှသည်မှ ထွက်ပေါ်လာကြပြီး ကျန်းရှူအား ဟန့်တားဖို့ ကြိုးစားလိုက်ကြလေသည်။

ကျန်းရှူက....

'ဘေးဖယ်လိုက်စမ်း'

ထိုင် ၁၁၈၀



ဟု အော်ဟစ်ကာ ရှေ့မှ လမ်းပိတ်ဟန့်တားဖို့ ကြိုးစားသူများအား လက်နှက်ပုန်းများဖြင့် ပစ်ခတ်လိုက်သည်။

'အား'

'အွန်'

'အမယ်လေး'

စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာသည်။

ရှေ့မှဟန့်တားလာကြသူများ ဖရိုဖရဲဖြစ်သွားကြလေသည်။

ကျန်းရှူသည် ထိုလူများကြားမှ တစ်ဟုန်ထိုးဖြတ်ပြေးကာ လမ်းကြားတစ်ခုဆီသို့ ချိုးကွေ့ဝင်လိုက်၏။

'မလွှတ်စေနဲ့'

'လိုက်ဟေ့'

ငြာသံများနှင့်အတူ သိုင်းသမားများ တစ်ဟုန်ထိုး လိုက်လာကြပါသည်။

ကျန်းရှူ အခက်ကြုံသွားသည်။

'ဒါဒီအတိုင်းဘွတ်ခြေပြေးလို့ လွတ်မှာမဟုတ်ဘူး'

ဟု တွေးပြီး အနီးရှိ အိမ်တစ်လုံးဆီသို့ ပြေးဝင်လိုက်လေသည်။

အိမ်သားများသည် ပြေးဝင်လာသည့် ကျန်းရှူကို ကြည့်ကာ အံ့ဩသွားကြလေသည်။

'ဟေ့....ဟေ့....မင်းဘယ်သူလဲ'

'ဘာဖြစ်လို့ အိမ်ထဲဝင်လာရတာလဲ'

ဟု အော်ဂေါက်လာကြလေသည်။

ကျန်းရှူ ဂရုမစိုက်ပါ။

'သွားကြစမ်းပါ'

အိမ်သားများကို တွန်းဖယ်ပစ်ရင်း အိမ်အနောက်ဘက်သို့ ပြေးသွားလိုက်သည်။

အနောက်ဘက်တံခါးကို တွန်းဖွင့်ကာ နောက်ဖေးလမ်းကြားထဲသို့ ပြေးဆင်းလိုက်၏။

'ဝုတ်....ဝုတ်'

နောက်ဖေးလမ်းကြားတွင် အစာရှာစားနေသည့် ခွေးတစ်ကောင်က ရုတ်တရက် ထိုးဟောင်လိုက်သည်။



ကျန်းရှူက လုံးဝ ဂရုမစိုက်ဘဲ နောက်ဖေးလမ်းကြားအတိုင်း ပြေးလွှားသွားလေသည်။

ပြေးသွားရင်း သူ၏ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်ပစ်လိုက်သည်။

ဦးခေါင်းပေါ်မှ ဆံပင်အတုကို ဖြုတ်ပစ်လိုက်သည်။

သူ၏ ပုံပန်းသဏ္ဍာန်သည် အဘွားအိုတစ်ယောက်မှသည် လူရွယ်တစ်ယောက် အသွင်သို့ ပြောင်းလဲသွားလေတော့သည်။

ကျန်းရှူသည် နောက်ဖေးလမ်းကြားထဲမှတစ်ဆင့် လမ်းပေါ်သို့ ပြေးထွက်လိုက်ပြီး ခပ်တည်တည် လျှောက်သွားလေသည်။

'မလွှတ်စေနဲ့'

'လိုက်ဟေ့'

အော်ဟစ်ပြောသံပေးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သိုင်းသမားများသည် နောက်ဖေးလမ်းကြားထဲမှ စုပြုံပြေးထွက်လာကြသည်။

သို့သော်....

လမ်းပေါ်သို့ ရောက်သောအခါ ကျန်းရှုကိုမတွေ့ရတော့ပါ။

ကျန်းရှုသည် အခြားသော လမ်းသွားလမ်းလာများနှင့် အတူ ရောနှောကာ သွားနေပါ၏။

ဒရောသောပါး ပြေးထွက်လာသည့် သိုင်းလောကသားများကို အကဲခတ်ကြည့်နေလိုက်သေး၏။

အဘွားအိုတစ်ယောက်အသွင် မရှိတော့သဖြင့် သိုင်းသမားများသည် သူ့အား သတိမပြုမိကြတော့ပြီ ဖြစ်သည်။

ထင်စန်းနည်းတူ ကျန်းရှုလည်း လွှတ်မြောက်သွားခဲ့လေတော့သည်။

* * *

'တောက်'

ကျင်းလိန်မြို့စား မကျေမနပ်ဖြင့် တက်ခေါက်လိုက်လေသည်။



ထင်စန်းနှင့် ကျန်းရှုအား သွားရောက် ဖမ်းဆီးရာတွင် မအောင်မြင်ကြောင်း သိရသဖြင့် ခံပြင်းနေခြင်းဖြစ်လေသည်။

ဖိုးစုရဲက...

'တကယ်ဆို ကျုပ်သူနှစ်ယောက်အကြောင်း သေသေချာချာ မေးမြန်းပြီး ဘယ်လို အမိဖမ်းရမယ်ဆိုတာ ကျုပ်ဆီက အကြံဉာဏ်ရယူသင့်တာပေါ့ဗျာ၊ ခုတော့ ခင်ဗျားက အလောတကြီး လုပ်လိုက်တော့ မလွှတ်သင့်တဲ့ လွှတ်သွားရတာပေါ့'

ဟု ပြောလိုက်သည်။

ကျင်းလိန်မြို့စားက...

'သူတို့နှစ်ယောက်ကို ဖမ်းမိအောင် ခင်ဗျား အကူအညီ ပေးရလိမ့်မယ်'

ဖိုးစုရဲက....

'ကျုပ်ကူညီချင်ပါတယ်ဗျာ၊ အခု သူတို့ ထွက်ပြေး လွတ်မြောက်သွားပြီဆိုတော့....'

စကားဆုံးအောင်မပြောဘဲ တစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်လေသည်။

ကျင်းလိန်မြို့စားက....

‘ကြေးစားငါးယောက်ကိုမမိဘဲ ခင်ဗျားကို ဘယ်နည်းနဲ့မှ လွှတ်ပေးနိုင်မှာမဟုတ်ဘူးဗျ’

ဟု ပြောလိုက်၏။

ဖိုးစုရဲက....

‘ကျုပ်သိတာပေါ့ဗျာ၊ ခင်ဗျားက ကျုပ်ကို အကျပ်ကိုင်တာထက် ကျုပ်တို့ ပူးပေါင်းဆောင်ရွက်ကြရင် ပိုမကောင်းဘူးလား’

ကျင်းလိန်မြို့စား ငိုင်သွားသည်။

ဖိုးစုရဲမကူညီလျှင် ကြေးစားများအား မည်သည့်နည်းနှင့်မျှ ဖမ်းမိနိုင်မည်မဟုတ်ချေ။

နောက်ဆုံး ဖိုးစုရဲအား လွှတ်ပေးလိုက်ရသည့်တိုင် သူ့ဘက်မှ အရှုံးရှိမည်မဟုတ်ဟု တွေးမိသည်။

ထို့ကြောင့်...

‘ကောင်းပြီလေ၊ ကျုပ်တို့ ပူးပေါင်းဆောင်ရွက်ကြတာပေါ့’

ဟု ပြောလိုက်သည်။



ဖိုးစုရဲက....

‘ထင်စန်းနဲ့ကျန်းရှုဟာ အခြေအနေမဟန်ဘူးဆိုတာ ရိပ်မိသွားကြပြီ၊ ဒါကြောင့် ခုလောလောဆယ် သူတို့ကို ဖမ်းမိဖို့ မလွယ်တော့ဘူး၊ ဒါပေမယ့်မပူပါနဲ့လေကျုပ်စီစဉ်ပေးပါမယ်၊ အခုလောလောဆယ် ခင်ဗျားလုပ်ရမှာက လှေဖုံးကိုဖမ်းဖို့ပဲ၊ လှေဖုံးရဲ့လက်ချက်ကြောင့် ဓားခြံဝင်းကသခင်လေး သေဆုံးသွားရတာ၊ သူဟာ ဘယ်လောက်အရေးကြီးတဲ့ တရားခံလဲဆိုတာ ခင်ဗျားသဘောပေါက်မှာပါ’

‘သြော်....ခင်ဗျားကတကယ့်အရေးအကြီးဆုံးလူကို နောက်ဆုံးမှ ချန်ထားတာကိုး’

ဖိုးစုရဲ ပြုံးလိုက်သည်။

‘ကျုပ်က အခုပြောပြလိုက်ပြီလေဗျာ၊ ကျန်လူငါးယောက်ရဲ့အကြောင်း ပြောပြပြီးပြီ’

သူက ကျင်းလိန်မြို့စားအား အဓိပ္ပာယ်ပါပါ စိုက်ကြည့်လိုက်လေသည်။ ကျင်းလိန်မြို့စားကလည်း သူ့အား ကြည့်လိုက်၏။

ဖိုးစုရဲက....

'တစ်ခုတော့ရှိတယ်၊ ကျုပ်ရဲ့အကူအညီမပါဘဲ ထင်စန်းနဲ့ ကျန်းရှူကိုရမယ်မထင်နဲ့၊ ကျုပ်လူငါးယောက်ထဲမှာ သူတို့နှစ်ယောက်ဟာ ညဏ်အကောင်းဆုံး အတော်ဆုံးဗျ'

ဟု ပြောလိုက်လေသည်။

## ဝါသနာ

ကျန်းစီးခရိုင်....

ကျန်းစီးခရိုင်၌ ထူးခြားသောပြိုင်ပွဲတစ်ရပ် ပေါ်ထွက်လာလေသည်။

ကျန်းစီးခရိုင်ရှိ သိုင်းဘမားကြီး ယင်းထင်းနန်၏ဦးဆောင်မှုဖြင့် 'လုကေရီ' ရွေးချယ်ပြိုင်ပွဲ ကျင်းပခြင်းဖြစ်လေသည်။

ထိုပြိုင်ပွဲသို့ သိုင်းလောကမှ သမီးပျိုများသာမက မည်သူမဆို ယှဉ်ပြိုင်ခွင့်ပြုထားလေသည်။

ထိုပြိုင်ပွဲသည် ဖြုန်းစားကြီးကျင်းပခဲ့ခြင်း ဖြစ်သော်လည်း ပထမဘွဲ့ရလျှင် ဆုငွေတစ်သိန်းချီးမြှင့်မည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်သူအများအပြားရှိခဲ့လေသည်။

ထိုပြိုင်ပွဲတွင် အမျိုး၏သဘောတူထောက်ခံမှုဖြင့် 'လင်ချင်းဝှာ' ဆိုသည့်မိန်းမချောလေးသည်ပထမလှကေရီဘွဲ့ကို ဆွတ်ခူးနိုင်ခဲ့လေသည်။

* * *

မိုးမခဘုံကျောင်း....

မိုးမခတောင်ပေါ်မှ မိုးမခဘုံကျောင်းတွင် တစ်နှစ်တစ်ကြိမ် ဝတ်ပြုဆုတောင်းပွဲကျင်းပလေ့ရှိပေသည်။

ထိုဝတ်ပြု ဆုတောင်းပွဲသို့ တက်ရောက်ကာ ဝတ်ပြုဆုတောင်းခြင်းဖြင့် မိမိ၏လိုအင်ဆန္ဒများ ပြည့်ဝလေ့ရှိသည်ဟု အဆိုရှိလေသည်။

ထို့ကြောင့်....

မိုးမခဝတ်ပြုဆုတောင်းပွဲသို့ ရပ်ဝေးမှလူများပင်လာရောက်လေ့ရှိလေသည်။

ယခုနှစ်...



မိုးမခဆုတောင်းပွဲမှာ ခါတိုင်းနှစ်များထက် ပိုပြီးစည်ကားသိုက်မြိုက်နေလေသည်။

အကြောင်းကား....

မကြာသေးမီကမှ လှကေရီဘွဲ့ရရှိထားသော လင်ချင်းဝှာ ရောက်လာမည်ဆိုခြင်းကြောင့် ဖြစ်လေသည်။

အထူးသဖြင့်....

လူငယ်လူရွယ်များသည် လင်ချင်းဝှာအားပိုးပန်းရန် စုရုံးရောက်ရှိလာကြလေတော့သည်။

* * *

မိုးမခတောင်ခြေတွင် စားသောက်ဆိုင်လေးတစ်ဆိုင် ရှိနေပါသည်။

မိုးမခဘုံကျောင်းသို့ သွားရောက်မည့်သူများသည် တောင်ခြေ စားသောက်ဆိုင်လေး၌ အနားယူ စားသောက်သွားလေ့ရှိကြပေသည်။

ယနေ့....

စားသောက်ဆိုင်ထဲ၌ လူစည်ကားနေပြီး စားသောက်နေကြသည့် ညသည်အားလုံးလိုလိုမှာ လူငယ်လူရွယ်များချည်းဖြစ်နေပါသည်။

လူငယ်လူရွယ်များသည် စားသောက်ရင်း လှကေရီ လင်ချင်းဝှာ၏အလှကို ချီးကျူးပြောဆိုနေကြလေသည်။

ထိုလူငယ်လူရွယ်များတွင် အပြာရောင် အဝတ်အစားများ သေသေချာချာဝတ်ဆင်ထားသော လူရွယ်တစ်ယောက်လည်း ပါဝင်နေပါသည်။

ထိုလူရွယ်သည်ကား အပျော်မပါဘဲ ထိုင်နေခြင်းဖြစ်လေသည်။ လူရွယ်သည် အခြားအခြားသော လူငယ်လူရွယ်များ ပြောဆိုနေကြသည့်စကားများကို နားစွင့်နေလေသည်။

ထိုလူရွယ်မှာ မိန်းမပေ့သော ကြေးစား လူသတ်သမား လွှေဖုံးဖြစ်ပါသည်။

လှကေရီလင်ချင်းဝှာ၏သတင်းသည် သိုင်းလောက၌ ပျံ့နှံ့နေပြီဖြစ်သလို လွှေဖုံးလည်း ကြားသိထားလေသည်။

လွှေဖုံးသည် လင်ချင်းဝှာမှာ အလွန်ချောလှကြောင်း သိရလျှင် စိတ်ဝင်စားလာသည်။



မိုးမခဘုံကျောင်းသို့ လာမည်ဆိုသောသတင်းကို ကြားသိရလျှင် ချက်ချင်းလိုက်လာခဲ့ခြင်းဖြစ်လေသည်။

လွှေဖုံးတစ်ယောက်တည်း ထိုင်ကာ စားသောက်နေစဉ်....

'လင်ချင်းဝှာကိုသာရရင် သေပျော်ပါပြီကွာ'

'အေးကွာ၊ သူ့မျက်နှာလေးကို တစ်ခါမြင်လိုက်ရတာနဲ့ နောက်တစ်ခါ မမြင်ရမနေနိုင်တော့ဘူး'

'ငါတော့ လင်ချင်းဝှာကိုသာ ရမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်မယ်'

ကြားလိုက်ရသောစကားသံများကြောင့် ပြုံးလိုက်မိသည်။

သူ၏စိတ်ထဲမှ....

'အားလုံးလိုချင်နေတဲ့ လင်ချင်းဝှာကို ငါ ရအောင်ယူပြမယ်'

ဟု ကြုံးဝါးလိုက်လေသည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လုပ်သော ဗိုလ်မြင်းလှည်းတစ်စီး မောင်းနှင်လာကာ မြို့ရှေ့သို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

...ဟော....ရောက်လာပြီကွ

လူငယ်တစ်ယောက်၏စကားသံအဆုံးတွင် တစ်အိုင်လုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

အားလုံး၏အကြည့်သည် မြင်းလှည်းဆီသို့ ရောက်ရှိသွားကြလေသည်။

လူဖုံးကား မျက်မှောင်ကြုတ်ကာ စိုက်ကြည့်နေလိုက်သည်။ မြင်းလှည်းတံခါး ပွင့်သွားပြီး မိန်းမချောလေးတစ်ယောက် ဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

ထိုမိန်းကလေးမှာ ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထားပြီး အလွန် ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း တွေ့ရလေသည်။

ထိုမိန်းကလေးမှာ လုံကောရီလင်ချင်းဝှာဖြစ်ပါသည်။ လူဖိုးသည် လင်ချင်းဝှာကိုကြည့်ရင်း စိတ်ထဲ မရိုးမရွဖြစ်လာလေသည်။



ဟု ဆုံးဖြတ်လိုက်သည်။

လင်ချင်းဝှာသည် အခြား အဖော်မိန်းကလေးနှစ်ယောက် ခြံရံကာ ဆိုင်ထဲဝင်လာကြသည်။

ဆိုင်လုသင်များက ပျာပျာသလဲကြိုဆိုကာ နေရာထိုင်ခင်း ပေးလိုက်ကြလေသည်။ လူငယ်လူရွယ်များ လှုပ်လှုပ်ရွရွဖြစ်ကုန်သည်။

အချို့က သွားပြီး မိတ်ဆက်ရန်ဟန်ပြင်ကြသည်။

အချို့က ဆိုင်လုသင်များကိုခေါ်ကာ လက်ဆောင်ပစ္စည်းများ ပေးခိုင်းကြသည်။

အားလုံး အလုပ်ရှုပ်သွားသည်ကိုကြည့်ကာ လူဖုံး ပြုံးလိုက်မိလေသည်။

'ရယ်စရာကောင်းလိုက်တာ၊ လင်ချင်းဝှာကို ဒီလိုပိုးပန်းနေကြတော့ အချိန်ကုန်ရုံပဲ ရှိတော့မှာပေါ့'

ဟု စိတ်ထဲမှရေရွတ်လိုက်လေသည်။

လင်ချင်းဝှာနှင့် အဖော်မိန်းကလေး နှစ်ယောက်မှာလည်း လူငယ်လူရွယ်များ၏ အရေးပေးမှုကြောင့် ပျော်တပြုံးပြုံးရှိနေကြပါသည်။

သူတို့သည် စားသောက် ပြီးစီးသွားကြလျှင် လင်ချင်းဝှာက....

'ကဲ... စုစုနဲ့ဝေဝေ တို့တစ်တွေ မြင်းလှည်းကို ဒီမှာထားခဲ့ပြီး တောင်ပေါ်ကို ခြေလျင်တက်ကြတာပေါ့၊ မကောင်းဘူးလား'

ဟု ပြောလိုက်လေသည်။

စုစုနှင့် ဝေဝေဆိုသည့် အဖော်မိန်းကလေးနှစ်ယောက်က သဘောတူလိုက်ကြလေသည်။

'မမှာသဘောပဲ'

'ကဲ... ဒါဖြင့်သွားကြရအောင်'

သူတို့သည် ဆိုင်ထဲမှထွက်ကာ တောင်ပေါ်သို့တက်သွားကြလေသည်။

လေ့ပုံး ပြုံးလိုက်သည်။

ဒါငါ့အတွက် အကွက်ကောင်းပေါ့ကွ'

ဟု စိတ်ထဲမှရေရွတ်ကာ ထိုင်ခုမှ ထလိုက်လေတော့သည်။

* * *



တောင်ပေါ်တက်ရာလမ်းတစ်လျှောက်တွင် လူစည်ကားနေလေသည်။

လင်ချင်းဝှာသည် စုစု၊ ဝေဝေ အဖော်နှစ်ယောက်နှင့်အတူ တောင်ပေါ်သို့ တက်လာခဲ့လေသည်။

လလယ်ဆယ့်လေးငါးယောက်က မသိမသာ နောက်မှလိုက်လာကြသည်။ သူတို့သည် လမ်းတစ်လျှောက်တွင် လင်ချင်းဝှာ၏အချောအလှကို ချီးမွမ်းလာခဲ့ကြလေသည်။

မိုးမခတောင်၏ တောင်အလယ်ပိုင်းသို့ ရောက်လျှင် ဝဲဘက်တစ်နေရာ၌ တဝေါဝေါမြည်ကာ ကျဆင်းနေသော ရေတံခွန်ကြီး တစ်ခု ရှိနေသည်ကို တွေ့မြင်နိုင်ပေသည်။

လင်ချင်းဝှာသည် ထိုရေတံခွန်ကြီးကို တွေ့မြင်သွားလျှင်...

'စုစု...ဝေဝေ...တို့တစ်တွေ ရေတံခွန်ကြီးဆီကို သွားကြည့်ကြရင် မကောင်းဘူးလား'

ဟု မေးလိုက်သည်။

စုစုနှင့်ဝေဝေက...

'အစ်မလေး သဘောပဲလေ'

'ဒါဖြင့် သွားစို့'

သူတို့သည် တောင်ပေါ်တက်သည့် လမ်းမှ ဖဲ့ဆင်းကာ ရေတံခွန်ရှိရာသို့ လှမ်းသွားရန် ဟန်ပြင်လိုက်လေသည်။

ထိုအခါ...

သူတို့ နောက်သို့ မယောင်မလည်ဖြင့် လိုက်လာကြသည့် လူငယ်၊ လူရွယ်များထဲမှ တစ်ယောက်က...

'ညီမ...အဲဒီဘက်က လူပြတ်တယ်၊ ညီမတို့ချည်းပဲသွားဖို့မသင့်ဘူး'

စိုးရိမ်ပူပန်သည့်သဘောဖြင့် လှမ်းပြောလိုက်လေသည်။

လင်းချင်းဝှာက။

'ကိစ္စမရှိပါဘူးရှင့်၊ ကျွန်မတို့ အကြာကြီးနေမှာ မဟုတ်ပါဘူး၊ ရေတံခွန်ကြီးကိုကြည့်ပြီးရင် ပြန်လာကြမှာပါ၊'

ဟု ပြော၏။

သတိပေးလိုက်သော လူငယ်က....

'ညီမတို့ကိုစောင့်ရှောက်ဖို့ ကျုပ်တို့ အဖော်အဖြစ်လိုက်ခွင့်ပါရစေ'

ဟု ပြောလိုက်၏။



လင်းချင်းဝှာက....

'ကိစ္စမရှိပါဘူးရှင်၊ ကျွန်မတို့မှာ ရန်သူမရှိပါဘူး၊ ဆယ်သူကမှ နှောင့်ယှက်မယ်လို့ မထင်မိပါဘူး၊ ကိုယ့်ဘာသာ ပျော်ပါးကြပါ၊ သွားကြစို့'

ဝေဝေနှင့်စုစုကိုခေါ်ကာ ထွက်သွားလေသည်။

လူငယ်များ အားမလို အားမရဖြစ်သွားကြသည်။

လူငယ်တစ်ယောက်က....

'အဲဒီဘက်က လူပြတ်တယ်၊ သူတို့ချည်းပဲ သွားဖို့မသင့်ဘူး၊ ကျုပ်တို့ နောက်ကလိုက်သွားပြီး စောင့်ရှောက်ကြရင်မကောင်းဘူးလား'

ဟု ပြောလေသည်။

အခြားလူတစ်ယောက်က

'ဟာ....သူမကြိုက်ဘဲ လိုက်သွားဖို့ မကောင်းပါဘူးဗျာ၊ တော်ကြာ စိတ်ဆိုးသွားပါဦးမယ်'

လိုက်လံ စောင့်ရှောက်လိုသူများနှင့် အပြစ်တင်ခံရမှာစိုးရိမ်ကာ မလိုက်ဘဲနေလိုသူများ နှစ်ပိုင်းကွဲသွားလေသည်။

လူငယ်ငါးယောက်က....

'ဘာပဲဖြစ်ဖြစ် ငါတို့လိုက်သွားမယ်၊ တစ်ခုခုဖြစ်ရင် ကာကွယ်စောင့်ရှောက်နိုင်တာပေါ့'

ဟု ပြောကာ လင်ချင်းဝှာတို့နောက်သို့ လိုက်သွားကြလေတော့သည်။

*　　　*　　　*

လင်ချင်းဝှာ၊ ဝေဝေနှင့် စုစုတို့သည် ရေတံခွန်ကြီးဆီသို့ ဦးတည်ကာလျှောက်သွားကြလေသည်။

လူငယ်ငါးယောက်သည် ဝါးတစ်ရိုက်ခန့်အကွာမှ မသိမသာ နောက်ယောင်ခံကာ လိုက်သွားလေသည်။

ဤသို့ဖြင့်....

ရေတံခွန်ကြီးနှင့် တစ်စထက်တစ်စ နီးကပ်လာလေတော့သည်။

'ဝေါ...ဝေါ...ဝေါ'



ရေတံခွန်ကြီးမှာ အဟုန်ပြင်းစွာ စီးကျနေပါသည်။

ရေမှုန် ရေမွှားများ ဖွားခနဲ လွင့်စဉ် ထွက်ပေါ်နေပြီး နေခြည်ထိုးကျလာသောအခါ ရောင်စုံသက်တန့်များ ဖြစ်ပေါ်လာလေသည်။

ရေတံခွန်အနီးတစ်ဝိုက်တွင် သစ်ပင်ပန်းပင်များဖြင့် စိမ်းလန်းစိုပြည်နေလေသည်။

လင်ချင်းဝှာတို့သည် သဘာဝအလှအပများကို ကြည့်ရှုရင်း စမ်းသာပျော်ရွှင်နေပေတော့သည်။

လူငယ်ငါးယောက်က မလှမ်းမကမ်းမှ စောင့်ကြည့်နေကြပါသည်။

အကယ်၍....

လင်ချင်းဝှာအား ဒုက္ခပေးမည့်သူ ပေါ်ပေါက်လာလျှင် သူတို့က ပြတ်ပြတ်သားသားဆုံးမပစ်မည်ဟု စိတ်ကူးထားကြလေသည်။

သို့သော် ...

အနှောင့်အယှက်ပေးမည့်သူ ပေါ်ပေါက်လာမည် မဟုတ်ကြောင်း နားလည်ထားကြ၏။

မိုးမခတောင်ပေါ်သို့ မင့်ကျောင်းမှဒုစရိုက်မှုပြုလုပ်သူများ လာလေ့လာထ မရှိကြောင်း သိထားကြသည် မဟုတ်ပါလား။

လူငယ်ငါးယောက်သည် သူ့ရှိကောင်းလုပ်လိုစိတ်များဖြင့် ပြန်နေချိန်မှာပင်....

'အဟမ်း'

ချောင်းဟန့်သံတစ်ချက်ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ လူငယ်ငါးယောက် ချက်ချင်းလှည့်ကြည့်လိုက်ကြသည်။

ထိုအခါ....

မလှမ်းမကမ်း၌ မိုးပြာရောင် ဝတ်ထားသူ တစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရလေသည်။

လေ့ဖုံးဖြစ်ပါသည်။

လေ့ဖုံးက လူငယ်ငါးယောက်ကို ပြုံးမြရင်း

'မင်းတို့က လှကေရီလေးကို စောင့်ရှောက်နေကြတာမဟုတ်လား'

ဟု မေးလိုက်လေသည်။

လူငယ်တစ်ယောက်က မျက်နှာထားတင်းတင်းဖြင့်



'ခင်ဗျားက ဘယ်သူလဲ၊ ဘာသဘောနဲ့ဒီလိုမေးတာလဲဗျ'

ဟု ပြန်မေးလိုက်လေသည်။

လေ့ဖုံးက....

'ဪ... လှကေရီလေးနဲ့ သက်တော်စောင့်ဟာ ငါပဲဆိုတာ မင်းတို့ကို ပြောပြချင်လို့ပါကွာ'

'ဘာဗျ'

လေ့ဖုံးက လက်ဝေ့ယမ်းပြလိုက်ပြီး....

'မင်းတို့အံ့သြမနေကြပါနဲ့၊ ဒီနေရာကမြန်မြန်ထွက်သွားကြတာကောင်းမယ်၊ နို့မဟုတ်ရင် ငါကမောင်းထုတ်မိလိမ့်မယ်'

ဟု ပြောလိုက်လေသည်။

လူငယ်ငါးယောက် ဒေါသထွက်သွားကြလေသည်။

'ခင်ဗျား တော်တော်စော်ကားပါလား'

'အသားနာအောင်ချပြီမှ ထွက်မယ်'

'ချကွာ'

တစ်ယောက်တစ်ပေါက်ပြောကာ လေ့ဖုံးထံသို့ပြေးဝင်လာကြလေတော့သည်။ လေ့ဖုံးက အေးအေးဆေးဆေး လက်ပိုက်ကြည့်နေပါ၏။

လူသည် ငါးယောက် အနီးသို့ရောက်သောမှ လက်နှစ်ဖက် ဆန့်တန်းကာ ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

ဝုန်းရုန်းကျယ်လောင်သောအသံများ တစ်ခဲနက်ထွက်ပေါ်လာသည်။

လူငယ်ငါးယောက် ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကြ၏။

လေးလုံးက....

'လုဘောရီလေးကို မင်းတို့စောင့်ရှောက်နိုင်မလား၊ ငါက စောင့်ရှောက်နိုင်မလား၊ ဘယ်သူ့ကို အားကိုးရမယ်ဆိုတာ မင်းတို့သိပြီထင်တယ်'

ဟု ပြောလိုက်သည်။

လူငယ်ငါးယောက် ခံပြင်းနေကြ၏။

သို့သော်....



လေးဖုံးအား မယှဉ်နိုင်ကြသဖြင့် ဘာမှမပြောတော့ဘဲ ပြေးလွှားထွက်ခွာသွားကြလေတော့သည်။

* * *

စူးရှသော အော်ဟစ်သံများကြောင့် လင်ချင်းဝှာတို့ ထိတ်လန့်သွားကြလေသည်။

စုစုနှင့် ဝေဝေက....

'မမ ဘာတွေဖြစ်တာလဲ မသိဘူး'

'ဟုတ်ပါ့၊ ရင်ထိတ်စရာကောင်းလိုက်တာအစ်မလေးရယ်'

ဟု စိုးရိမ်တကြီး ပြောကြလေသည်။

လင်ချင်းဝှာက....

'ကဲ....ကဲ....တို့ ဒီကမြန်မြန်ပြန်ရအောင်'

သုံးယောက်သား ရေတံခွန်ကြီးအနီးမှ လှည့်ပြန်ရန်ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်...

'ဟဲ....ဟဲ....မကြောက်ပါနဲ့ညီမရဲ့'

စကားသံနှင့်အတူ ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာသည့် လေ့ဖုံးအား တွေ့ဆိုက်ရလေသည်။

❋

လင်ချင်းဝှာ မျက်မှောင်ကြုတ်သွားပြီး....

'ရှင်...ရှင်က'

'ဟဲ....ဟဲ....ကျုပ်က လေ့ဖုံးပါ၊ ညီမဘို့ကို စော်ကားချင်လို့ မဟုတ်ပါ၊ စောစောက အောင်သံဟစ်သံတွေ ကြားလိုက်ရတယ် မဟုတ်လား'

လင်ချင်းဝှာက...

'ဟုတ်ပါရဲ့၊ အဲဒါ ဘာများဖြစ်တာပါလဲရှင်'

လေ့ဖုံး ရင်ကော့လိုက်သည်။

'လူဆိုးငါးယောက်အား ညီမဘို့ကို ဒုက္ခပေးဖို့ ချောင်းမြောင်းနေကြတာတွေလို့ ကျုပ်က သုံးမလိုက်တာပါ'

'အို....ကြောက်စရာပါလားရှင်'



'ဟဲ....ဟဲ....ဘာမှမပူပါနဲ့ဘော့၊ သူတို့ ထွက်ပြေးသွားကြပြီ'

လင်ချင်းဝှာက....

'အစ်ကို့ ကို ကျေးဇူးတင်ပါတယ်ရှင်၊ အစ်ကိုသာ ရောက်မလာရင် မလွယ်ဘူး'

'ဟဲ ...ဟဲ ...အစ်ကိုက ညီမကိုစောင့်ရှောက်ဖို့ တာဝန်ယူပါတယ်၊ ကဲ....သွားကြရအောင်'

'ဟင်....ဘယ်ကိုသွားမှာလဲ'

'ညီမကို ပျော်စရာကောင်းတဲ့နေရာ ခေါ်သွားမလို့ပါ'

'ရှင်'

'ကဲ....လာညီမ'

လေ့ဖုံးက လင်ချင်းဝှာ၏လက်ကို လှမ်းဆွဲဖိုက်၏။

လင်ချင်းဝှာက....

'အို ...ဒီလိုမလုပ်ပါနဲ့၊ လွှတ်ပါရှင်'

သူမ ရုန်းလိုက်သော်လည်း အားနည်းသော မိန်းမသားပီပီ အားမပါချေ။

လေ့ဖုံးက....

'ဟဲ....ဟဲ....မကြောက်ပါနဲ့ ညီမရဲ့၊ အစ်ကိုက ညီမ စိတ်ချမ်းသာအောင်ထားမှာပါ၊ လာပါ၊ လိုက်ခဲ့ခမ်းပါ'

ပြောရင်း လင်ချင်းဝှာအား ဆွဲခေါ်သွားလေသည်၊

ဝေဝေနှင့် စုစုတို့ မနေသာတော့ပါ။

'အစ်ကိုကြီးရယ် မမကိုလွှတ်လိုက်ပါရှင်'

'ကျွန်မတို့ တောင်းပန်ပါတယ်၊ လွှတ်ပါရှင်'

လင်ချင်းဝှာသာမက ဝေဝေနှင့် စုစုတို့သည်လည်း ချောမောလှပသော မိန်းကလေးများဖြစ်ကြလေသည်။

သုံးယောက်သား တောင်းပန်နေကြသည်ကိုကြည့်ရင်း လေ့ဖုံး ကျေနပ်မဆုံးဖြစ်နေ၏။

'မင်းတို့အစ်မလေး ဒုက္ခရောက်မသွားစေချင်ဘူးဆိုရင် မင်းတို့ပါ လိုက်ခဲ့ကြရမယ်'

ဟု ပြောလိုက်သည်။

ဝေဝေနှင့် စုစုက....

'လိုက်ပါ့ လိုက်ခဲ့ပါ့မယ်ရှင်'



ဟု သဘောတူလိုက်ကြ၏။

လေ့ဖုံးက ဟားတိုက်ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား'

ယနေ့သည် မိန်းမချောလေးသုံးယောက်ကို တစ်ပြိုင်နက်တည်း ရလိုက်ခြင်းကြောင့် အလွန်ကောင်းသည့်နေ့တစ်နေ့ဟု ဆိုနိုင်သည်မဟုတ်ပါလား။

သို့သော်....

သူ လုံးဝမမျှော်လင့်ထားသည့် အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာလေသည်။

လင်ချင်းဝှာသည် ထိတ်လန့်ကြောက်ရွံ့နေသည့် အသွင်မှ ကျားသစ်မလေးတစ်ယောက်အသွင်သို့ ပြောင်းလဲသွားပြီး လေ့ဖုံး၏ လက်မောင်းကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

သူမ၏လက်မှာ အလွန်သန်မာနေသဖြင့် လေ့ဖုံး ရင်ထိတ်သွားစဉ် ဝေဝေနှင့်စုစုတို့က ဝဲယာတစ်ဖက်တစ်ချက်မှညှပ်ကာ တိုက်ခိုက်လိုက်ကြလေသည်။

သုံးယောက်ပေါင်း၍တိုက်ခိုက်မှုကို မမျှော်လင့်ဘဲ ခံလိုက်ရခြင်းကြောင့် လေ့ဖုံး မရှောင်သာတော့ဘဲ....

'ဝုန်း'

အနောက်ဘက်သို့ လွင့်စဉ်ကာ မြေပေါ် လဲကျသွားလေတော့သည်။

လင်ချင်းဝှာ၊ ဝေဝေနှင့် စုစုတို့က ရင်ပေါင်တန်းကာ ရပ်လိုက်ကြ၏။ လေ့ဖုံးက မြေပေါ်မှချက်ချင်းခုန်ထလိုက်သည်။

လင်ချင်းဝှာတို့အား မယုံကြည်နိုင်စွာကြည့်ရင်း...

'မင်း....မင်းတို့'

စကားသံထစ်ထစ်ငေါ့ငေါ့ဖြစ်နေပါသည်။

လင်ချင်းဝှာက....

'ရှင့်ရဲ့အစ်ကိုကြီးဖုံးစုရဲ့က ရှင့်ကို သစ္စာဖောက်လိုက်ပြီလေ၊ ရှင့်ရဲ့အကျင့်စရိုက်နဲ့ ကျင်သည့်ကျက်စားတတ်ပုံကို ပြောပြလိုက်တယ်၊ ဒါကြောင့် ကျွန်မတို့က လှေကာရီရွေးပွဲကျင်းပပြီး ကျွန်မက တည့်ကြက်လုပ်လိုက်တာပဲ၊ ခုတော့ ရှင်က ပိုက်ကွန်ထဲတိုးမိပြီပေါ့ရှင်'

ဟု ပြုံး၍ပြောလေသည်။

'ဟား....ဟား....ဟား'

လေ့ဖုံးက ဟားတိုက်ရယ်မောလိုက်လေသည်။



'မင်းတို့များ ငါ့ကိုဖမ်းဦးမလို့တဲ့လား၊ ငါက မင်းတို့ကိုကြောက်နေရမှာလား၊ လင်ချင်းဝှာ.... မင်း ငါ့အကြောင်းသိစေရမယ်'

စကားဆုံးလျှင် မြေပေါ်ခြေဆောင့်ကာ လင်ချင်းဝှာထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

လင်ချင်းဝှာက ပဝါတစ်ထည် ထုတ်ယူကာ ဝှေ့ယမ်းလိုက်၏။

'ဖွီး'

ပဝါသည် လေထဲလွင့်တက်သွားပြီး လေ့ဖုံး၏ ခြေနှင်ဖက်ကို ရစ်ပတ်မိသွားလိုက်လေသည်။

ဝေဝေနှင့် စုစုတို့ကလည်း ပဝါတစ်ထည်စီ ထုတ်ယူကာ ဝှေ့ယမ်းလိုက်ကြသည်။

သူတို့၏ပဝါများသည် လေ့ဖုံး၏ လက်ကောက်ဝတ်ကို ရစ်ပတ်မိသွားသည်။

လေ့ဖုံး မည်သို့မျှ မရှောင်နိုင်တော့ပါ။

ပဝါများ ရစ်ပတ်လုံးထွေးသွားပြီး....

'သွားစမ်း'

လင်ချမ်းဝှာ ဝေဝေနှင့် စုစုတို့က ပဝါများကို ပြိုင်တူ ဆောင့်ဆွဲလိုက်ကြလျှင်....

'ဝုန်း'

လွှေဖုံး မြေပေါ်ပြုတ်ကျသွားလေသည်။

မြေပေါ်ရောက်လျှင် တုတ်တုတ်မျှ မလှုပ်နိုင်တော့ပါ။

ပဝါများဖြင့် ရစ်ပတ် တုပ်နှောင်ထားခြင်း ခံရသဖြင့် ကောက်ညှင်းထုပ်ပမာ ရှိနေပြီဖြစ်သည်။

ထိုစဉ်....

ခြေသံများ ထွက်ပေါ်လာပြီး ကျောင်းသိန်မြို့စား၏လူများ ရောက်ရှိလာကြလေသည်။

လွှေဖုံးမှာ ကျောင်းလိန်မြို့စား၏လက်တွင်းသို့ သက်ဆင်းလိုက် ရလေတော့သည်။

* * *



ကျောင်းလိန်မြို့စား အလွန်ကျေနပ်နေပါသည်။

ကြေးစား ငါးယောက်အနက် ပါစုနှင့် လွှေဖုံးတို့အား လက်ရဖမ်းမိထားပြီ မဟုတ်ပါလား။

ထင်စန်းနှင့် ကျန်းရှူတို့ကိုလည်း မလွဲမသွေ ဖမ်းမိမည်ဟု ယုံကြည်ထားသည်။

ကျောင်းလိန်မြို့စားသည် လင်ချင်းဝှာအား ချီးကျူးသည့် စာတစ်စောင် ရေးသားကာ ဆတ်သားတစ်ယောက်ဖြင့် ပို့ ခိုင်းလိုက်လေသည်။

အမှန်တော့....

လင်ချင်းဝှာ၊ ဝေဝေနှင့် စုစုတို့သည် ငိုမီတောင်မှ သခင်မကြီး ယဉ်ကျူး၏ အားထားရသော လက်ရုံးများ ဖြစ်ပေသည်။

လွှေဖုံးအား ဖမ်းဆီးရာ၌ အချုံးသမီးဖြင့် ထောင်ဖမ်းခြင်းက အမြန်ဆုံးဖမ်းမိနိုင်သည်ဟု ဆင်ခြင်မိသဖြင့် သခင်မကြီး ယဉ်ကျူးကို အကူအညီတောင်းရာ လင်ချင်းဝှာတို့အား စေလွှတ်လိုက်ခြင်း ဖြစ်လေသည်။

လင်ချင်းဝှာတို့သည် လွှေဖုံးအား ဖမ်းဆီးပေးပြီးနောက် ငိုမီတောင်သို့ ပြန်သွားကြပြီ ဖြစ်လေသည်။

ကျင်းလိန်မြို့စားသည် လေဖုံးအား အကျဉ်းတိုက်သို့ ပို့လိုက်ပြီး ထင်စန်းနှင့် ကျန်းရှုတို့အား ဖမ်းဆီးရန် စီစဉ်လိုက်လေသည်။

ထိုအချိန်တွင်...

'မြို့စားကြီးခင်ဗျာ၊ ဧည့်သည်တစ်ယောက် ရောက်လာပါတယ်'

အစောင့်တစ်ယောက်က လာရောက် သတင်းပို့လေသည်။

ကျင်းလိန်မြို့စားက....

'လွှတ်လိုက်ပါ'

ဟု ပြောလိုက်၏။

အစောင့်ပြန်ထွက်သွားပြီး မကြာမနှောင်းတွင် လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူကိုမြင်လျှင် ကျင်းလိန်မြို့စား မျက်မှောင်ကြုတ်သွားပြီး....

'ဩော်....ခင်ဗျားကိုး၊ ဘာကိစ္စရှိလို့လဲဗျ'

ဟု မေးလိုက်၏။



ထိုလူမှာ ဝူးဟန် ဖြစ်လေသည်။

ဝူးဟန်က....

'ကျုပ်က မြို့စားကြီးကို တောင်းပန်ချင်လို့ပါဗျာ'

'ဟင်'

မမျှော်လင့်သောစကား ကြားလိုက်ရခြင်းကြောင့် ကျင်းလိန်မြို့စား အံ့ဩသွားလေသည်။

ဝူးဟန်က....

'ကျုပ်က စိတ်လိုက် မာန်ပါ လုပ်လိုက်မိတယ်၊ တကယ်ဆိုရင် တရားခံတွေကို ဖော်ထုတ်ဖမ်းဆီးပြီး ထိုက်သင့်တဲ့ အပြစ်ဒဏ်ပေးတာ အမှန်ကန်ဆုံးပါပဲ၊ ဒါပေမယ့် ကျုပ်ရဲ့သားအတွက် ခံပြင်းလွန်းလို့ လက်လွန် ခြေလွန်လုပ်လိုက်မိတာ ကျုပ်တောင်းပန်ပါတယ်ဗျာ'

ကျင်းလိန်မြို့စား စိတ်မကောင်းဖြစ်သွားလေသည်။

ဝူးဟန်သည် သားဖြစ်သူအတွက် အလွန်ခံစားနေရသည်ဖြစ်ကြောင်း နားလည်ထား၏။

ထို့ကြောင့်....

'မိတ်ဆွေအတွက် ကျုပ် စိတ်မကောင်းပါဘူးဗျာ၊ ခုဆိုရင် မိတ်ဆွေရဲ့သားကိုသတ်သွားတဲ့ လေဖုံးကို ဖမ်းမိထားပါပြီ'

'ဟင်'

ဦးဟန် လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

'ကျုပ်သားကိုသတ်သွားတဲ့လူ ဟုတ်လား'

'ဟုတ်တယ်၊ လွှဖုံးလို့ခေါ်တယ်၊ ဝမ်းလီနဲ့တစ်ဖွဲ့တည်းသားပဲ'

'သူ့ကိုဖမ်းမိတာ ဝမ်းသာစရာကောင်းလိုက်တာဗျာ၊ ကျုပ်တစ်ခု မေတ္တာရပ်ခံပါရစေ'

'ပြောပါဗျာ'

ဦးဟန်က....

'သူတို့ဟာ အခကြေးငွေယူပြီး လူသတ်တဲ့ ကြေးစားတွေပါ၊ သူတို့လောက် အကြင်နာတရားကင်းမဲ့တဲ့လူ၊ အသည်းနှလုံးမရှိတဲ့လူ လောကပေါ်မှာ မရှိနိုင်တော့ပါဘူး၊ ဒါကြောင့် သူတို့ကို ထိုက်ထိုက်တန်တန် အပြစ်ပေး အရေးယူစေချင်ပါတယ်ဗျာ'

ကျင်းလိန်မြို့စား ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါဗျာ၊ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူပေးပါ့မယ်'



ဟု ကတိပေးလိုက်လေသည်။

ဦးဟန်က ကျေနပ်သွားဟန်ဖြင့်....

"ကျေးဇူးတင်ပါတယ်ဗျာ'

ဟု ပြောလိုက်သည်။

တကယ်တော့ သူ၏စိတ်ထဲ၌ ကျေနပ်မှုအလျဉ်းမရှိပါချေ။

လွှဖုံးကို သူကိုယ်တိုင် သုတ်သင် ရှင်းလင်းပစ်လိုပါသည်။ သို့သော် ကျင်းလိန်မြို့စားနှင့် အချေအတင်ဖြစ်မည်ကို မလိုလားသဖြင့် အလျှော့ပေးထားလိုက်ခြင်းဖြစ်သည်။

ဦးဟန်က....

'ဒါထက် တရားခံတွေထွက်ပြေးမသွားနိုင်အောင် စီမံထားဖို့ လိုမယ်ထင်ပါတယ်၊ လိုအပ်ရင် ကျုပ်ဘိုခားခြံဝင်းက သိုင်းသမားတွေကို စေခိုင်းနိုင်ပါတယ်'

ဟု ပြောလိုက်သည်။

ကျင်းလိန်မြို့စားက....

'ကိစ္စမရှိပါဘူးဗျာ၊ သူတို့ထွက်မပြေးနိုင်အောင် သေသေချာချာ ချုပ်နှောင်ထားပါတယ်'

‘ဗြော်... မြို့စားကြီးရဲ့ ဂေဟာမှာပဲ ချုပ်နှောင်ထားတယ် ထင်ပါတယ်’

ကျင်းလိန်မြို့စား ခေါင်းခါယမ်းလိုက်သည်။

‘မဟုတ်ဘူးဗျ၊ သူတို့ကို ‘ရတနာစံအိမ်’မှာ ချုပ်နှောင်ထားတာပါ’

‘ဟင်’

ဦးဟန် တအံ့တသြဖြစ်သွားပြန်လေသည်။

ရတနာစံအိမ်ဆိုလျှင် သိုင်းလောကတစ်ခုလုံး သိထားကြပါသည်။

ရတနာစံအိမ်သည် ‘ရတနာဓား စန်းယာ’၏ စံအိမ်ဖြစ်လေသည်။

မြင့်မားသော တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသော ရဲတိုက်ကြီးတစ်ခုလည်းဖြစ်သည်။

ဝင်ပေါက် ထွက်ပေါက် တစ်ခုတည်းသာရှိပြီး ရန်သူမှာ ထိုးဖောက်ဝင်ရောက်ခြင်းမပြုနိုင်ရန် အခိုင်အခံ့ တည်ဆောက်ထားလေသည်။



အကျဉ်းသားများအား ရတနာစံအိမ်၌ ချုပ်နှောင်ထားသည်ဆိုပါက ကယ်ထုတ်ဖို့မဖြစ်နိုင်ပါတော့ချေ။

သူတို့သည် အကျဉ်းသားများအား ကယ်ထုတ်ကာ မိမိတို့ဘာသာ စီရင်ရန် ဆုံးဖြတ်ထားကြသည် မဟုတ်ပါလား။

မည်သို့ဆိုစေ...

ကျင်းလိန်မြို့စားထံသို့ ပြန်လာခဲ့ခြင်းသည် မှန်ကန်သောလုပ်ရပ် ဖြစ်နေပါပြီ။

ကျင်းလိန်မြို့စားက....

‘ကျန်တဲ့တရားခံ နှစ်ယောက်က ထင်စန်းနဲ့ကျန်းရှုတို့ ဖြစ်တယ်ဆိုတာလဲ ကျုပ်တို့ သိထားပါပြီ၊ မကြာခင် ဖမ်းဆီးရမိတော့မှာပါ’

ဟု ပြောလာလေသည်။

* * *

သချိုင်းမြေသည် တိတ်ဆိတ်ခြောက်သွေ့နေလေသည်။

သချိုင်းအလယ်တွင် မြေပုံမှတ်တိုင်များ ဝိုင်းရံနေသော ဇရပ်ပျက်တစ်ခုရှိနေသည်။

ထိုဇရပ်ပျက်ပေါ်တွင်လူတစ်ယောက်ထိုင်နေသည်။

ထင်စန်းဖြစ်ပါသည်။

ထင်စန်းသည် လိုက်လံဖမ်းဆီးသော သိုင်းလောကသားများလက်မှ လွတ်အောင်ထွက်ပြေးတိမ်းရှောင်ပြီး သချိုင်းမြေတွင် လာရောက် ခိုအောင်းနေခြင်း ဖြစ်လေသည်။

ထင်စန်း ဒေါသထွက်နေပါသည်။

'အစ်ကိုကြီးက ဘာကြောင့် သစ္စာဖောက်လိုက်ရတာလဲ'

ဟု ထပ်တလဲလဲ ရေရွတ်နေမိလေသည်။

မှန်ပေသည်။

ဖိုးစုရဲက သူတို့အပေါ် သစ္စာဖောက်လိုက်ပြီ ဆိုသည်ကို နားလည်လိုက်ပြီဖြစ်သည်။

သို့သော်....

အဘယ့်ကြောင့် သစ္စာဖောက်ရသည်ကို နားမလည်နိုင်အောင် ဖြစ်နေပါသည်။



ထိုစဉ် ...

သချိုင်းမြေထဲသို့ လူရိပ်တစ်ခု ပြေးလွှားဝင်ရောက်လာသည်ကို တွေ့လိုက်ရ၏။

ထင်စန်း ရင်ထိတ်သွားသည်။

'ဘယ်သူပါလိမ့်'

သေသေချာချာ အကဲခတ်ကြည့်လိုက်မိ၏။

သူ့နောက်သို့ လိုက်လာသူဆိုလျှင် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်။

သို့သော်....

ပြေးလွှားလာသည့် လူ၏ပုံပန်းသဏ္ဌာန်ကို တွေ့မြင်လိုက်ရသည်နှင့်....

'ဟင်....ကျန်းရှု'

ဟု ရေရွတ်လိုက်မိသည်။

မှန်ပေသည်။

သချိုင်းမြေထဲသို့ ဝင်ရောက်လာသူမှာ ကျန်းရှု ဖြစ်နေပါသည်။

ကျန်းရှုသည် အဘွားအိုတစ်ယောက်အသွင် မရှိတော့ဘဲ လူငယ်တစ်ယောက်အသွင် ပြောင်းလဲနေပြီ ဖြစ်ပါသည်။

'ကျန်းရှု'

ထင်စန်းက လှမ်းခေါ်လိုက်သဖြင့် ကျန်းရှု အံ့သြသွားသည်။

'ဟင်....ထင်စန်းပါလား၊ မင်း ဘယ်လိုဖြစ်ပြီး ဒီနေရာမှာ ရောက်နေတာလဲ'

ဟု မေးရင်း ဇရပ်ပျက်ပေါ် ခုန်တက်လာသေသည်။

ထင်စန်းက....

'တို့ဘစ်တွေကို ရန်သူလက်က ရှောင်တဲ့အခါမှာ လူသူကင်းနေရာမှာ ရှောင်တာထက် လူစည်ကားတဲ့နေရာမှာ လူကြားထဲ ရောပြီး ကိုယ်ယောင်ဖျောက်တာက ပိုပြီးလုံခြုံစိတ်ချရတယ်လို့ အစ်ကိုကြီး သင်ပေးဖူးတယ် မဟုတ်လား'

သူ၏စကားကြားလျှင်....

'ဟား...ဟား....ဟား'

ကျန်းရှု ဟားတိုက် ရယ်မောလိုက်လေသည်။

ထင်စန်းက ဆက်ပြောလိုက်သည်။



'အခု အစ်ကိုကြီးက သစ္စာဖောက်လိုက်ပြီဆိုတော့ သူသင်ပေးခဲ့တဲ့ နည်းလမ်းတွေကို အသုံးပြုလို့ မဖြစ်တော့ဘူးလေ၊ သူ့ရဲ့နည်းလမ်းတွေနဲ့ ပြောင်းပြန် ကျင့်သုံးရတော့မယ် မဟုတ်လား၊ ဒါကြောင့် ဘယ်သူမှမရှိတဲ့ သချိုင်းထဲ လာရှောင်နေတာပေါ့'

ကျန်းရှုက...

'ငါသဲဒီလိုပဲ တွေးမိတယ်၊ ဒါကြောင့်သချိုင်းထဲလာခဲ့တာ၊ ဒါပေမယ့် ခုတော့ ငါဒီကိုလာတာ မှားပြီလို့ သိလိုက်ပြီ'

ထင်စန်း မျက်မှောင်ကြုတ်သွားသည်။

'ဘာဖြစ်လို့လဲကွ'

ဟု မေးလိုက်သည်။

ကျန်းရှုက....

'ငါတို့က သူ့ရဲ့နည်းလမ်းတွေနဲ့ ပြောင်းပြန်ကျင့်သုံးလိမ့်မယ်လို့ အစ်ကိုကြီးက တွေးမိမှာမို့ပေါ့ကွာ'

ထင်စန်း၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသေသည်။

အစ်ကိုကြီး (၀၁) ဖုံးစုရဲသည် အလွန် လိမ္မာပါးနပ်သူ ဖြစ်သည်။

သူတို့ထက် အဆပေါင်းများစွာ ဉာဏ်ကောင်းသူ ဖြစ်ကြောင်းလည်း သဘောပေါက်ထားပေတော့သည်။

ကျန်းရှူက....

'ငါတို့ ဒီက အမြန်ဆုံး ထွက်သွားတာ အကောင်းဆုံး ဖြစ်မယ်ကွ'

ဟု ပြောလေသည်။

ထင်စန်းက....

'ဘယ်ကိုသွားရမှာလဲ'

ဟု မေးသည်။

ကျန်းရှူက....

'အစ်ကိုကြီးနဲ့ဝေးတဲ့နေရာကို ပြေးရမှာပေါ့'

'လွတ်ပါ့မလား'

'ဒါတော့ ကံတရားပေါ့ကွာ'

ထင်စန်းက....

'ငါတော့ ထွက်ပြေးတာထက် အစ်ကိုကြီးနဲ့ ထိပ်တိုက်တွေ့ပြီး ဖြေရှင်းချင်တယ်'



'ဟေ'

ကျန်းရှူ အံ့ဩသွားသည်။

ထင်စန်းကို မျက်လုံးပြူးကာ ကြည့်ရင်း....

'အစ်ကိုကြီးနဲ့ ထိပ်တိုက်ရင်ဆိုင်မယ် ဟုတ်လား'

ဟု မေးလေသည်။

ထင်စန်း ခေါင်းညိတ်လိုက်သည်။

'ထွက်ပြေး ရှောင်တိမ်းနေတာထက်စာရင် ရင်ဆိုင်ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲ'

'ဟာ....မင်းက ကိုယ့်သေတွင်း ကိုယ်တူးချင်တာပဲ'

ထင်စန်း မဲ့ပြုံးပြုံးလိုက်သည်။

'မင်းကြိုက်သလို ပြောနိုင်တယ်၊ ထွက်ပြေးနေလို့ကော လွတ်မှာလား'

'ငါက....'

'အစ်ကိုကြီးအကြောင်း မင်းသိပါတယ်'

ကျန်းရှူ သက်ပြင်းချလိုက်လေသည်။

ထင်စန်းက....

'ငါတော့ အစ်ကိုကြီးနဲ့သွားတွေ့ဖို့ ဆုံးဖြတ်ပြီးပြီ၊ မင်းကော ဘယ်လိုသဘောရသလဲ'

ဟု မေးလိုက်သည်။

ကျန်းရှူက...

'ထင်စန်း မင်းပြောတာ မှန်တယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် စိတ်လိုက်မာန်ပါ မလုပ်စေချင်သေးဘူး၊ အခြေအနေ စောင့်ကြည့်ရင်ကောင်းမယ်'

ထင်စန်းက....

'မင်းသဘောက'

'ငါ့သဘောကတော့ ဝမ်းလီ၊ ပါစုနဲ့ လေဖုံးတို့ကို တွေ့ချင်တယ်၊ အစ်ကိုကြီးသစ္စာဖောက်တယ်ဆိုတာ ပိုပြီးခိုင်လုံအောင် စုံစမ်းချင်တယ်၊ သေချာတယ်ဆိုမှ တို့ငါးယောက်ပေါင်းပြီး အစ်ကိုကြီးနဲ့ ပြေရှင်းကြတာပေါ့'

ကျန်းရှူက သူ၏အစီအစဉ်ကို ရှင်းပြလေသည်။

ထင်စန်း တွေဝေသွားသည်။

ကျန်းရှူ၏ အစီအစဉ်မှာ လျော်ကန် သင့်မြတ်ကြောင်း ဆင်ခြင်မိလိုက်သည်။



ထို့ကြောင့်....

'ကောင်းပြီလေ၊ ပါစုတို့နဲ့ ဘယ်တော့မှ သွားတွေ့ကြမလဲ'

ကျန်းရှူက....

'ငါ့မှာ မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူ့ဆီကတစ်ဆင့် ဆက်သွယ်ကြတာပေါ့'

'မင်းရဲ့မိတ်ဆွေက ဘယ်သူလဲ'

'လောင်းကစားဂေဟာပိုင်ရှင် ချန်းပါ'

'ကောင်းပြီ၊ တို့ဘယ်တော့သွားမလဲ'

'အခုပဲသွားကြတာပေါ့'

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ထို့နောက်....

ဧရပ်ပျက်ပေါ်မှ ပြိုင်တူခုန်ဆင်းသိုက်ကြလေတော့သည်။

●

သတင်း

---

ဦးလောက်ရယ်သည် ပြတင်းပေါက်မှတစ်ဆင့်အပြင်ဘက်သို့ ငေးမောကြည့်နေလေသည်။

သူ၏မျက်နှာ သုန်သုန်မှုန်မှုန်ဖြစ်နေသည်။

သားဖြစ်သူ ဦးဟန်ထံမှ ကြားရသောသတင်းကြောင့် ဖြစ်လေသည်။

ဦးဟန်က သတင်းပို့လိုက်ပါသည်။

ဖမ်းမိထားသော **တရားခံများကို** ရတနာ့စံအိမ်၌ ဖမ်းဆီးချုပ်နှောင်ထားသည်။

ဟူ၍ ဖြစ်လေသည်။



ဦးလောက်ရယ် ပင့်သက်ရှိုက်မိသည်။

ရတနာ့စံအိမ်ပိုင်ရှင် ရာဘနာခေါးစန်းသီသည် သိုင်းလောက၌ မှိုင်ဘက်ကင်းသော ထိပ်သီး သိုင်းသမားကြီး တစ်ယောက် မဟုတ်ပါလား။

သိုင်းလောက၏ ကိစ္စရပ်များတွင် ပါဝင်ပတ်သက်ခြင်း မပြုဘဲ သီးခြားနေထိုင်သူဖြစ်လေသည်။

ယခု....

ရာဘနာခေါးစန်းသီသည် မိုးနဂါးဂိုဏ်းချုပ် တုဝေယင်းအား လုပ်ကြံခဲ့သည့် တရားခံများအား ဖမ်းဆီးချုပ်နှောင်ထားဖို့ တာဝန်ယူထားလိုက်သည်။

အဘယ့်ကြောင့်ပါနည်း။

ကျင်းလိန်မြို့စားက မေတ္တာရပ်ခံ အကူအညီတောင်းခဲ့ခြင်းကြောင့် ဖြစ်မည်ဟု ဦးလောက်ရယ် ဆင်ခြင်မိလေသည်။

ရတနာ့စံအိမ်၌ ဖမ်းဆီးချုပ်နှောင်ထားသော အကျဉ်းသားများအား ကယ်ထုတ်ရန် မည်သို့မျှမဖြစ်နိုင်ပါတော့ချေ။

ဦးလောက်ရယ် မကျေမနပ်ဖြစ်နေစဉ်မှာပင် ခြေသံများ ထွက်ပေါ်လာပြီး ဦးကြွားက အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

ဝူးလောက်ရယ်က လှည့်ကြည့်လိုက်ပြီး....

'အခြေအနေ ဘယ်လိုလဲ'

ဟု မေးလိုက်သည်။

ဝူကြွားက....

'သိမ်းငှက်ကို ရတနာစံအိမ် စေလွှတ်လိုက်တာ မှန်နေပြီ သခင်ကြီး၊ သိမ်းငှက်က ရတနာစံအိမ်က အစောင့်တွေနဲ့ ခင်မင်ရင်းနှီးအောင် ပေါင်းသင်းပြီး သတင်းနှိုက်ယူနိုင်ခဲ့ပါတယ်'

ဝူးလောက်ရယ်က....

'ဆိုစမ်းပါဦး'

ဝူကြွားက....

'ရတနာစံအိမ်ရဲ့ မြေတိုက်ခန်းထဲမှာ တရားခံနှစ်ယောက်ကို ချုပ်နှောင်ထားပါတယ်၊ လိုအပ်ရင် သိမ်းငှက်က ရအောင် ဝင်သွားနိုင်တယ်လို့ ပြောပါတယ်'

'ဘာ....'

ဝူးလောက်ရယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ဝူကြွားကို မယုံကြည်နိုင်စွာ ကြည့်ရင်း....



'လိုအပ်ရင် ရတနာစံအိမ်ထဲကို ဝင်သွားနိုင်တယ် ဟုတ်လား'

ဟု မေးလိုက်သည်။

ဝူကြွား ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'သူက ဘယ်လိုထိုးဖောက်ဝင်မှာလဲ၊ ပြောစမ်းပါဦး'

'သူဟာ ရတနာစံအိမ်က အစောင့်တွေနဲ့ ခင်မင်ရင်းနှီးနေပြီမို့ အချိန်မရွေး ဝင်ထွက်လို့ရနေပါပြီ၊ သူ့ကို ဘယ်သူကမှ သတိမထားကြပါဘူး၊ ဒါကြောင့် သူက တရားခံတွေကို ဝင်ကယ်မယ်ဆိုရင် ရနိုင်တယ်လို့ ပြောပါတယ်'

ဝူးလောက်ရယ်က တွေးတော စဉ်းစားလိုက်လေသည်။

အတန်ကြာမှ....

'သူ့ကိုပြန်မေးလိုက်၊ ရနိုင်တာလား ရမှာလား၊ ရမှာသေချာတယ်ဆိုရင် ကျုပ်တို့ အစီအစဉ် လုပ်ရလိမ့်မယ်'

'ကောင်းပါပြီ သခင်ကြီး'

ဝူကြွားသည် ဝူးလောက်ရယ်ကို နှုတ်ဆက်ကာ ထွက်သွားလေသည်။

မကြာပါချေ။

နောက်ငါးရက်အကြာတွင် သိမ်းငှက်ထံမှ အကြောင်းပြန် စာကို လက်ခံရရှိလေသည်။

စာထဲ၌....

'ခွင့်ပြုချက်ရလျှင် ရာဇနာဝစံအိမ်တွင် အကျဉ်းချခံထားရ သည့် အကျဉ်းသားများကို ရအောင် ကယ်ထုတ်နိုင်ပါသည်၊ အမိန့်ပေးပါ'

ဟူ၍ ရေးသားထားလေသည်။

## လွတ်မြောက်ခြင်း

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ စည်းချက်ဝါးချက် ကျကျ ထွက်ပေါ်နေပါသည်။

ညနေဆည်းဆာအချိန်တွင်....

မြင်းလှည်းတစ်စီးသည် ဝမ်ဝေနယ်၏ တောင်ဘက်လမ်းမ ကြီးအတိုင်း ခရီးနှင်နေလေသည်။

တောင်ဘက်လမ်းမကြီးသည် ကုန်သည်ပွဲစားများ ခရီးသည် များ အဓိက အားထားရာ လမ်းမကြီးဖြစ်သည်။

ခရီးသွားများ မပြတ်ဘမ်း ရှိနေတတ်၏။

သို့သော်....

တောအုပ်များ တောင်တန်းများကို ဖြတ်သန်းသွားရသော ခရီးဖြစ်၍ နေ့ဘက်တွင် ခရီးသွားသူများ စည်ကားနေသော်လည်း ညဘက်တွင် လူပြတ်လေ့ ရှိပေသည်။

ခရီးသည်များသည် လူဆိုးဓားပြရန်ကြောက်သဖြင့် ညဘက်ခရီးသွားခြင်းကို ရှောင်ပြီး နေဝင်ဆည်းဆာအချိန် မတိုင်မီ နားနေစခန်းများသို့ အရောက်သွားတတ်ကြလေသည်။

ယခုမူ....

မြင်းလှည်းတစ်စီးသည် ညနေဆည်းဆာအချိန် ရောက်သည့်တိုင် ခရီးနှင်နေဆဲ ဖြစ်လေသည်။

ထိုမြင်းလှည်းအား မောင်းနှင်လာသူမှာ သံလက်ဝါးကိုက်အားချုပ် ရှာကု ဖြစ်လေသည်။

ရှာကုမောင်းနှင်လာသည့်မြင်းလှည်းထဲ၌ အစ်ကိုကြီး(ဝါ) ဖုံးစုရဲလိုက်ပါလာပါသည်။

ဖုံးစုရဲသည် ကျင်းလိန်မြို့စားနှင့် အပေးအယူလုပ်ကာ ခရီးထွက်လာခြင်းဖြစ်လေသည်။

ဖုံးစုရဲတွင် အကြံအစည် တစ်ခုခု ရှိနေမည် ဆိုသည်ကို ကျင်းလိန်မြို့စားကော ရှာကုပါရိပ်မိထားကြပါသည်။



ထို့ကြောင့်....

လမ်းခရီးတွင် ကြိုတင်အစီအမံများ ချထားလေသည်။

ကျင်းလိန်မြို့စားသည်ဖုံးစုရဲထွက်မပြေးနိုင်စေရဟု သန္နိဋ္ဌာန်ချထားသည်မဟုတ်ပါလား။

တောအုပ်ထဲသို့ မြင်းလှည်းဝင်ရောက်လာသည်နှင့်....

‘ရပ်လိုက်’

ဟန့်တားသံများ ထွက်ပေါ်လာလေသည်။

သစ်ပင်များကြားမှ လူတစ်စုပြေးထွက်လာပြီး လမ်းပိတ်ဟန့်တားလိုက်ကြလေသည်။

‘ဟေး....ဟေး’

ရှာကုက ဩသံပေးကာ မြင်းလှည်းကို အရှိန်သတ်ရပ်တန့်လိုက်လေသည်။

ဟန့်တားလာကြသူများမှာ ကျင်းလိန်မြို့စား၏လူများဖြစ်ကြပါသည်။

ရှာကုက....

‘ဘာကိစ္စလဲဟေ့’

ဟု အော်မေးလိုက်လေသည်။

ဟန့်တားလာသူများ (၀၁)ကျောင်းလိန်မြို့စား၏ လူများအား ခေါင်းဆောင်လာသူမှာ 'ကျီကိုချင်း' ဆိုသူဖြစ်ပါသည်။

သိုင်းလောက၌ ထင်ရှားသော သိုင်းသမားတစ်ယောက်လည်းဖြစ်သည်။ ကျီကိုချင်းသည် ရှာကုအား ဦးညွှတ်လိုက်ပြီး....

'ဂိုဏ်းချုပ်ကြီးခင်ဗျား တောအုပ်ထဲကို မဝင်ပါနဲ့ဦးဗျာ၊ ရှေ့မှာအန္တရာယ်ရှိပါတယ်'

ဟု ပြောလေသည်။

ရှာကု မျက်မှောင်ကြုတ်သွားသည်။

'ဘယ်လို....အန္တရာယ်ရှိနိုင်တယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ကျုပ်ကိုရှင်းပြပါဦး'

ကျီကိုချင်းက....

'ကျုပ်တို့ဟာ မြို့စားကြီးရဲ့အမိန့်အတိုင်း လမ်းခရီးတစ်လျှောက်မှာ အန္တရာယ်မဖြစ်ရလေအောင် ကြိုတင်ရှင်းထားဖို့ ဆောင်ရွက်ခဲ့ကြပါတယ်၊ ဒီတောအုပ်ထဲရောက်တော့'



သူကြုံတွေ့ရသည့် အဖြစ်အပျက်များကို ရှင်းပြလိုက်လေသည်။

* * *

ကျီကိုချင်းသည် ကျောင်းလိန်မြို့စား၏အမိန့်အရ လက်ရွေးစင်သိုင်းသမားတစ်ယောက်ခေါ်ကာ ခရီးပြင်းနှင်လာခဲ့လေသည်။

ဖုံးစုရဲ့အား သယ်ဆောင်လာသည့်မြင်းလှည်းသည် နေဝင်ချိန်တွင် လူသူကင်းဝေးသည့်တောအုပ်တစ်ခုသို့ ရောက်လိမ့်မည်ဖြစ်ကြောင်း သိထားကြသည်။

ထို့ကြောင့်....

ဖုံးစုရဲ့တို့ဖြတ်သန်းရမည့်တောအုပ်ကို အရင်ဆုံးရှင်းလင်းရမည်ဟု နားလည်သဘောပေါက်ထားလေသည်။

လက်ရွေးစင် သိုင်းသမားများကိုခေါ်ကာ ထိုတောအုပ်ဆီသို့ အရောက်လာခဲ့လေသည်။

တောအုပ်ရှေ့ရောက်လျှင်....

'အားလုံးသတိထားကြပေါ့၊ တောအုပ်ထဲမှာအန္တရာယ်ရှိနိုင်တယ်'

သူနှင့်အတူ လိုက်ပါလာ သူများကိုမှာကြားလိုက်လေသည်။

အားလုံးသည် အန္တရာယ်နှင့်ရင်ဆိုင်ရလျှင် ချက်ချင်းတုံ့ပြန်တိုက်ခိုက်နိုင်ရန် လက်နက်များအသင့်ပြင်ထားလိုက်ကြ၏။

ကျီကိုချင်းက....

'မြင်းပေါ်က ဆင်းပြီး သူစုခွဲဝင်ကြမယ်ဟေ့'

ဟု အမိန့်ပေးလိုက်ကြလေသည်။

အားလုံး မြင်းလှည်းပေါ်မှဆင်းလိုက်ကြသည်။

ထို့နောက်....

ငါးယောက်စီ လူစုခွဲကာ နှစ်သုတ်ခွဲပြီး တောအုပ်ထဲ ဝင်သွားကြလေသည်။

ကျီကိုချင်းက ရှေ့ဆုံးမှ ဦးဆောင်ကာ ဝင်သွားခြင်း ဖြစ်လေသည်။

သူ၏မျက်လုံးများသည် ပတ်ဝန်းကျင်ကို မျက်ခြည်မပြတ် အကဲခတ်ကြည့်သွားပါ၏။



သူ၏နားထဲ၌ ကျင်းလိန်မြို့စား မှာကြားလိုက်သည့် စကားများကို ကြားယောင်နေမိပါသည်။

'ကျီကိုချင်း...ပုံးစုရဲမှာ အကြံအစည် တစ်ခုခု ရှိနေတာသေချာတယ်၊ ဒါကြောင့် နေဝင်ချိန် သူတို့ ရောက်သွားမယ့် တောအုပ်ကို သတိထားစေချင်တယ်'

ကျီကိုချင်းသည် တောအုပ်ထဲ၌ အန္တရာယ် ရှိနိုင်သည်ဟု နားလည်ထားသည်ဖြစ်ရာ သတိမပြတ် အကဲခတ်ရင်း တောအုပ်ထဲ ဝင်သွားခြင်းဖြစ်လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေလေသည်။

လေပြည် လေညင်း ဝေ့ယမ်း တိုက်ခိုက်လာသောအခါ သစ်ရွက်လှုပ်သံ၊ သစ်ကိုင်းလှုပ်သံ ထွက်ပေါ်လာသည်။

ကျေးငှက်လေးများ၏ ဘာသာဘာဝ တေးသီချင်းဆိုသံများသည်း ကြားနေရသည်။

ပတ်ဝန်းကျင် အနေအထားအရ အန္တရာယ်ရှိမည့် အရိပ်အယောင် မတွေ့ရချေ။

ကျီကိုချင်း သက်ပြင်းချလိုက်သည်။

'အင်း....အန္တရာယ်ရှိမယ်တော့ မထင်ဘူး'

ဟု တွေးပြီး စိတ်လျှော့ချလိုက်လေသည်။

ထိုစဉ်မှာပင်....

'ဆရာ....ဟိုမှာ ကြည့်ပါဦး'

သိုင်းသမားတစ်ယောက်က တစ်နေရာဆီသို့ညွှန်ပြကာ ပြောလိုက်လေသည်။

ကျိုကိုချင်း ရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်သည်။

ထိုအခါ မလှမ်းမကမ်းတစ်နေရာတွင် လမ်းပေါ်၌ ကန့်လန့်ဖြတ်ပိတ်ကာ တုံးလုံးပက်လက်လဲကျနေသည့် မြင်းလှည်းတစ်စီးကို တွေ့လိုက်ရလေသည်။

ကျိုကိုချင်းက ချက်ချင်းလက်ကာပြလိုက်သည်။

'အားလုံး ရပ်လိုက်ကြစမ်း'

သူ၏လူများကို အမိန့်ပေးလိုက်သည်။

အားလုံး ရပ်တန့်လိုက်ကြသည်။

ကျိုကိုချင်းက....

'မြင်းလှည်းကိုဝိုင်းကြမယ်'



ဟု ပြောလိုက်သည်။

အန္တရာယ်နှင့်တွေ့ရမည်ဟု အားလုံးနားလည် သဘောပေါက်ထားကြသည်ဖြစ်ရာ ကျိုကိုချင်းက အမိန့် ပေးလိုက်သည်နှင့် ချက်ချင်းပင် လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြပြီး လျှင်မြန်စွာ မြင်းလှည်းကို ဝိုင်းရံလိုက်ကြလေသည်။

မြင်းလှည်းမှောက်နေသည် ဖြစ်သော်လည်း လူရိပ်လူယောင် မတွေ့ရပါချေ။

ကျိုကိုချင်းက....

'ဘယ်သူတွေလဲ၊ ဘာဖြစ်ကြတာလဲဟေ့'

ဟု အော်မေးလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော်...

တုံ့ပြန်သံ မကြားရပါချေ။

ကျိုကိုချင်းက....

'ဘယ်သူတွေလဲဟေ့'

ဟု ထပ်မေးလိုက်သည်။

တုံ့ပြန်သံ လုံးဝထွက်ပေါ်လာခြင်း မရှိပေ။

ကျိုကိုချင်းက....

'အားလုံးသတိထားကြဟေ့'

ဟု ပြောကာ ရှေ့သို့လှမ်းထွက်သွားလိုက်လေသည်။

မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

မြင်းလှည်းမှာ ခရီးသည်များအသုံးပြုလေ့ရှိသည့် ပို့ဆောင်ရေး မြင်းလှည်းတစ်စီးဖြစ်လေသည်။

မြင်းလှည်း တိမ်းမှောက်နေသည်ဖြစ်ရာ ပစ္စည်းများပြန့်ကျဲနေပါ၏။

မြင်းလှည်းအနီးသို့ ရောက်သွားမှ မြင်းလှည်းအိမ်ထဲ၌ လူသုံးယောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုလူသုံးယောက်မှာ ယောကျ်ားနှစ်ယောက်၊ အမျိုးသမီးတစ်ယောက် ဖြစ်လေသည်။

သုံးယောက်စလုံး သွေးခြင်းခြင်းနီရဲနေ၏။



ယောကျ်ားနှစ်ယောက်ကား တုတ်တုတ်မျှမလှုပ်ဘဲ သေဆုံးနေကြပြီဖြစ်လေသည်။

ကျိုကိုချင်းသည် မြင်းလှည်းအနီးသို့ ရောက်သွားသောအခါ....

'အင်း ...အင်း'

အမျိုးသမီးထံမှ ညည်းညူသံသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

ကျိုကိုချင်း ရင်ထိတ်သွားသည်။

အမျိုးသမီးသည် အသက်ရှင်လျက်ရှိနေသေးသည် မဟုတ်ပါလား။

ကျိုကိုချင်းကြည့်နေစဉ် အမျိုးသမီး လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ကျိုကိုချင်းက....

'ညီမ... ညီမ'

ခေါ်ရင်း ချဉ်းကပ်သွားလိုက်သည်။

အမျိုးသမီးမှာ မြင်းလှည်းအိမ်ထဲ၌ ပစ္စည်းများပိုက်ကာ ညပ်နေပါသည်။

ကျော်ကိုချင်း၏ခေါ်သံကြားလျှင် မျက်လုံးဖွင့်ကြည့်လာလေသည်။

ကျော်ကိုချင်းက....

'ညီမ....ညီမ'

ဟု ထပ်ခေါ်လိုက်သည်။

အမျိုးသမီးသည် ကျော်ကိုချင်းကိုတွေ့မြင်ရလျှင် ထိတ်လန့်တုန်လှုပ်သွားပုံရလေသည်။

'ကျွန်မ....ကျွန်မကိုမသတ်ပါနဲ့'

ဟု အထိတ်တလန့်အော်ဟစ်လိုက်လေသည်။

'ဟာ'

ကျော်ကိုချင်းလည်း ရင်ထိတ်သွားသည်။

အမျိုးသမီးက....

'ကျွန်...ကျွန်မကို မသတ်ပါနဲ့ရှင်၊ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို ချမ်းသာပေးပါရှင်'



ဟု ထိတ်လန့်စွာ တောင်းပန်နေလေသည်။

သူမသည် အလွန် ကြောက်ရွံ့ထိတ်လန့်နေပုံရပါသည်။

ကျော်ကိုချင်းက....

'ဟာ.... ကျုပ်ကိုမကြောက်ပါနဲ့၊ ကျုပ်က ဒုက္ခရောက်အောင် မလုပ်ပါဘူး'

ဟု ပြောလိုက်သည်။

အမျိုးသမီးက....

'ကျွန်မကိုမသတ်ပါနဲ့ရှင်၊ ကျွန်မရဲ့ပစ္စည်းတွေ အကုန်ယူသွားပါ၊ ကျွန်မတောင်းပန်ပါတယ်'

ဟု တတွတ်တွတ်တောင်းပန်နေလေသည်။

ကျော်ကိုချင်း ခေါင်းခါယမ်းလိုက်သည်။

'ညီမ... ဘာမှမကြောက်နဲ့၊ ကျုပ်က ဒုက္ခပေးမယ့်သူမဟုတ်ပါဘူး'

'ရှင် ...ရှင် ဘာကြောင့်ပြောတာနော်'

'တကယ်ပါဗျာ'

‘ဟင့်....ဟင့်....ဟီး’

အမျိုးသမီးသည် ကောက်ကာငင်ကာ ငိုချလိုက်လေသည်။

‘ဟောဗျာ’

ကျိုကိုချင်း အခက်ကြုံသွားသည်။

ခေါင်းကုတ်လိုက်မိလေသည်။

အမျိုးသမီးသည် တဟီးဟီးငိုကြွေးရင်း....

‘ကျွန်....ကျွန်မတို့ ခရီးထွက်လာရင်း ဒီတောအုပ်ထဲက ဖြတ်လာတော့ လူ....လူဆိုးတွေ’

သူမ စကားဆုံးအောင်မပြောနိုင်ဘဲ ရှိုက်ကြီးတငင် ငိုကြွေး နေလေတော့သည်။

ယခု....

ကျိုကိုချင်းသည် အဖြစ်အပျက်ကို နားလည်သဘောပေါက် လိုက်ပြီ ဖြစ်လေသည်။

အမျိုးသမီးတို့လူစုသည် ခရီးထွက်လာရင်း တောအုပ်ထဲသို့ အရောက်တွင် လူဆိုးဓားပြများနှင့် ဆုံတွေ့မိပြီး ဒုက္ခရောက်ခဲ့ ခြင်း ဖြစ်ရပေမည်။



ကျိုကိုချင်း စိတ်မကောင်းဖြစ်သွားလေသည်။

‘ညီမ ဘာမှမပူပါနဲ့တော့၊ ကျုပ်တို့ဟာ ကျင်းလိန်မြို့စား ရဲ့ လူတွေပါ၊ ညီမကို ဒုက္ခမပေးပါဘူး၊ လိုအပ်သမျှ ကူညီကြ မှာပါ’

ဟု ပြောပြလိုက်လေသည်။

အမျိုးသမီး အငိုတိတ်သွားသည်။

ကျိုကိုချင်းကို မျက်လုံးကြီးပြူးကာကြည့်ရင်း ...

‘ကူ....ကူညီမယ်ဟုတ်လား’

ဟု မေးလေသည်။

ကျိုကိုချင်းက....

‘ဟုတ်ပါတယ်၊ ညီမ ဘယ်ကိုသွားမလဲ၊ ဘယ်လိုက်ပို့ပေး ရမလဲ ပြောပါ’

အမျိုးသမီးက....

‘ကျွန်မ ဘယ်ကိုသွားရမှာလဲ’

‘ဗျာ’

'ကျွန်....ကျွန်မ'

ကျိုကိုချင်းက ...

'ညီမကဘယ်သူလဲ၊ ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားမှာလဲ'

ဟု မေးလိုက်သည်။

အမျိုးသမီးက....

'ကျွန် ...ကျွန်မ ဘယ်ကိုသွားရမှာလဲ'

ကျိုကိုချင်း ဟင်းခနဲသက်ပြင်းချလိုက်မိပါတော့သည်။

အမျိုးသမီးသည် ကြောက်လွန့်စိတ်ကြောင့် သည်းခြေပျက်ကာ ကယောင်ကတမ်းဖြစ်နေကြောင်း သဘောပေါက်လိုက်မိလေသည်။

'ဒုက္ခပဲ'

ဟု ညည်းလိုက်သည်။

ဖုံးစုရဲအား ကူညီမည့်သူများ ပုန်းအောင်းနေနိုင်သည်ဟူသော ယူဆချက်ဖြင့် တောအုပ်ထဲသို့ ဝင်ရောက်ရှာဖွေကြခြင်း ဖြစ်သေသည်။

ယခုတော့....



လူဆိုးဓားပြများ၏လက်ချက်ကြောင့် ဒုက္ခရောက်နေသည့် အမျိုးသမီးတစ်ယောက်ကို လာတွေ့ရလေသည်။

ကျိုကိုချင်းမှာ ရုတ်တရက် မည်သို့ပြုလုပ်ရမှန်းမသိ ဖြစ်သွားလေတော့သည်။

အမျိုးသမီးက....

'ကျွန်မအစ်ကိုနဲ့ကျွန်မယောကျ်ားကိုထားပြီး ဘယ်မှမသွားနိုင်ဘူး'

ဟု အော်ပြောလာလေသည်။

ကျိုကိုချင်း ပို၍ ရင်ထိတ်သွားသည်။

'ညီမ တော်ကြာလူဆိုးဓားပြတွေရောက်လာရင် ဒုက္ခရောက်လိမ့်မယ်၊ ဒီနေရာက အမြန်ဆုံးထွက်သွားတာ ကောင်းမယ်၊ ဘာမှမစိုးရိမ်နဲ့၊ ကျုပ်ရဲ့လူတစ်ယောက်ကို ညီမရဲ့အိမ်အထိ လိုက်ပို့ပေးပါလိမ့်မယ်'

ဟု ပြောလိုက်သည်။

အမျိုးသမီးက ခါးခါးသီးသီး ငြင်းဆန်လေသည်။

'ကျွန်မယောကျ်ားနဲ့ အစ်ကိုမပါဘဲ ဘယ်ကိုမှ မသွားဘူး'

သူမသည် မြင်းလှည်းအိမ်ထဲမှမထွက်ဘဲ အကြောက်အကန် ငြင်းဆန်နေတော့သည်။

'တယ်ခက်ပါလား'

အမျိုးသမီးအား ခေါ်ထုတ်သွားဖို့မလွယ်ကြောင်း ကျိုကိုချင်း သဘောပေါက်လိုက်သည်။

မည်သို့ပြုလုပ်ရမည်ကို တွေးတောစဉ်းစားရင်း ကျင်းလိန်မြို့စား ပေးအပ်လိုက်သောတာဝန်သည် အမျိုးသမီးထက် ပို၍အရေးကြီးကြောင်း ဆင်ခြင်မိလိုက်သည်။

ထို့ကြောင့်....

'ကဲ....တစ်ယောက်က ဟောဒီအမျိုးသမီးကို စောင့်ကြည့်နေပါ၊ ကျန်တဲ့လူတွေက တောအုပ်ထဲမှာ အန္တရာယ်ရှိမရှိ လိုက်ကြည့်ကြမယ်၊ ကျုပ်နောက်လိုက်ခဲ့'

သိုင်းသမားတစ်ယောက်အား မြင်းလှည်းအနီး၌ စောင့်ကြပ်နေရန် တာဝန်ပေးကာ ကျန်သိုင်းသမားများကိုခေါ်၍ တောလမ်းတစ်လျှောက် အန္တရာယ်ရှိမရှိ ဆက်လက်ရှာဖွေကြည့်လိုက်လေသည်။

ချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

အလင်းရောင်အားနည်းလာပြီး အချို့နေရာများ၌ မှောင်ရိပ်သန်းလာလေသည်။



ကျိုကိုချင်းတို့လူစုသည် တောအုပ်ထဲ၌ လှည့်ပတ် ရှာဖွေကြည့်ရှုလိုက်ကြပါသော်လည်း အန္တရာယ်ပြုနိုင်မည့်သူ၏ အရိပ်အယောင်မျှကိုပင် မတွေ့ရချေ။

နောက်ဆုံး....

တောအုပ်ထဲ၌ မည်သို့မျှ အန္တရာယ်မရှိနိုင်ဟု ယုံကြည်စိတ်ချစွာဖြင့် ပြန်ထွက်လာခဲ့ကြလေသည်။

ထိုစဉ်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာသည်။

ကျိုကိုချင်း ရင်ထိတ်သွားသည်။

တောအုပ်အပြင်ဘက်၌ တစ်စုံတစ်ယောက် ရောက်ရှိလာပြီဖြစ်သည်။

'ဖုံးစုရဲ'

ကျိုကိုချင်းသည် ဖုံးစုရဲကို သတိရလာသည်။

ဖုံးစုရဲအား ခေါ်ဆောင်လာသော မြင်းလှည်းသည် တောအုပ်ရှေ့သို့ ရောက်လာပြီဖြစ်လေသည်။

ကိုကိုချင်းက...

'မင်းတို့ အမျိုးသမီးကို ကြည့်ထား'

ဟု သိုင်းသမားငါးယောက်ကိုပြောကာ ကျန်သိုင်းသမားငါးယောက်ကိုခေါ်ကာ တောအုပ်ထဲမှ ပြေးထွက်သွားလေသည်။

သိုင်းသမားငါးယောက်ကလည်း ပြေးလိုက်သွားကြသည်။ တောအုပ်အပြင်ဘက် ရောက်ရှိသွားသောအခါ...

* * *

ကိုကိုချင်းက ကြုံတွေ့ရသည့် အဖြစ်အပျက်များကို ရှာကုအား ပြောပြလိုက်လေသည်။

ရှာကုက...

'မင်းက လူဆိုးတွေကိုလဲ မတွေ့ရဘူး၊ အန္တရာယ်ရှိတယ်လို့လဲ ပြောတာ ဘာသဘောလဲ'

ဟု မေးလိုက်သည်။



ကိုကိုချင်းက....

'လူဆိုးတွေ လှုပ်ရှားသွားခဲ့တဲ့နေရာဆိုတော့ ကျုပ်တို့ လိုက်ပြီး စစ်ဆေးပြီးပေမယ့် စိတ်မချရဘူး ထင်လို့ပါ'

ရှာကုက....

'ဒါဖြင့် ကျုပ်ဘာလုပ်ရမလဲ'

ကိုကိုချင်းက....

'တောအုပ်အပြင်ဘက် ကွေ့ပတ်သွားဖို့နဲ့ နောက်ကြောင်းပြန်လှည့်ပြီး နားခိုစခန်းတစ်ခုမှာ တစ်ညနားဖို့ နည်းလမ်းနှစ်ခုပဲရှိပါတယ်'

ဟု ပြောလိုက်သည်။

ထိုစဉ်....

'ကျုပ်တို့ ရှေ့ဆက်သွားမယ်'

မြင်းလှည်းအိမ်ထဲမှ ဖိုးစုရဲ၏စကားသံ ထွက်ပေါ်လာလေသည်။

ရှာကုနှင့် ကိုကိုချင်းတို့ လှည့်ကြည့်လိုက်ကြလေသည်။

မြင်းလှည်းအိမ်ထဲမှ....

'ကျုပ်တို့ ရှေ့ဆက်သွားကြမယ်'

ဖိုးစုရဲ၏စကားသံ ထွက်ပေါ်လာသည်။

ကျီကိုချင်းက....

'ဆက်သွားလို့ မဖြစ်ဘူးဗျ'

ဟု အော်ပြောလိုက်သည်။

ဖိုးစုရဲက....

'ကျင်းလိန်မြို့စားက ကျုပ်ကို ခရီးဆက်ခွင့်ပြုထားတယ်၊ ဘယ်သူမှ အမိန့်ပေးပြီး တားလို့မရဘူး'

ရှာကူ ကျီကိုချင်းကို ကြည့်လိုက်သည်။

ကျီကိုချင်းက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ဘူး'

ရှာကူ သက်ပြင်းချလိုက်သည်။

'ကျုပ်တို့ တောအုပ်အပြင်ဘက်က ကွေ့ပတ်သွားကြမယ်'

ဟု ပြောလိုက်၏။



ဖိုးစုရဲ၏အသံ ထွက်ပေါ်လာခြင်းမရှိတော့ပေ။

ရှာကူက....

'ကျုပ်တို့သွားမယ်'

ဟု ပြောကာ မြင်းလှည်းပေါ် ခုန်တက်လိုက်သည်။

ကျီကိုချင်းက....

'တောအုပ်ဘစ်ဖက်ကို ရောက်တဲ့အထိ ကျုပ်တို့ လိုက်ပို့ပေးပါမယ်'

ဟု ပြောကာ မြင်းလှည်းကို ခြံရံလိုက်ကြလေသည်။

ထိုစဉ်မှာပင်....

'အား'

'အင့်'

'အမယ်လေး'

တောအုပ်ထဲမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

ရှုးရှသော အော်ဟစ်သံများ ဆက်တိုက်ထွက်ပေါ်လာလေသည်။

ကျော်ကိုချင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

အော်ဟစ်သံများသည် တောအုပ်ထဲ၌ ထားပစ်ခဲ့သည့် သူ၏သိုင်းသမားများ၏ အသံဖြစ်ကြောင်း သတိပြုမိလိုက်ခြင်းကြောင့် ဖြစ်လေသည်။

ရှာကုက...

'ဘာဖြစ်တာလဲ'

ဟု ပြောလိုက်၏။

ကျော်ကိုချင်းက....

'တောအုပ်ထဲမှာ ထားပစ်ခဲ့တဲ့ ကျုပ်ရဲ့လူတွေ ဒုက္ခရောက်နေပြီ'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ပြေးထွက်သွား၏။

သိုင်းသမားငါးယောက်က နောက်မှ ပြေးလိုက်သွားကြလေသည်။

သူတို့လူစုသည် တစ်ခဏအတွင်းမှာပင် ရှာကု၏ မြင်ကွင်းမှ ကွယ်ပျောက်သွားကြလေသည်။



ရှာကု စိုးရိမ်ပူပန်သွား၏။

'ကျင်းလင်န်မြို့စား စိုးရိမ်တဲ့အတိုင်းတော့ ဖြစ်လာပြီ'

ဟု စိတ်ထဲမှ ရေရွတ်လိုက်သည်။

ထိုစဉ်...

'ဘာဖြစ်နေတာလဲဗျ'

မြင်းလှည်းအိမ်ထဲမှ ဖုံးစုရဲ၏မေးမြန်းသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ရှာကုက....

'ဘာဖြစ်နေတယ်ဆိုတာ ခင်ဗျားမသိရင် ဘယ်သူမှ သိနိုင်တော့မှာ မဟုတ်ဘူး'

ဟု အရွဲ့တိုက်ကာ ပြောလိုက်လေသည်။

တောအုပ်ထဲ၌ ပြဿနာပေါ်ပေါက်လာခြင်းသည် ဖုံးစုရဲ၏ လူများကြောင့် ဖြစ်ရမည်ဟု ယုံကြည်ထားလေသည်။

'ဟား....ဟား....ဟား'

ဖုံးစုရဲ၏ ဟားတိုက်ရယ်မောသံ ထွက်ပေါ်လာလေသည်။

ရှာကု ခံပြင်းသွားသည်။

‘ဒါ ရယ်စရာမဟုတ်ဘူး၊ သိုင်းလောကတစ်ခုလုံးက ခင်ဗျားကို စောင့်ကြည့်နေကြတာ ဘယ်လောက်ပဲ ညဏ်များချင်ဦး လွတ်မယ် မထင်နဲ့’

ဟု ငေါက်လိုက်သည်။

ဖိုးစုံရဲက....

‘ခင်ဗျား တကယ်ပြောတာလား’

‘မယုံဘူးဆိုရင် စမ်းကြည့်လေ’

ရှာကုသည် ဖိုးစုံရဲအား ဆုံးမရန်ဆုံးဖြတ်ထားလေသည်။

ထိုစဉ်....

‘ကယ်တော်မူကြပါရှင်’

အထိတ်တလန့် အော်ဟစ်သံနှင့်အတူ သွေးအလိမ်းလိမ်း ပေကျံနေသည့် အမျိုးသမီးတစ်ယောက် တောအုပ်ထဲမှ ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

* * *



ကျိုကိုချင်းတို့လူစုသည် တောအုပ်ထဲသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလေသည်။

စူးရှသော အော်ဟစ်သံများသည် မြင်းလှည်း အနီး၌ စောင့်ကြပ်ရင်း ကျန်ရစ်ခဲ့သည့် သိုင်းသမားများ၏ အော်ဟစ်သံများဖြစ်ကြောင်း သဘောပေါက်ထား၏။

မမျှော်လင့်သော အန္တရာယ် တစ်စုံတစ်ခုနှင့် ရင်ဆိုင်နေရပြီ ဖြစ်ကြောင်း ထင်ရှားပေသည်။

ကျိုကိုချင်းတို့ တောအုပ်ထဲသို့ ရောက်ရှိသွားကြသောအခါ မြင်းလှည်း အနီးတစ်ဝိုက်၌ လဲကျနေသည့် သိုင်းသမား ငါးယောက်ကို တွေ့လိုက်ရလေသည်။

သိုင်းသမားငါးယောက်မှာ ရင်ဝတွင် သွေးခြင်းခြင်းနီရဲကာ ကြီးမားသော ဓားဒဏ်ရာများ ရထားသည်ကို တွေ့ရ၏။

သူတို့၏မျက်နှာတွင် အလွန့်ထိတ်လန့် တုန်လှုပ်နေကြောင်း ထင်ရှားပေါ်လွင်နေသည်။

မမျှော်လင့်သော အဖြစ်အပျက်တစ်ခုနှင့်ကြုံတွေ့ခဲ့ရကြောင်း ထင်ရှားနေပါသည်။

ကျိုကိုချင်း ဒေါသထွက်သွားပါသည်။

‘တောက်....သတ္တိရှိရင် ထွက်ခဲ့စမ်း’

ဟု အောင်ပြောလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူနှင့် အတူလိုက်လာသည့် သိုင်းသမား ငါးယောက်သည်လည်း လက်နက်ကိုယ်စီ ဆွဲထုတ်ကာ ရင်ဆိုင် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်ကြလေသည်။

သို့သော်....

ရန်သူ၏အရိပ်အယောင်ပင် မတွေ့ရချေ။

ကျိုကိုချင်းက....

'ဟေ့....ခိုးကြောင် ခိုးဝှက်လုပ်မနေနဲ့၊ ထွက်ခဲ့စမ်း'

ဟု အောင်ပြောလိုက်သည်။

သူ၏အသံ မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။ မည်သို့ဆိုစေ...

သူ၏အသံ တိတ်ဆိတ်ကွယ်ပျောက်သွားသည်အထိ တုံ့ပြန်သံ ထွက်ပေါ်လာခြင်းမရှိချေ။

ကျိုကိုချင်း အံကြိတ်လိုက်သည်။

'မင်းတို့ ဘယ်လောက်ကြာကြာ ပုန်းနေနိုင်မလဲ၊ ကြည့်ကြသေးတာပေါ့'



ဟု ပြောပြီး လိုက်လံရှာဖွေရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ဟီ..ဟီ'

ရယ်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်'

ကျိုကိုချင်းရင်ထိတ်သွားပြီး ရယ်သံထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုအခါ...

မြင်းလှည်းနံဘေး၌ ငုတ်တုတ်လေးထိုင်နေသည့် အမျိုးသမီးတစ်ယောက်ကိုတွေ့လိုက်ရလေသည်။

ထိုအမျိုးသမီးသည် မြင်းလှည်းဖြင့်လိုက်ပါလာခဲ့သည့်အမျိုးသမီးဖြစ်လေသည်။ သူမ၏တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲနေသည်။

ဆံပင်များ ဖွာလန်ကျဲနေသည်။

သူမ၏ပါးပြင်တွင် မျက်ရည်စီးကြောင်းများရှိနေသည်။

သို့သော်...

သူမသည် သဘောကျစွာရယ်မောနေလေသည်။

ကျိုကိုချင်းသည် မျက်နှာပျက်သွားပြီး....

'ခင်ဗျား ဘာရယ်တာလဲဗျ'

ဟု ငေါက်လိုက်သည်။

အမျိုးသမီးက....

'ရယ်စရာကောင်းလို့ ဟီ....ဟိ'

'ခင်....ခင်ဗျား'

'လူတစ်ယောက်ကခုန်လိုက်ပေါက်လိုက်လုပ်နေတာနဲ့ ရှင့်လူတွေက ငယ်သံပါအောင်အော်လိုက်ကြတာ၊ အဲဒီလောက်ရယ်ဖို့ကောင်းသလဲ ဟီ....ဟိ'

သူမ၏စကားကြောင့် ကျိုကိုချင်း မျက်နှာပျက်သွားလေသည်။

အမျိုးသမီးသည် အကြောက်လွန်ကာ စိတ်ဖောက်ပြန်သွားပြီဖြစ်ကြောင်း သတိပြုလိုက်မိသည်။



သူမသည် သိုင်းသမားငါးယောက်အား သတ်ပစ်ခဲ့သည့် လူသတ်သမားကို တွေ့မြင်ခဲ့ကြောင်းလည်း ဆင်ခြင်မိလိုက်လေသည်။

ထို့ကြောင့်....

'လူသတ်သမားဘယ်သူလဲ ပြောစမ်း'

ဟု မေးလိုက်လေသည်။

အမျိုးသမီးက....

'လူသတ်သမား'

'ဟုတ်တယ်၊ လူသတ်သမားဘယ်မှာလဲ'

အမျိုးသမီးက....

'ရှင်ဘာပြောနေတာလဲ'

ကျိုကိုချင်း ဒေါသထွက်လာသည်။

'ခင်ဗျားပြောတဲ့ ကခုန်နေတဲ့လူကိုပြောတာပဲ၊ အဲဒီလူဟာ ကျုပ်လူတွေကို သတ်ပစ်လိုက်တဲ့လူသတ်သမား'

'ဩြော်....'

အမျိုးသမီးဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

ကျီကိုချစ်က....

'ပြောစမ်း'

ဟု ဟောက်လိုက်သည်။

အမျိုးသမီးသည် မျက်မှောင်ကုတ်ကာထရပ်လာပါသည်။

'အဲ့ဒီလူက....'

'ပြောစမ်း အဲဒီလူဘယ်မှာလဲ'

ကျီကိုချစ်သည် စိတ်မရှည်နိုင်တော့ဘဲ အမျိုးသမီး၏ပခုံးကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ ခါယမ်းမေးလိုက်လေသည်။

အမျိုးသမီးက....

'သူ....သူက'

'ပြောစမ်းပါ ဘယ်သူလဲ'

'ကျွန်မပဲ'

'ဘာ'

ကျီကိုချစ် အံ့ဩသွားသည်။



သို့သော် ကြာကြာအံ့ဩချိန် မရနိုင်ပါချေ။

အကြောင်းမှာ....

အမျိုးသမီးသည် ဝှက်ထားသောဓားဘစ်လက်ကိုထုတ်ကာ ထိုးသွင်းလိုက်ခြင်းကြောင့်ဖြစ်သည်။

သူမ၏ဓားသည် ကျီကိုချစ်၏ရင်ဝကို ထိုးဖောက်စိုက်ဝင်သွားလေတော့သည်။

ကျီကိုချစ် မရှောင်နိုင်တော့ပါ။

'အား'

စူးရှစွာ အော်ဟစ်ကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

အမျိုးသမီးက...

'ဟော....ရှင်ကောဘယ်လိုဖြစ်သွားတာလဲ'

ဟု ပြောပြီး ကျီကိုချစ်ကို လက်ဝါးဖြင့် တွန်းထုတ်လိုက်လေသည်။

'ဝုန်း'

ကျီကိုချစ်မှာ ပက်လက်လန်ကာ မြေပေါ်လဲကျသွားပြီး ယက်ကန်ယက်ကန် ဖြစ်နေသည်။

သို့သော်....

တစ်ခဏအတွင်းမှာပင် တိတ်ဆိတ် ငြိမ်သက်သွားလေတော့သည်။

'ဟင်'

'ဟာ'

ကျိုကိုချင်း၏ သိုင်းသမားငါးယောက် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။

အမျိုးသမီးက သူတို့ဘက် လှည့်ကြည့်လိုက်၏။

သူမသည် သနားစရာကောင်းသောအမျိုးသမီးတစ်ယောက် အသွင် မရှိတော့ပါ။

သူမ၏မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေလေသည်။ သိုင်းသမားငါးယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

'မင်း....မင်း လူသတ်သမား'

'ဘိုက်ကြဟေ့'

'မလွတ်စေနဲ့'



ကြွေးသံပေးရင်း ငါးယောက်သား ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

တို့သိုင်းသမား ငါးယောက်မှာ ထိပ်သီးသိုင်းသမားများ ဖြစ်ကြပါသည်။ သူတို့၏တိုက်ခိုက်မှု ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

သို့သော်...

'သွားကြစမ်း'

အမျိုးသမီးက အော်ဟစ်ကာ ဓားကိုင်ထားသော လက်ကို ဝှေ့ယမ်းလိုက်သည်နှင့်....

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သိုင်းသမား ငါးယောက်သည် အမျိုးသမီး၏ ဓားဖျားအောက်တွင် ကားခနဲ ကားခနဲ ဖြစ်သွားကြလေသည်။

ငါးယောက်စလုံး မြေပေါ် အတုံးအရုံး လဲကျသွားကြသည်။

အမျိုးသမီးသည် တိုသိုင်းသမားငါးယောက်ကို လုံးဝလှည့်မကြည့်တော့ဘဲ တောအုပ်ထဲမှ ပြေးထွက်သွားလေတော့သည်။

* * *

ရှာကူ မျက်မှောင်ကြုတ်သွားသည်။

သွေးအလိမ်းလိမ်း ပေကျံနေသော အမျိုးသမီး တစ်ယောက်သည် တောအုပ်ထဲမှ ဒရောသောပါး ပြေးထွက်လာသည် မဟုတ်ပါလား။

ရှာကူ မနေနိုင်တော့ပါ။

မြင်းလှည်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ပြီး....

'မင်း ဘယ်သူလဲ၊ ဘာဖြစ်လာတာလဲ'

ဟု အော်မေးလိုက်သည်။



အမျိုးသမီးက....

'လူသတ်သမား၊ လူသတ်သမား'

ဟု အော်ပြောရင်း ပြေးလာရာ ခလုတ်တိုက်ပြီး မြေပေါ် ဟပ်ထိုးလဲကျသွားလေသည်။

'ဟာ'

ရှာကူ ထိတ်လန့်သွားသည်။

'လူသတ်သမား ဘယ်မှာလဲ'

မေးရင်း အမျိုးသမီးကို ဖေးမရန် ပြေးသွားလေသည်။

အမျိုးသမီးက လူးလိမ့်ထလိုက်သည်။

ရှာကူက သူမကို ဖေးမလိုက်သည်။

'မိန်းကလေး လူသတ်သမား ဘယ်မှာလဲ'

ဟု မေးလိုက်သည်။

အမျိုးသမီးက....

'ဒီမှာ'

သူမကိုယ်သူမ ညွှန်ပြလိုက်သည်။

'ဟင်'

ရှာကု ကြောင်အမ်းအမ်းဖြစ်သွားသည်။

အမျိုးသမီးကို မျက်လုံးပြူးကာကြည့်ရင်း....

'မင်း....မင်းက'

'ရှင်မေးတဲ့လူသတ်သမားဟာ ကျွန်မလေ'

အမျိုးသမီးသည် ပြောပြီး တဟီးဟီး ရယ်မောလိုက်လေသည်။

ရှာကုသည် အမျိုးသမီးကိုကြည့်လိုက်ရာ ကြောင်အမ်းအမ်းဖြစ်နေသည်ဟု ထွေးလိုက်မိသည်။

ထို့ကြောင့်....

'မိန်းကလေး....မင်း'

'ဩြော် ...ကျွန်မက လူသတ်သမားပါလို့ပြောနေတာကို ရှင်မကြားဘူးလား'

စကားဆုံးလျှင် လက်ဝှေ့ယမ်းလိုက်လေသည်။

သူမ၏လက်ထဲ၌ ဓားတစ်လက်ပါလာပါသည်။

လျှပ်တစ်ပြက် ထိုးသွင်းလိုက်ခြင်းကြောင့် ရှာကု၏ရင်ဝတွင် သွေးခြင်းခြင်း နီရဲသွားလေတော့သည်။



'အား'

ရှာကုက စူးရှစွာအော်ဟစ်ကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

'ဟီး....ဟီး'

အမျိုးသမီးက ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ရယ်မောနေလေသည်။

ရှာကုသည် ထိပ်သီးသိုင်းသမားကြီးတစ်ယောက် ဖြစ်ပါသည်။

ဒဏ်ရာပြင်းစွာရသွားသော်လည်း သတိရှိသူပီပီ ကိုယ့်ကိုယ်ကို ချက်ချင်းထိန်းနိုင်ခဲ့လေသည်။

ကပျာကသာ နောက်ဆုတ်လိုက်သည်။

အမျိုးသမီးသည် ကြောက်စရာကောင်းသော ရန်သူဖြစ်ကြောင်း သဘောပေါက်သွားပြီဖြစ်သည်။

ထို့ကြောင့်....

'လက်စသတ်တော့ မင်းဟာ ဖုံးစုရဲကိုကယ်မယ့်လူကိုး'

ဟု ရေရွတ်လိုက်၏။

အမျိုးသမီးက....

'ပြောမှပြောတတ်ပလေတယ်ရှင်၊ ကျွန်မယောကျ်ား ဒုက္ခရောက်မှာကို ကျွန်မက လက်ပိုက်ကြည့်နေရမှာလားရှင့်'

'ဘာ'

ရှာကု ပါးစပ်အဟောင်းသားဖြစ်သွားသည်။

'မင်း....မင်းဟာ ဖိုးစုရဲ့ရဲ့ မိန်းမဟုတ်လား'

'သိပ်ဟုတ်တာပေါ့ရှင်'

'တောက်'

ရှာကု ခံပြင်းစွာ တက်ခေါက်လိုက်လေသည်။

ဖိုးစုရဲတွင် ဇနီးရှိသည်ကို သူတို့ မေ့လျော့နေကြသည် မဟုတ်ပါလား။

ယခုတော့....

ဖိုးစုရဲ၏မိန်းမသည် သူတို့အား ဒုက္ခပေးလာပြီ မဟုတ်ပါလား။

ရှာကု အံကြိတ်လိုက်သည်။



'မင်း ဘာတတ်နိုင်မှာမို့လဲ'

ပြောရင်း လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

ရှာကုသည် သံလက်ဝါးဂိုဏ်းချုပ် ဖြစ်သည့်အားလျော်စွာ သူ၏ လက်ဝါးသိုင်းကွက်သည် ကြောက်စရာကောင်းအောင် ပြင်းထန်နေပေတော့သည်။

'ဟူး....ဟူး'

လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်လာသည်။

အမျိုးသမီး ရင်ထိတ်သွား၏။

'ဒဏ်ရာပြင်းပြင်းထန်ထန်ရထားတာတောင် သူ့ရဲ့တိုက်ခိုက်မှုဟာ ကြောက်စရာကောင်းအောင် ပြင်းထန်နေပါလား'

ဟု ရေရွတ်လိုက်မိသည်။

ထိပ်တိုက်ရင်မဆိုင်ဝံ့ဘဲ ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

ရှာကုက....

'မင်း ပြေးလို့လွတ်မလား'

ဟု အော်ငေါက်ရင်း တစ်ဟုန်ထိုး လိုက်လံတိုက်ခိုက်လိုက်လေသည်။

အမျိုးသမီးသည် ရင်ဆိုင်ခြင်းမပြုဘဲ မြင်းလှည်းကို ကွေ့ပတ်ကာ ထွက်ပြေးရှောင်တိမ်းနေသည်။

ရှာကုက....

'မပြေးနဲ့'

အော်ဟေါက်ရင်း တရကြမ်း လိုက်လံတိုက်ခိုက်လိုက်လေသည်။

အမျိုးသမီးက မြင်းလှည်းကိုပတ်ကာ ထွက်ပြေးနေဆဲ....

ရှာကုက တရကြမ်း ပြေးလိုက်နေသော်လည်း မမီနိုင်ချေ။

အကယ်၍....

ရှာကုသာ ဒဏ်ရာရမထားပါလျှင် သူမအား ချက်ချင်း အမိဖမ်းနိုင်မည်ဖြစ်လေသည်။

ရှာကုသည် အမျိုးသမီးအား မမီသဖြင့် ပို၍ ဒေါသထွက်လာလေသည်။

'ရပ်လိုက်စမ်း'

အော်ဟေါက်ရင်း လက်နှစ်ဖက်ဝှေ့ယမ်းလိုက်၏။

ရှာကုတွင် သံမဏိဖြင့်ပြုလုပ်ထားသော လက်ဝါးသဏ္ဍာန် လက်နက်နှစ်ခုရှိလေသည်။



သူ၏သံလက်ဝါးလက်နက်နှစ်ခုကို သံမဏိကြိုးချင်ဖြင့် ချည်နှောင်ထားပြီး လက်ဝါးပြင်နှစ်ဖက်၌စွပ်ကာ အသုံးပြုနိုင်သလို ပစ်လွှင့်ကာ တိုက်ခိုက်နိုင်သေးသည်။

ယခု....

ရှာကုသည် အမျိုးသမီးအား လိုက်မမီသဖြင့် သံလက်ဝါးလက်နက်နှစ်ခုဖြင့် ပစ်လွှင့်တိုက်ခိုက်ခြင်းဖြစ်ပါသည်။

"ဝှီး....ဝှီး"

သံလက်ဝါးလက်နက်နှစ်ခုသည် အမျိုးသမီးထံ အရှိန်ပြင်းစွာ ပစ်လွှင့်ဝင်ရောက်သွားလေသည်။

အမျိုးသမီးသည် ကွေ့ပတ် ရှောင်တိမ်းနေသော်လည်း သံလက်ဝါးလက်နက်ဖြင့် တိုက်ခိုက်လိုက်သောအခါ ရှောင်တိမ်းဖို့ မသွယ်တော့ပါ။

အမျိုးသမီးသည် အခြေအနေကို ကောင်းစွာ နားလည်သဘောပေါက်ထားသည့်အလား ချာခနဲလှည့်ကာ ဓားဝှေ့ယမ်းပြီး ခုခံကာကွယ်လိုက်လေသည်။

ထိုစဉ်မှာပင်....

'ဝှန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး မြင်းလှည်းတံခါး ကျိုးပဲ့ပျက်စီးသွားလေသည်။

မြင်းလှည်းအိမ်ထဲမှ ဖုံးစုရဲသည် အပြင်ဘက်သို့ ခုန်ထွက်လာလေတော့သည်။

*　　　*　　　*

ရှာကုသည် အမျိုးသမီးအား တိုက်ခိုက်လိုက်လေသည်။

သူ၏သံလက်ဝါးနှစ်ခုကြောင့် အမျိုးသမီးခုခံနိုင်ခြင်းမရှိဘဲ သေဆုံးသွားရမည်ဟု ယုံကြည်ထားလေသည်။

သို့သော်...

ဖုံးစုရဲသည် မြင်းလှည်းထဲမှ ခုန်ထွက်လာသောအခါ...

'ယား'

ဩသံပေးပြီး ရှာကုထံ တရကြမ်း ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။



ရှာကု ထိတ်လန့်သွားသည်။

အမျိုးသမီးအား ဆက်၍တိုက်ခိုက်နေပါက ဖုံးစုရဲကြောင့် ဒုက္ခရောက်ရမည်ဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

ထို့ကြောင့်...

အမျိုးသမီးအား ဆက်၍ တိုက်ခိုက်ခြင်း မပြုပဲ့တော့ဘဲ သံသက်ဝါးနှစ်ဖက်ကို ပြန်လည်ရုပ်သိမ်းကာ ဖုံးစုရဲဘက်လှည့်ကာ ရင်ဆိုင်လိုက်လေသည်။

ဖုံးစုရဲသည် ရှာကုအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

တကယ်တမ်း တိုက်ခိုက်လိုက်သူမှာ အမျိုးသမီးဖြစ်လေသည်။ အမျိုးသမီးသည် ချာခနဲလှည့်ကာ ဖုံးစုရဲအား ရင်ဆိုင်လိုက်သည့် ရှာကုအား တိုက်ခိုက်လိုက်လေသည်။

ရှာကု အကျပ်ရိုက်သွားသည်။

ဖုံးစုရဲကို ရင်ဆိုင်ရမည်လော၊ အမျိုးသမီးကို ရင်ဆိုင်ရမည်လော ရုတ်တရက် ဝေခွဲမရဖြစ်သွားလေသည်။

ထိုတစ်ဒင်္ဂအချိန်လေးအတွင်းမှာပင်....

'ယား'

ဖုံးစုရဲက တိုက်ခိုက်လာလေတော့သည်။

ရှာကုသည် ရှည်ရှည်ဝေးဝေးမစဉ်းစားနိုင်တော့ဘဲ ဖုံးစုရဲနှင့် ရင်ဆိုင်လိုက်လေသည်။

ဤသည်ကပင် သူ၏အမှားဖြစ်ပေတော့သည်။

ဖုံးစုရဲ ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုဘဲ နောက်သို့ လျင်မြန်စွာဆုတ်သွားလေသည်။

ထိုအခိုက်တွင် အမျိုးသမီးသည် ခေါင်းပေါင်းလေးနှစ်လက်ကို ထုတ်ကာ လျှပ်တစ်ပြက်တိုက်ခိုက်လိုက်လေသည်။

ခေါင်းပေါင်းနှစ်လက်သည် လေထုကိုထိုးခွဲကာ ရှာကု၏နောက်ကျောသို့ ထိုးဖောက်စိုက်ဝင်သွားလေသည်။

'အ...'

ရှာကု ဒူးသီးဒူးယိုင်ဖြင့် ရှေ့သို့ငိုက်ကျသွား၏။

ထိုအခါမှ....

'သွားစမ်း'

ဖုံးစုရဲသည် လျှပ်တစ်ပြက် ရှေ့သို့တိုးကာ ရှာကုကို ခြေထောက်ဖြင့် ကန်ကျောက်လိုက်လေသည်။



ရှာကုမရှောင်နိုင်တော့ပါ။

'ဝုန်း'

အဝေးသို့ လွင့်စဉ်သွားလေသည်။

ဖုံးစုရဲနှင့် အမျိုးသမီးတို့က ဆက်ပြီးတိုက်ခိုက်ခြင်းမပြုကြတော့ပါ။

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်ကာ ရယ်မောလိုက်ကြလေသည်။

'ဟား....ဟား....ဟား'

'ခစ်....ခစ်....ခစ်'

ရယ်မောသံများ စီစီညံသွားသည်။

ရှာကုသည် မြေပေါ်မှ လူးလိမ့်ထရန် ကြိုးစားလိုက်၏။

သို့သော်...

ဒဏ်ရာပြင်းထန်စွာ ရထားပြီဖြစ်ရာ မည်သို့မျှ မဟန်နိုင်တော့ဘဲ...

'ဂုန်း'

ပြန်လည် လဲကျသွားပြီး အသက်ပျောက်သွားလေတော့သည်။

●

ရွေးစရာမရှိ ပြေးစရာမရှိ

---

'ဂျိန်း'

မိုးခြိမ်းသံထွက်ပေါ်လာသည်။

ကောင်းကင်ပေါ်တွင် လျှပ်နွယ်လျှပ်ပန်းများ ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားသည်။

တိမ်သိုတိမ်မည်းများ တသိပ်သိပ်ဘဘ်လာသည်။

လေပြင်းများ တဟူးဟူးမြည်ကာ တိုက်ခတ်လာသည်။

မကြာမီ....

မိုးသီးမိုးပေါက်များ တဝေါဝေါမြည်ကာ ကျဆင်းလာလေတော့သည်။



လမ်းများပေါ်တွင် မိုးရေများဖွေးသွားသည်။

လမ်းသွားလမ်းလာများသည် မိုးလွတ်အောင် ရှောင်တိမ်းနေကြသဖြင့် လူရှင်းသွားသည်။

လူနှစ်ယောက်သည် အရက်ဆိုင်လေး တစ်ဆိုင်၌ထိုင်ကာ ပြတင်းပေါက်မှတစ်ဆင့် တဝေါဝေါရွာသွန်းနေသော မိုးရေစက်များကို ငေးကြည့်နေကြသည်။

သူတို့ရှေ့တွင် အရက်အပြည့်ငှဲ့ထားသော အရက်ခွက်နှစ်ခွက်ရှိနေသည်။ နှစ်ယောက်သား လက်ဖျားနှင့်ပင် မတို့ကြပေ။

ထိုလူနှစ်ယောက်မှာ ထင်စန်းနှင့် ကျန်းရှုတို့ဖြစ်လေသည်။

သူတို့နှစ်ယောက်၏ မျက်နှာဘွင် စိတ်ညစ်ညူးနေသည့် အရိပ်အယောင်များထင်ရှားစွာ ပေါ်လွင်နေပါသည်။

အထူးသဖြင့် မိုးသည်းဘန်စွာရွာသွန်းနေပြီး အေးစိမ့်မှုကဝန်းကျင်တစ်ခုလုံး လွှမ်းမိုးထားသည့်ကိုင် သူတို့၏နဖူးပြင်ဘွင် ချွေးများစို့ရွှဲနေခြင်း ဖြစ်လေသည်။

နှစ်ယောက်သားအတန်ကြာ ငြိမ်သက်နေပြီးမှ ထင်စန်းက သက်ပြင်းချလိုက်သည်။

ကျန်းရှုကိုကြည့်ကာ....

'တို့ ဘယ်လိုလုပ်ကြမသဲ'

ဟု မေးလိုက်လေသည်။

ကျွန်းရှူက သူ့အားလှည့်ကြည့်လိုက်သည်။

'ဘယ်လိုလုပ်ရမလဲ ဟုတ်လား'

'ဟုတ်တယ်လေ'

'ဝုန်း'

ကျွန်းရှူသည် ဒေါသတကြီးစားပွဲကို လက်သီးဖြင့် ထုချလိုက်လေသည်။ ထင်စန်းကသူ့အား စိုက်ကြည့်လိုက်၏။

သူ၏မျက်လုံးများ အေးစက်မာကျောနေလေသည်။

ကျွန်းရှူက သူ့အားရန်လိုသော အကြည့်ဖြင့်ကြည့်ရင်း....

'ဘာလုပ်ရမလဲဟုတ်လား၊ အစ်ကိုကြီးက သစ္စာဖောက်လိုက်ပြီ၊ ငါတို့သေဖို့ပဲရှိတော့တယ်'

ပြောပြီး အရက်ခွက်ကိုယူကာ တစ်ရှိန်ထိုးမော့ချလိုက်လေသည်။

ထင်စန်း နှာခေါင်းရှုံ့လိုက်သည်။

'ဘာဖြစ်လို့ သေရမှာလဲ'



ဟု ပြန်ပြောလိုက်သည်။

ကျွန်းရှူက....

'လေ့ဖုံးသေပြီ၊ ပါစုသေပြီ၊ ဝမ်းလီသေပြီ၊ အားလုံးသေကုန်ပြီ၊ ငါတို့ပဲကျန်တော့တယ်၊ ငါတို့လဲ မကြာခင်သေရမှာပဲကွ'

ဟု အော်ပြောလေသည်။

ထင်စန်းက....

'ထွီ....အဓိပ္ပာယ်မရှိလိုက်တာ သူတို့သေတာနဲ့ ငါတို့ပါ သေရမှာလား'

ကျွန်းရှူသည် စိတ်မထိန်းနိုင်တော့ဟန်ဖြင့် အရက်ခွက်ကို ကြမ်းပြင်ပေါ် ပစ်ပေါက်လိုက်လေသည်။

'ခွမ်း'

အရက်ခွက် အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွား၏။

ဆိုင်ထဲမှ အခြားလူများက သူတို့အား လှည့်ကြည့်လာကြလေသည်။

ကျွန်းရှူက ဂရုမစိုက်ပါ။

'အစ်ကိုကြီးသစ္စာဖောက်လိုက်ပြီဆိုတော့ ငါတို့ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်တော့မှာလဲ'

ဟု ပြောသည်။

ထင်စန်း ဘာမှမပြောပါ။

ကျန်းရှုသည် တစ်စုံဘစ်ခုပြောရန် ဟန်ပြင်ပြီး ဘာမှမပြောဘဲ ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

ထင်စန်းက....

'ငါတို့အကြောင်းသိတာ အစ်ကိုကြီးပဲရှိတယ်၊ သူက သစ္စာဖောက်လိုက်လို့ ငါတို့သေရမယ်၊ သူကကော အသက်ရှင်နေရမှာလား'

ဟု လေသံအေးအေးဖြင့် ပြောသည်။

သူ၏လေသံမှာ ထူးခြားနေပေတော့သည်။

ကျန်းရှုဘတ်ခနဲ ခေါင်းထောင်လာလေသည်။

ထင်စန်းကို မျက်လုံးပြူး၍ကြည့်ရင်း....

'ဘာပြောတယ်ကွ'

ထင်စန်းက....



'အစ်ကိုကြီးက ငါတို့ကိုသစ္စာဖောက်တယ်၊ ငါတို့က သူ့ကို ကြည့်နေရမှာလား'

'ဒါဖြင့် မင်းက....'

'ငါသူ့ကို ရှင်းပစ်မယ်'

'မင်း...'

'ငါဆုံးဖြတ်ပြီးပြီ'

သူတို့သည် ဝမ်းလီ၊ လွေဖုံးနှင့် ပါစုတို့သေဆုံးသွားကြပြီဟု ထင်မှတ်ထားကြလေသည်။

အမှန်တော့ ဝမ်းလီတစ်ယောက်သာလျှင် သေဆုံးသွားခြင်းဖြစ်သည်။ လွေဖုံးနှင့်ပါစုတို့ အဖမ်းခံနေရသည်ကို သူတို့မသိကြချေ။

ကျန်းရှုသည် ထင်စန်းကိုအတန်ကြာအောင် ငေးကြည့်နေပြီးမှ....

'မင်းက အစ်ကိုကြီးနဲ့ ရင်ဆိုင်မယ်ဟုတ်လား'

ဟု မေးသည်။

ထင်စန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ငါကသစ္စာဖောက်တာလဲ မကြိုက်ဘူး'

'မင်း'

'ငါဆုံးဖြတ်ပြီးပြီ'

ကျန်းရှူ ခေါင်းကုတ်လိုက်သည်။

'ဖြစ်ပါ့မလားကွာ'

ထင်စန်းက....

'ငါတို့သေရမှာပဲလို့ မင်းပြောခဲ့တယ်မဟုတ်လား'

'ဟုတ်တယ်လေ'

'အေး....သေရမယ့်အတူတူ သစ္စာဖောက် အစ်ကိုကြီးကိုပါ အဖော်ခေါ်သွားရရင် မကောင်းဘူးလား'

ကျန်းရှူအံကြိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းပြောတာမှန်တယ်'

ထင်စန်းကထိုင်ရာမှ ထလိုက်သည်။

'ကဲ...ငါတို့သွားကြစို့'



'ကောင်းပြီ'

သူတို့နှစ်ယောက်သည် ဆုံးဖြတ်ချက်ချပြီးသည်နှင့် အချိန်မဆွဲဘဲ လှုပ်ရှားဘက်သည့် ကြေးစားပီပီ ချက်ချင်းပင် ဆိုင်ထဲမှ ထွက်သွားကြလေတော့သည်။

* * *

'ဘာ'

ကျင်းလိန်မြို့စား၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သူ၏ရှေ့သို့ ရောက်လာသည့်အစောင့်ကို မျက်လုံးပြူးကာ ကြည့်လိုက်ပြီး....

'ဘာပြောတယ်၊ သံလက်သီးဂိုဏ်းချုပ် ရှာကုသေသွားပြီဟုတ်လား၊ ပုံးစုရဲလွတ်သွားပြီဟုတ်လား'

ဟု မေးလိုက်သည်။

အစောင့်က ...

'ဟုတ်ပါတယ်မြို့စားကြီး'

'ကျိကိုချင်းတို့လူစုကော'

'ကျဆုံးသွားကြပါတယ်'

'တောက်'

ကျင်းလိန်မြို့စား တက်ခေါက်လိုက်မိလေသည်။

ထိုစဉ်....

'မြို့စားကြီး....မြို့စားကြီး'

အော်ခေါ်သံများနှင့်အတူ အစေခံတစ်ယောက် ပြေးဝင်လာလေသည်။

ကျင်းလိန်မြို့စားက....

'ဘာလဲဟေ့'

ဟု မေးလိုက်သည်။

အစေခံသည် ဦးညွတ်ဂါရဝပြုလိုက်ပြီး....

'မြို့စားကြီးခင်ဗျာ ရတနာ့စံအိမ်က သတင်းပို့လာပါတယ်၊ ချုပ်နှောင်ထားတဲ့ တရားခံနှစ်ယောက် ထွက်ပြေးလွတ်မြောက် သွားကြပါပြီ'

'ဟေ...'

'ရတနာ့စံအိမ်ပိုင်ရှင်ကိုယ်တိုင် တရားခံတွေကို ပြန်ဖမ်းမိနိုင်အောင် အပြင်းအထန် ကြိုးစားနေတယ်လို့ သိရပါတယ်'



'ကောင်းကွာ'

ကျင်းလိန်မြို့စား ခြေပစ်လက်ပစ်ဖြစ်သွားလေသည်။

ဖုံးစုံရဲလွတ်မြောက်သွားသလို ဖမ်းမိထားသည့် တရားခံနှစ်ယောက်လည်း လွတ်မြောက်သွားချေပြီ။

ကျင်းလိန်မြို့စားသည် ခေါင်းခါယမ်းကာ အစေခံများကို ကျောခိုင်းပြီး ပြတင်းပေါက်ဘက်လှည့်လိုက်၏။

'ငါဘာလုပ်ရမလဲ'

ဟု ရေရွတ်လိုက်၏။

မှန်သည်။

သူဘာလုပ်ရမှန်းမသိတော့ပေ။

* * *

'ဟား....ဟား....ဟား'

ဝူးလောက်ရယ်က ဟားတိုက်ရယ်မောလိုက်လေသည်။

သူ၏ရှေ့တွင် ဒူးထောက်လျက် လူနှစ်ယောက်ရှိနေပါ၏။ လွှဖုံးနှင့် ပါစုတို့ ဖြစ်လေသည်။

ဦးလောက်ရယ်၏ သစ္စာရှိ လူယုံသိမ်းငှက်၏ ကြိုးပမ်းမှုဖြင့် ရတနာစံအိမ်တွင် ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသည့် လွှဖုံးနှင့် ပါစိုတို့အား ကယ်ထုတ်လာနိုင်ခဲ့ပြီဖြစ်လေသည်။

ဦးလောက်ရယ် အောင်ပွဲခံနိုင်လိုက်ခြင်း ဖြစ်လေသည်။ ဦးလောက်ရယ်သည် လွှဖုံးတို့အား ဝေ့ကြည့်လိုက်ပြီး....

'ကဲ....မင်းတို့ဘာပြောချင်သေးသလဲ'

ဟုမေးလိုက်လေသည်။

လွှဖုံးနှင့်ပါစိုတို့ ဘာမှမပြောကြချေ။

ဦးလောက်ရယ်သည် သူတို့နှစ်ယောက်ပေါ်သို့ ထွီခနဲ တံတွေးထွေးချလိုက်ပြီး....

'ခွေးကောင်တွေ မင်းတို့ကြောင့် ငါ့မြေးသေရတာ၊ မင်းတို့ကို ငါဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ မှတ်ထား'

ဟု အော်လိုက်၏။

လွှဖုံးနှင့်ပါစိုတို့ ခေါင်းငုံ့ထားလိုက်ကြ၏။

တစ်ချိန်က သူတို့သည် ကြောက်စရာကောင်းသော ကြေးစား လူသတ်သမားများ ဖြစ်ခဲ့ကြသည်။



မြေပွေးမြွေဟောက်ဘက်ပင် အဆိပ်ပြင်းသူများ ဖြစ်ခဲ့ကြသည်။

ယခုမူ....

သူတို့သည် ခြေသုတ်ပုဆိုး မြွေရှယ်ကျိုးပမာ ဖြစ်နေကြပြီတည်း။

ဦးလောက်ရယ်က....

'မင်းတို့ကို ခေါးခြံဝင်း ရောက်အောင် ခေါ်သွားမယ်၊ ဟိုကျမှ အမျိုးမျိုးနှိပ်စက်မယ်'

ဟု ခြိမ်းခြောက်လိုက်သည်။

အမှန်လည်း အသသာတကြီးသော ဦးလောက်ရယ်တို့၏ ခေါးခြံဝင်းသည် လွှဖုံးတို့အတွက် ငရဲဘုံပင်ဖြစ်ပေလိမ့်မည်။

ထိုစဉ်....

'သခင်ကြီး....သခင်ကြီး'

ဟု ကြောင်ကြောင်အော်သံနှင့်အတူ ခေါးခြံဝင်းမှ သိုင်းသမား တစ်ယောက် ပြေးလွှားရောက်ရှိလာလေသည်။

ဦးလောက်ရယ်က....

‘ဘာဖြစ်လာတာလဲဟေ့’

ဟု ငေါက်လိုက်သည်။

သိုင်းသမားက အရှိအသေပြုရင်း....

‘သခင်ကြီးခင်ဗျာ၊ သိမ်းငှက်ဆီက သတင်းပို့လာပါတယ်။ ဖိုးစုရဲ့ဟာ သံလက်ဝါးဂိုဏ်းချုပ် ရှာကုကိုလုပ်ကြံပြီး ထွက်ပြေးလွတ်မြောက်သွားပါပြီ’

‘ဘာ’

ဦးလောက်ရယ် ရင်ထိတ်သွားလေသည်။

ဖိုးစုရဲ့လွတ်မြောက်သွားခြင်းသည် သူ့အတွက် အမင်္ဂလာသတင်းဖြစ်လေသည်။

သိုင်းသမားက....

‘သိမ်းငှက်က ဖိုးစုရဲ့အကြောင်းစုံစမ်းနေပါတယ်’

ဦးလောက်ရယ် ခေါင်းညိတ်လိုက်သည်။

‘ကောင်းတယ်၊ ငါကိုယ်တိုင်လိုက်သွားမယ်’

ထိုသို့ပြောပြီး လွှဖုံးနှင့်ပါစုတို့ဘက်လှည့်ကြည့်လိုက်သည်။

လွှဖုံးနှင့်ပါစုတို့သည် ဖိုးစုရဲ့ လွတ်မြောက်သွားသည်ဟူသောသတင်းကြောင့် ဝမ်းသာသွားကြလေသည်။

သို့သော်...



ဦးလောက်ရယ် ပြောလိုက်သည့်စကား ကြားလိုက်ရသောအခါ ဖိုးစုရဲ့လွတ်မြောက်သွားခြင်းသည် သူတို့အတွက် ကံဆိုးခြင်းဖြစ်ကြောင်း နားလည်သဘောပေါက်လိုက်ကြရလေတော့သည်။

ဦးလောက်ရယ်က....

‘မင်းတို့နှစ်ယောက်ကို ငါက ဘယ်လိုမှအလွတ်ခံမှာမဟုတ်ဘူး၊ မင်းတို့ ဘယ်တော့မှထွက်မပြေးနိုင်အောင် အခုပဲအဆုံးစီရင်ပစ်ရမှာပေါ့ကွာ’

ဟူ၍ ဖြစ်လေသည်။

* * *

သုံးရက်....

သုံးရက်အကြာတွင် ကျင်းလိန်မြို့စား၏လူများသည် လူစည်ကားသော ဈေးရှေ့တွင် သေဆုံးနေသည့် အလောင်းနှစ်လောင်းကို ရှာဖွေတွေ့ရှိကြလေသည်။

ထိုအလောင်းနှစ်လောင်းမှာ လွှဖုံးနှင့်ပါစုတို့၏အလောင်းများဖြစ်လေသည်။

## သူနိုင်ကိုယ်နိုင်

'ဟား....ဟား....ဟား'

'ခစ်....ခစ်.... ခစ်'

သစ်လုံးအိမ်လေးအတွင်းမှ ရယ်မောသံများထွက်ပေါ်နေလေသည်။

အပြင်ဘက်တွင် မှောင်မည်းနေသော်လည်း သစ်လုံးအိမ်လေးထဲ၌မူ မီးရောင်များထိန်ထိန်လင်းနေ၏။

အိမ်ထဲ၌ ဖိုးစုရဲနှင့် အမျိုးသမီးတို့ရှိနေကြသည်။

သူတို့နှစ်ယောက်သည် စားသောက်ရင်း သဘောကျစွာ ရယ်မောနေကြခြင်း ဖြစ်လေသည်။



ဖိုးစုရဲသည် အရက်တစ်ခွက် ငှဲ့သောက်လိုက်ပြီး....

'ကျင်းလိန်မြို့စားက ခရီးလမ်းဆုံးကိုရောက်မှထွက်ပြေးလိမ့်မယ်လို့ ထင်နေတာ'

ဟု ပြောလေသည်။

အမျိုးသမီးက....

'ဟုတ်တယ်၊ တောင်ပိုင်းကိုသွားမယ့် လမ်းတစ်လျှောက်လုံး သူ့လူတွေကိုအစောင့်ချထားတာ၊ အခု ကျွန်မတို့ လွတ်လာပေမယ့် တောင်ပိုင်းကိုဆက်သွားရင် ဘယ်နည်းနဲ့မှလွတ်နိုင်မှာမဟုတ်ဘူး'

'ဟား....ဟား....ဟား'

ဖိုးစုရဲ ရယ်မောလိုက်သည်။

'ဘယ်သူက တောင်ပိုင်းကိုသွားမှာမို့လဲ'

အမျိုးသမီးက....

'ကျွန်မသိပါတယ်၊ အစ်ကိုက တောင်ပိုင်းကို သွားမယ်လို့ပြောရင် မြောက်ပိုင်းကို သွားမှာပဲဆိုတာလေ'

ဖိုးစုရဲက....

'သိပ်မှန်တာပေါ့ညီမရယ်၊ ဇာတ်မြှုပ်နေချင်သူတွေမှန်သမျှ တောင်ပိုင်းကိုပြေးကြတယ်၊ နယ်ပေါ်ကို ဖြတ်ကျော်ပြီး မွန်ဂို

နယ်ထဲ ရောက်သွားရင် လွှတ်ပြီဆိုတာ အားလုံးသိကြတယ်၊ ကျုပ်ကလဲ တောင်ပိုင်းကို သွားမယ်ပြောတော့ ယုံသွားတာပေါ့'

'ဒါပေမယ့် အစ်ကိုက မြောက်ပိုင်းကို သွားမှာပဲ မဟုတ်လား'

အမျိုးသမီးက မေးသည်။

ဖိုးစုရဲက....

'ဒါပေါ့၊ မြောက်ပိုင်းမှာ အစ်ကို့ရဲ့ ဇာတိရပ်ရွာရှိတယ် ဆိုတာ ဘယ်သူမှမသိကြဘူး'

'ကျွန်မတို့ အဲဒီကိုသွားကြမှာလား'

'ဟုတ်တယ်လေ'

ဖိုးစုရဲက အမျိုးသမီးအား စိုက်ကြည့်လိုက်ပြီး....

'ညီမကိုကြည့်ရတာ တစ်ခုခုပြောချင်နေပုံရတယ်၊ ဘာများ ပြောချင်လို့လဲ'

ဟု မေးလေသည်။

အမျိုးသမီးက....

'ကျွန်မတို့ မြောက်ပိုင်းသွားတာကဟုတ်ပါပြီ၊ ကျွန်မတို့ရဲ့ ရွှေတွေကို ဘယ်လိုလုပ်မလဲ'

ဟု မေးသည်။



ဖိုးစုရဲ ပြုံးလိုက်လေသည်။

'မပူစမ်းပါနဲ့ညီမရယ်၊ ကြေးစားအလုပ် လုပ်ကတည်းက တစ်နေ့ ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ ကြိုတင်တွေးမိထားတာပဲ၊ အရေးကြုံရင်ဘာလုပ်ရမယ်ဆိုတာ အစ်ကိုစီစဉ်ထားပြီးသားပါ'

အမျိုးသမီးက....

'အစ်ကို ဘယ်လိုစီစဉ်ထားတယ်ဆိုတာ ညီမ မသိရဘူးလား ရှင်'

ဟု မေးလေသည်။

ဖိုးစုရဲက....

'သိရမှာပေါ့၊ ဘာကြောင့်လဲဆိုတော့ ရွှေတွေရယူဖို့ ညီမကို တာဝန်ပေးရမှာမို့ပဲ'

'ဒါဖြင့် ပြောပါဦးရှင်'

ဖိုးစုရဲက....

'အစ်ကိုတို့ဟာ ကြေးစားလုပ်ငန်းက ရတဲ့ငွေတွေနဲ့ ရွှေတွေ ဝယ်ပြီး အာမခံဌာနတစ်ခုမှာ လျှို့လျှို့ဝှက်ဝှက် အပ်နှံထားခဲ့ တယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'အဲဒီရွှေတွေကို ညီမသွားထုတ်ရမယ်'

ဖိုးစုရဲသည် ထင်စန်းတို့အားအသုံးချကာ ကြေးစားလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ၌ ရသည့်ငွေများကို လက်ဝါးကြီးအုပ်ခဲ့ပေသည်။

ဆယ်ပုံပုံလျှင် တစ်ပုံခန့်သာ ထင်စန်းတို့အား ဝေငှပေးခဲ့ခြင်း ဖြစ်သည်။

သူ လက်ဝါးကြီးအုပ်ထားသည့် ငွေများကို ရွှေဝယ်ကာ နာမည်ဝှက်ဖြင့် အာမခံဌာနတစ်ခု၌ သိမ်းဆည်းထားခဲ့သည်။

ဖိုးစုရဲက....

'မိုးမြေအာမခံဌာနဟာ ပစ္စည်းအပ်နှံသူတွေအကြောင်းကို ဘယ်သူ့ကိုမှထုတ်မပြောဘဲလျှို့ဝှက်ထားတဲ့နေရာမှာ အင်မတန်စိတ်ချရတယ်၊ သူတို့ဆီကို ရွှေတွေအပ်ထားတုန်းက အစ်ကိုက အမှတ်တစ်ဆိုတဲ့ လျှို့ဝှက်သင်္ကေတတစ်ခုကို အသုံးပြုခဲ့တယ်'

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲမှ သော့တစ်ချောင်းထုတ်ယူလိုက်လေသည်။

ပြီးလျှင်....

'သူတို့ဆီကိုသွားပြီး အမှတ်တစ်ရဲ့ လျှို့ဝှက်သေတ္တာကို ရယူမယ်လို့ ပြောပြီး ဒီသော့ကိုထုတ်ပေးလိုက်ရင် အစ်ကိုတို့ရဲ့ ရွှေတွေ ရပြီပေါ့၊ ဟား....ဟား....ဟား'

ဖိုးစုရဲ သဘောကျစွာ ရယ်မောလိုက်လေသည်။

ဤသော်....



သူ၏ရယ်မောသံသည် တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားလေသည်။

သူ၏မျက်နှာ ရှုံ့မဲ့သွားသည်။

ပြင်းပြသောဝေဒနာကို ခံစားလိုက်ရပုံရှိလေသည်။

မျက်လုံးကြီးများ ပြူးထွက်လာပြီး အမျိုးသမီးကို စိုက်ကြည့်ရင်း ...

'မင်း....မင်း'

အမျိုးသမီး ရယ်မောလိုက်သည်။

'ဟင်း....ဟင်း....ဟင်း....ခုချိန်မှာ ဘယ်သူ့ကိုမှ မယုံကြည်သင့်ဘူးဆိုတာ ရှင်သိဖို့ကောင်းတာပေါ့ရှင်'

ဖိုးစုရဲက....

'မင်း....မင်း အရက်ထဲမှာ အဆိပ်ခတ်ထားတယ်ဟုတ်လား'

ဟု မေးသည်။

အမျိုးသမီး ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

'မင်း....မင်း ဘာကြောင့် ဒီလိုလုပ်တာလဲ'

'ဘာကြောင့်လဲဟုတ်လား၊ ရှင့်အတွက် အသက်စွန့်ခဲ့တဲ့ လူယုံငါးယောက်ကိုတောင် ရှင်ကသတ္တုဖောက်ရဲရင် ကျွန်မကိုကော ဘယ်နေ့ရှင်းပစ်မလဲဆိုတာ ဘယ်သူပြောနိုင်မှာလဲရှင့်

ဖိုးစုရဲ့ ခေါင်းခါယမ်းလိုက်သည်။

'မေဝှာ မင်းမှားသွားပြီ၊ ငါက မင်းကိုဘယ်လောက်ချစ်တယ်ဆိုတာ မင်းမသိဘူးလား၊ ငါကဘာကြောင့် မင်းကိုသစ္စာဖောက်ရမှာလဲ'

အမျိုးသမီး၏အမည်ကို ပထမဆုံးအကြိမ် ခေါ်လိုက်ခြင်းဖြစ်လေသည်။

အမျိုးသမီးက....

'ရှင်ဘယ်လိုပြောပြော ကျွန်မတော့ရှင့်ကို မယုံကြည်နိုင်တော့ဘူးရှင့်'

ဖိုးစုရဲ့က...

'မေဝှာ မင်းမှားပြီ ငါ....ငါက....'

သူစကားဆုံးအောင် မပြောနိုင်တော့ပါ။

ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားပြီး....

'ဝေါ့'

ပါးစပ်ထဲမှ သွေးမည်းများအန်ထုတ်ကာ လူကော ကုလားထိုင်ပါ ကြမ်းပြင်ပေါ်ဝုန်းခနဲ လဲကျသွားလေတော့သည်။

မေဝှာသည် ခန္ဓာကိုယ်တဆတ်ဆတ် တုန်ယင်လာကာ အကြောဆွဲနေသည့်ဖိုးစုရဲ့အား ခံစားချက်ကင်းမဲ့သော မျက်လုံးများဖြင့်ကြည့်နေပါသည်။



နောက်ဆုံး....

ဖိုးစုရဲ့လုံးဝငြိမ်သက်သွားတော့မှ ထိုင်ရာမှထကာ ဖိုးစုရဲ့၏လက်ထဲကိုင်ထားသော သော့ကိုယူလိုက်၏။

လောဘ၏စေ့ဆော်မှုကြောင့် သူမ၏မျက်လုံးများအရောင်တဖိတ်ဖိတ် တောက်ပနေလေတော့သည်။

* * *

နံနက်မိုးစင်စင် လင်းသောအခါ....

သစ်လုံးအိမ်လေးရှေ့သို့ လူတစ်စု ရောက်ရှိလာကြသည်။

ကျင်းလိန်မြို့စားကြီး ဦးဆောင်သော သိုင်းလောကသားများဖြစ်လေသည်။

သူတို့နှင့်အတူတူ ဝူတန်ဂိုဏ်းမှ စုရသေ့နှင့် ရှောင်လင်ကျောင်းမှ ဘုန်းတော်ကြီးတို့လည်း လိုက်ပါလာကြလေသည်။

စုရသေ့က....

'ကျုပ်တို့ စုံစမ်းလို့ရသမျှကတော့ ဖိုးစုရဲ့တို့ ဇနီးမောင်နှံဟာ ဒီနေရာကို ရောက်လာကြတာအမှန်ပဲ'

ဟု ပြောလေသည်။

ကျင်းလိန်မြို့စားက....

'သူတို့ကို အလွတ်ပေးလို့မဖြစ်ဘူး'

ဟု ပြောပြီး အိမ်လေးအား ဝိုင်းရံထားရန် အချက်ပေးလိုက်လေသည်။

တိုင်းလောကသားများသည် သစ်လုံးအိမ်လေးအား ချက်ချင်း ဝိုင်းရံထားလိုက်ကြလေသည်။

ထို့နောက်....

ကျင်းလိန်မြို့စား၊ စုံရသေ့နှင့် ခမ္ဘာဘုန်းတော်ကြီးတို့ ဦးဆောင်ကာ အိမ်ထဲဝင်သွားကြလေသည်။

သစ်လုံးအိမ်လေးထဲသို့ ရောက်ရှိသွားကြသောအခါ သေဆုံးနေပြီဖြစ်သော ပုံးစုရဲ၏အလောင်းကို တွေ့လိုက်ကြရလေတော့သည်။

* * *

လုယန်မြို့....

လုယန်မြို့၏တစ်ခုသော စားသောက်ဆိုင်အတွင်း၌ လူနှစ်ယောက် ရောက်ရှိနေကြလေသည်။

ထင်စန်းနှင့် ကျန်းရှူတို့ဖြစ်ပါသည်။

သူတို့သည် မထင်မရှား ရုပ်ဖျက်ထားကြပြီး အများသူငါနှင့်ရောနှောကာ စားသောက်နေကြခြင်း ဖြစ်လေသည်။



မည်သို့ဆိုစေ....

ထင်စန်းက ဣန္ဒြေရသလောက် ကျန်းရှူက ဂနာမငြိမ်ဖြစ်နေပါသည်။

အစားအသောက်ကို ဖြောင့်အောင်မစားနိုင်ဘဲ....

'ထင်စန်း မင်းပြောတာသေချာရဲ့လားကွ'

ဟု တိုးတိုးမေး၏။

ထင်စန်း ခေါင်းညိတ်လိုက်သည်။

'သေချာပါတယ်၊ နောက်ဆုံးတစ်ကြိမ် ငါတို့ကို အစ်ကိုကြီး ငွေတစ်သိန်းစီပေးတုန်းက ငွေမလောက်လို့ ရွှေနဲ့ရောပြီးပေးခဲ့တယ်မဟုတ်လား'

'ဒါတော့ ဟုတ်တယ်'

'အေး....အဲဒီရွှေဟာ မိုးမြေအာမခံဌာနအမှတ်တံဆိပ်ပါတဲ့ ရွှေတွေပဲကွ'

ကျန်းရှူ ပါးစပ်ပိတ်သွားလိုက်လေသည်။

ထင်စန်းကဆက်ပြောသည်။

'အစ်ကိုကြီးဟာ အင်မတန်စည်းစနစ်ရှိတယ်ဆိုတာ မင်းအသိပဲ၊ သူဟာ ရွှေစုရတာလဲ ဝါသနာပါတယ်'

ကျန်းရှူ ခေါင်းညိတ်လိုက်သည်။

'မင်းပြောတာမှန်တယ်၊ အစ်ကိုကြီးက အရေးအကြောင်းဆိုရင် ရွှေဟာ ငွေထက်ပိုပြီး စိတ်ချရတယ်လို့ ပြောဖူးတာ ငါမှတ်မိတယ်'

'အေး...ငါတို့အဘွက်ရဘဲ့ဝေစုကို ငါတို့စုဆောင်းထားရင် ဘယ်နည်းလိမ့်မလဲ၊ အစ်ကိုကြီးက ငါတို့ထက် ပိုရထားတော့ သူက ငွေတွေကို ပိုက်ထားပါ့မလား'

ကျန်းရှူ အနည်းငယ်စဉ်းစားလိုက်ပြီး....

'အင်း....သူက ရွှေတွေဝယ်ပြီး စုဆောင်းထားမှာ သေချာနေပြီ'

'သူ့ကို ကျင်းလိန်မြို့စားကဖမ်းမိသွားတော့ လွတ်ရာလွတ်ကြောင်းကြိုးစားရင်း ငါတို့ကိုဓားစာခံလုပ်လိုက်တယ်၊ ခုတော့ သူဟာ ကျင်းလိန်မြို့စားကိုလှည့်စားပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီ'

ကျန်းရှူက....

'အစ်ကိုကြီးဟာ ထွက်မပြေးခင် သူသိမ်းဆည်းထားတဲ့ ရွှေတွေကိုလာယူမယ်လို့ မင်းမျှော်လင့်ထားတာပေါ့ဟုတ်လား'

ထင်စန်းက....

'ဟုတ်တယ်၊ ဘယ်နည်းနဲ့မှမဆို သူ့ရဲ့ရွှေတွေကိုရအောင်ယူလိမ့်မယ်'

ကျန်းရှူက ပြတင်းပေါက်မှတစ်ဆင့် လမ်းတစ်ဖက်ဆီသို့ လှမ်းကြည့်လိုက်လေသည်။



လမ်းမ၏တစ်ဖက်တွင် အခိုင်အခံ့ဆောက်လုပ်ထားသော အဆောက်အအုံကြီးတစ်ခုရှိနေပါသည်။

ထိုအဆောက်အအုံကြီးမှာ မိုးမြေအာမခံဌာနဖြစ်လေသည်။

ထင်စန်းက....

'အစ်ကိုကြီး ရွှေတွေလာယူမယ့်အချိန်ကို ငါတို့စောင့်နေဖို့ပဲရှိတော့တယ်'

ဟု ပြောလိုက်လေသည်။

ထင်စန်းတို့ ကြာကြာမစောင့်လိုက်ရပါ။

နောက်ဆုံး ရက်ကြာသောအခါ....

မေဝှာသည် မိုးမြေအာမခံဌာနရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်ကို တွေ့လိုက်ရလေတော့သည်။

* * *

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

နံနက်ခင်း နေရောင်ခြည်အောက်တွင် လုယန်မြို့ကြီးသည် အထူးတလည်စည်ကားသိုက်မြိုက်နေလေသည်။

ထင်စန်းနှင့် ကျန်းရှုတို့သည် ထုံးစံအတိုင်း စားသောက်ဆိုင်လေးဆီသို့ စောစောစီးစီးရောက်ရှိလာကြပြီး မိုးမြေအာမခံဌာနဆီသို့ အကဲခတ်နေခဲ့လေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

နံနက်စာစားချိန်သို့အရောက်တွင် အနက်ရောင်မြင်းလှည်းတစ်စီးသည် ဖြည်းဖြည်းမှန်မှန်မောင်းနှင်လာပြီး မိုးမြေအာမခံဌာနသို့ ရောက်ရှိလာသည်ကိုတွေ့ရလေသည်။

ထင်စန်းနှင့်ကျန်းရှုတို့က မျက်ခြည်မပြတ် အကဲခတ်ကြည့်နေကြသည်မို့ ထိုမြင်းလှည်းရောက်ရှိလာသောအခါ ချက်ချင်းသတိပြုမိလိုက်ကြလေသည်။

သေသေချာချာ အကဲခတ်ကြည့်လိုက်ကြ၏။

မြင်းလှည်းမောင်းလာသည့် အနက်ရောင်ဝတ်အမျိုးသမီးကို မြင်တွေ့လိုက်ကြရသောအခါ နှစ်ယောက်စလုံး ရင်ခုန်သွားကြသည်။

'အစ်မကြီးဝှာ'

ဟုလည်း ပြိုင်တူ ရေရွတ်မိလိုက်ကြလေသည်။

မေဝှာသည် လျှို့ဝှက်စွာ သိမ်းဆည်းထားသော ငွေများထုတ်ယူရန် ရောက်ရှိလာပြီတကား....

ထင်စန်းနှင့်ကျန်းရှုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။



ကျန်းရှုက....

'ထင်စန်း မင်းပြောတာမှန်နေပြီ၊ ငါတို့ ဘယ်လိုလုပ်ကြမလဲ'

ဟု မေး၏။

ထင်စန်းက....

'စောင့်ကြည့်သေးတာပေါ့'

သူတို့နှစ်ယောက် အခြေအနေ စောင့်ကြည့်နေလိုက်ကြလေသည်။

အစ်မကြီးဝှာ(ဝါ)မေဝှာက မိုးမြေအာမခံဌာနအတွင်းသို့ ရင်ကော့ပြီး ဝင်သွားပါသည်။

မကြာပါချေ။

မေဝှာ ပြန်ထွက်လာသောအခါ အလုပ်သမားများသည် သေတ္တာကြီးတစ်လုံးသမ်းကာ လိုက်ပါလာကြသည်ကို တွေ့ရလေသည်။

အလုပ်သမားများ ထမ်းလာသည့် သေတ္တာကြီးကို မြင်းလှည်းပေါ် တင်ပြီးသည်နှင့် မေဝှာက ခပ်တည်တည်ပင်မောင်းထွက်သွားလေသည်။

ကျန်းရှုက....

'သူထွက်သွားတော့မယ်ကွ၊ တို့လိုက်သွားကြရအောင်'

ဟု ပြောလာသည်။

ထင်စန်းက မျက်မှောင်ကြုတ်ကာ....

'တစ်ခုခုတော့ မှားနေပြီကွ'

'မင်း ဘာကိုဆိုလိုတာလဲ'

'တကယ်ဆို ရွှေတွေကို အစ်ကိုကြီးကိုယ်တိုင် လာထုတ်သင့်တာပေါ့၊ ဘာကြောင့် အစ်မကြီးဝှာက လာထုတ်ယူရတာလဲ'

ကျန်းရှုက....

'အစ်ကိုကြီးခိုင်းလိုက်တာဖြစ်မှာပေါ့'

ထင်စန်း ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်ဘူး'

'ဘာကြောင့်လဲကွ'

'အစ်ကိုကြီးက ငါတို့တောင် သစ္စာဖောက်ဝံ့ရက်သေးတာပဲ၊ အစ်မကြီးဝှာကို ယုံကြည်စိတ်ချပါ့မလား'

'ဟာ....ဒါက အစ်မကြီးဝှာဟာ သူ့ရဲ့မိန်းမပဲမဟုတ်လား'

ရုတ်တရက် တွေးကြည့်လျှင် ကျန်းရှု၏စကားမှန်ကန်သည်ထင်ရပေမည်။

သို့သော်....



ဖိုးစုရဲ၏အခြေအနေကို မည်သူကမျှ ယုံကြည်စိတ်ချနိုင်ခြင်းမရှိသောအခြေအနေ ရောက်ရှိနေပြီဟု ထင်စန်းနှားလည်ထားသည်။

ထို့ကြောင့် ...

'အစ်ကိုကြီးတော့ ခံလိုက်ရပြီကွ'

ဟု ပြောလိုက်မိလေသည်။

ကျန်းရှု ကြောင်အမ်းအမ်းဖြစ်သွားပြီး ....

'မင်းဘာပြောတာလဲ'

ဟု မေးသည်။

ထင်စန်းက....

'ကျန်းရှု အစ်ကိုကြီးဟာ အသက်ရှင်လျက် လောကပေါ်မှာ မရှိတော့ဘူးဆိုတာ ငါပြောရဲတယ်ကွ'

'ဟေ....'

'မင်းမယုံရင် အစ်မကြီးဝှာကို သွားမေးကြည့်ပေတော့'

ကျန်းရှု လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

'အစ်မကြီးဝှာက အစ်ကိုကြီးကို ဘာကြောင့်ရှင်းပစ်လိုက်ရတာလဲ'

ထင်စန်းက....

'ငါတို့လိုဝေါ့ကွာ၊ အစ်ကိုကြီးက ငါတို့အပေါ် သစ္စာဖောက်တာတွေတော့ သူ့အတွက်လဲ စိတ်မချရဘူးဆိုတာ အစ်မကြီးဝှာ ရိပ်မိသွားပါလိမ့်မယ်၊ ဒါကြောင့် လက်ဦးအောင် လုပ်ကြံလိုက်တာပဲဖြစ်မှာပေါ့'

ကျန်းရှူက....

'အစ်မကြီးဝှာဟာ အစ်ကိုကြီးကို သိပ်ကြောက်ရတာကွ။ လုပ်ကြံဝံ့ပါ့မလား၊ အစ်ကိုကြီးက သိုင်းပညာတတ်တော့ မလွယ်ဘူးလေ'

ထင်စန်းက....

'ငါပြောပြီးပါပကော၊ မယုံရင် မင်းသွားမေးကြည့်လေ'

ကျန်းရှူ ခေါင်းခါယမ်းလိုက်သည်။

'ငါ မမေ့ပါဘူး၊ ဒါပေမယ့် အစ်မကြီးဝှာနောက်ကိုတော့ လိုက်သွားရမယ်'

'မင်းသဘောက....'

ကျန်းရှူ ပြုံးလိုက်သည်။

'အစ်မကြီးဝှာက အစ်ကိုကြီးရဲ့ ရွှေတွေကို တစ်ယောက်တည်း ယူသွားတော့မယ်လေကွာ၊ ဟဲ....ဟဲ ငါက တစ်ဝက်လောက် ဟောင်းထားမလို့ပါ'

စကားဆုံးလျှင် ထိုင်ရာမှထကာ စားသောက်ဆိုင်ထဲမှ ပြေးထွက်သွားလေတော့သည်။

* * *



သိမ်းငှက်သည် ဝူးလောက်ရယ်၏အမိန့်ကို တစ်သဝေမတိမ်း နာခံသူ ဖြစ်ပါသည်။

ဖုံးစုရဲ၏အကြောင်းကိုဖော်ထုတ်ရန် ဖုံးစုရဲ၏ဇနီးသည်အား တွေ့အောင်ရှာဖို့ စီစဉ်လိုသည်ဟု သဘောပေါက်ခဲ့သည်။

ထို့ကြောင့်....

အပြင်းအထန် ကြိုးစားအားထုတ်ကာ ရှာဖွေလိုက်သောအခါ မေဝှာကို ခြေရာခံမိသွားလေသည်။

မေဝှာကို တွေ့ထားပြီဖြစ်ကြောင်း ဝူးလောက်ရယ်ထံသို့ အစီရင်ခံလိုက်သည်။

ဝူးလောက်ရယ် ချက်ချင်းလိုက်သွား၏။

လေ့ဖုံးနှင့်ပါစုတို့ ရတနာစံအိမ်မှ လွတ်မြောက်သွားကြသဖြင့် ရတနာစံအိမ်ပိုင်ရှင်ကိုယ်တိုင် အပြင်းအထန်စုံစမ်းခဲ့ရာမှ ဝူးလောက်ရယ်၏ လက်ချက်မကင်းကြောင်း သဲလွန်စ ရသွားသည်။

ထို့ဖြစ်ရာ ကျင်းလိန်မြို့စားကို အကျိုးအကြောင်းပြောပြီး အခြေအနေ စောင့်ကြည့်ခဲ့သည်။

ဝူးလောက်ရယ်သည် စားခြံဝင်းမှ ကတိုက်ကရိုက် ထွက်သွားသည်ဟု သတင်းကြားသည်နှင့် အကြောင်းထူးပြီဟု သဘောပိုက်ကာ ဝူးလောက်ရယ် နေအိမ်သို့ တိတ်တဆိတ် ခြေရာခံကာ လိုက်ကြလေသည်။

ဤသို့ဖြင့်....

အားလုံးသည် လူယုန်မြို့တွင် မပျော်လင့်ဘဲ လာရောက်ဆုံစည်းခဲ့ကြလေတော့သည်။

အမှန်တရား

---

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်နေ၏။

မေဝှာသည် မြင်းလှည်းကို ဖြည်းဖြည်းမှန်မှန် မောင်းနှင်လာခဲ့လေသည်။

သူမ၏ရင်ထဲ၌ ပျော်ရွှင်မှုများ ပြည့်လျှံနေ၏။

ဖိုးစုရဲ တပ်သက်လုံး ရှာဖွေစုဆောင်းလာခဲ့သမျှ အရာအားလုံးသည် သူမ၏လက်ထဲသို့ ရောက်လာပြီး စိတ်ကြိုက်စီစဉ်နိုင်သည့် အခြေအနေ ရှိနေပြီမဟုတ်ပါလား။

ဖိုးစုရဲအား လက်ဦးအောင် လုပ်ကြံနိုင်ခဲ့ခြင်းကြောင့်သာ ယခုလို အကျိုးကျေးဇူး ခံစားရခြင်းဖြစ်ပါသည်။

'ငါ့ကို တော်ရုံတန်ရုံ ဘယ်သူကမှ သတိထားမိကြတာ မဟုတ်ဘူး၊ အလယ်ပိုင်းတိုင်းဒေသလောက်ကိုသွားပြီး ဇာတ်မြုပ်နေတာတောင် ဘယ်သူမှ ဂရုပြုမိကြမှာမဟုတ်ဘူး၊ ငါ့ရဲ့ ရွှေဘဝရေးဟာ ပြောင်မြူးသာယာနေတော့မှာပါလား'

သူမသည့် တွေးတောရင်း ကျေကျေနပ်နပ်ကြီး ပြုံးလိုက်လေသည်။

ထိုစဉ်....

ရွှေတူရှဉ် လမ်းပိတ်နေသူတစ်ယောက်အား တွေ့လိုက်ရလေသည်။

'ဟင်....'

မေဝှာ ရင်ထိတ်သွားလေသည်။

'ဟေး....ဟေး'

ချက်ချင်းပင် မြင်းများကိုအော်ငေါက်ကာ မြင်းလှည်းကို အရှိန်သတ် ရပ်တန့်လိုက်လေသည်။

လမ်းပိတ်ရပ်ထားသူမှာ သိမ်းငှက်ဖြစ်ပါသည်။

သိမ်းငှက်သည် ဝူးလောက်ရယ်ရောက်မလာမီ မေဝှာကို ဟန့်တားမှုဖြစ်မည်ဟု နားလည်ထား၏။

ထို့ကြောင့် ကိုယ်တိုင်ထွက်ကာ ဟန့်တားလိုက်ခြင်းဖြစ်လေသည်။



မြင်းလှည်းရပ်တန့်သွားသည်နှင့် သိမ်းငှက်က....

'မေဝှာ ဓားခြံဝင်းကိုလိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်ဗျာ'

ဟု ပြောလိုက်လေသည်။

မေဝှာရင်ထိတ်သွားသည်။

'ဘာပြောတယ်'

'ခင်ဗျား ထွက်ပြေးဖို့ မကြိုးစားပါနဲ့တော့ဗျာ၊ အေးအေးဆေးဆေး လိုက်ခဲ့ပါ'

မေဝှာက....

'နေပါဦး၊ ရှင်ကဘယ်သူလဲ'

'ကျုပ်က သိမ်းငှက်ပါ'

'ဓားခြံဝင်းကပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'နေပါဦး၊ ဘာကြောင့် ကျွန်မက ဓားခြံဝင်းကို လိုက်ရမှာလဲ'

သိမ်းငှက်က....

'ခင်ဗျားဟာ ဖုံးစုရဲ့ရှိမိန်းမဆိုတာ ကျုပ်တို့ သိထားပြီးပါပြီ၊ အေးအေးဆေးဆေး လိုက်ခဲ့ပါဗျာ'

မေဝှာက....

'ကျွန်မ မလိုက်ဘူးဆိုရင်ကော'

'လွယ်ပါတယ်ဗျာ၊ ကျုပ်က ခေါ်သွားရမှာပေါ့'

'ရှင် သေချာရဲ့လား'

'သေချာပါတယ်'

'ဒါဆို ကြိုးစားကြည့်ပါလား'

'ကောင်းပြီလေ'

သိမ်းငှက်က ရှေ့သို့တိုးလာလေသည်။

မေဝှာက မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိလိုက်ကြပြီး ဖြစ်သည်။

သိမ်းငှက်က....

'ကဲ ...သတိထားပေတော့'

ပြောရင်း လျှပ်တစ်ပြက် တိုက်ခိုက်လိုက်လေသည်။

မေဝှာ မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်ဘာတတ်နိုင်မှာမို့လဲ'

သူမက လက်ဝှေ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ဝင်းလက်တောက်ပသော အသင်းရောင်များ ထွက်ပေါ်လာလေသည်။



ငွေအပ်လေးများသည် သိမ်းငှက်ထံသို့ ပစ်လွှင့်သွားလေသည်။ သိမ်းငှက် ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဖိုးစုရဲသည် စာပေပညာရှင်ဟု ထင်ရှားသော်သည်း လျှို့ဝှက်သော လူသတ်သမားတစ်ယောက်ဖြစ်ကြောင်း နားလည်ထားလေသည်။

မေဝှာ သိုင်းပညာတတ်ကြောင်း သူမသိပါ။

ထို့ကြောင့် အလွယ်တကူ ဖမ်းဆီးနိုင်လိမ့်မည်ဟု ယုံကြည်ထားလေသည်။

သို့သော်....

တကယ်တမ်း ထိပ်တိုက် ရင်ဆိုင်လိုက်သောအခါ မေဝှာသည် ဖိုးစုရဲထက်ပင် ကြောက်စရာကောင်းသူတစ်ယောက် ဖြစ်ကြောင်း သိလိုက်ရလေသည်။

မည်သို့ဆိုစေ....

သူ အသိနောက်ကျသွားပြီ ဖြစ်ပါသည်။

သိမ်းငှက် ကပျာကယာ ရှောင်တိမ်းရန် ဟန်ပြင်လိုက်သော်လည်း ငွေအပ်လေးများသည် သူ၏ရင်ဝသို့ တည့်တည့်မတ်မတ် တိုးဝင်သွားလေတော့သည်။

'အား'

သိမ်းငှက် စူးရှစွာအော်ဟစ်လိုက်ပြီး မြေပေါ် ဝုန်းခနဲ လဲကျသွားလေတော့သည်။

* * *

'ခစ်....ခစ်....ခစ်'

မေဝှာ သဘောကျစွာ ရယ်မောလိုက်လေသည်။

သိမ်းငှက်သည် မြေပေါ်၌ မလှုပ်မယှက် လဲကျနေပြီ ဖြစ်သည်။

မေဝှာက....

'ကဲ....ရှင်ဘာပြောချင်သေးသလဲ'

ဟု မေးလိုက်သည်။

ထိုစဉ်....

'ဟင်'

လွှတ်ခနဲ ရေရွတ်သံထွက်ပေါ်လာလေသည်။

မေဝှာ ရင်ထိတ်သွားသည်။

ချက်ချင်း ချာခနဲ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ....



မလှမ်းမကမ်း၌ ရပ်နေသူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

'ကျန်းရှူ'

ဟု ရေရွတ်လိုက်လေသည်။

မှန်ပေသည်။

မလှမ်းမကမ်း၌ရပ်နေသူမှာ ကျန်းရှူဖြစ်လေသည်။

ကျန်းရှူသည် မေဝှာနောက်သို့လိုက်လာခြင်းဖြစ်သည်။

မေဝှာနှင့်ရင်ဆိုင်ပြီး ရွှေများရယူမည်ဟု စိတ်ကူးထားလေသည်။

ယခု...

မေဝှာ၏ လက်ချက်ကြောင့် သိမ်းငှက်လဲကျသေဆုံးသွားသည်ကိုတွေ့ရသောအခါ ကျန်းရှူ ထိတ်လန့်တုန်လှုပ်သွားလေတော့သည်။

မေဝှာ ပြုံးလိုက်သည်။

'ကျန်းရှူ မင်းရောက်လာတာနဲ့အတော်ပဲ၊ မင်းရဲ့အစ်ကိုကြီးက မင်းကိုတွေ့ချင်နေတယ်'

'ကျုပ်'

'လာ....ငါနဲ့လိုက်ခဲ့'

ကျန်းရှူ ခေါင်းခါယမ်းလိုက်သည်။

'နေပါစေတော့ အစ်မကြီး၊ ကျွန်တော်မလိုက်တော့ပါဘူး'

'ဟင်....ဘာဖြစ်လို့လဲကွယ့်'

'ကျွန်....ကျွန်တော်'

'လာစမ်းပါ'

မေဝှာက လက်ယပ်ခေါ်လိုက်လေသည်။

ကျန်းရှူ ခေါင်းခါယမ်းကာ နောက်ဆုတ်လိုက်လေသည်။

ထိုစဉ်....

'မင်းတို့သွားလို့မရတော့ပါဘူး'

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

ကျန်းရှူနှင့် မေဝှာတို့ ကပျာကယာလှည့်ကြည့်လိုက်သည်။

ထိုအခါ....

လူတစ်စုလှမ်းလာနေသည်ကိုတွေ့ရ၏။

'ခေါးခြံဝင်းကလူတွေပါလား'

မေဝှာက လွှတ်ခနဲရေရွတ်လိုက်သည်။

မှန်ပေသည်။



ဝူးလောက်ရယ်ဦးဆောင်သော ခေါးခြံဝင်းမှလူစု ရောက်ရှိလာပြီဖြစ်လေသည်။

*　　*　　*

ခေါးခြံဝင်းမှလူစု ရောက်ရှိလာကြလေသည်။

မေဝှာ မျက်နှာပျက်သွားသည်။

'ကျန်းရှူ ငါ့အနားလာစမ်း'

ဟု ခေါ်လိုက်သည်။

ကျန်းရှူက....

'အစ်မကြီး'

'ငါ့အနားလာစမ်း၊ မြင်းလှည်းထဲမှာ မင်းအစ်ကိုကြီးရဲ့ ငွေတွေပါလာတယ်၊ ငါသူတို့နဲ့ရင်ဆိုင်ထားမယ်၊ မင်းက မြင်းလှည်းမောင်းပြီးရှောင်သွား'

'ကျွန်တော်'

'ငါခိုင်းသလိုလုပ်စမ်း'

ကျန်းရှူ ဝမ်းသာသွားလေသည်။

မေဝှာက ခေါးခြံဝင်းမှလူများနှင့် ရင်ဆိုင်နေခိုက် သူက ငွေများတင်ထားသည့်မြင်းလှည်းကို မောင်းနှင်ကာ ဝေးရာသို့ ထွက်သွားနိုင်သည်မဟုတ်ပါလား။

‘ကောင်းပါပြီအစ်မကြီး’

‘မြန်မြန်သွား’

ကျန်းရှူသည် ချက်ချင်းပင် မြင်းလှည်းပေါ် ခုန်တက်လိုက်လေသည်။ ဓားပြဝင်းမှလူများက ထွက်သွား၍ မရအောင် ဝိုင်းရံထားလိုက်လေသည်။

မေဝှာက....

‘ကျန်းရှူ မြန်မြန်သွား’

ဟု ပြောကာ ပြာသံပေးပြီး ဓားပြဝင်းမှလူများကို တိုက်ခိုက်လိုက်လေတော့သည်။

❋ ❋ ❋

‘ခွပ်....ခွပ်....ခွပ် ..ခွပ်’

မြင်းခွာသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

ကျန်းရှူသည် မြင်းလှည်းကို တစ်ဟုန်ထိုး ဒုန်းစိုင်းမောင်းနှင်နေလေသည်။

မေဝှာသည် ဓားပြဝင်းမှလူများနှင့် သဲကြီးမဲကြီး ရင်ဆိုင်တိုက်ခိုက်ရင်း ကျန်ရစ်ခဲ့လေသည်။

သူမသည် ဓားပြဝင်းမှလူများကို ထိုးဖောက်ကာ ကျန်းရှူနောက်သို့ လိုက်သွားနိုင်မည်ဟု ယုံကြည်ထားသည်။



သူမတစ်ယောက်တည်းဆိုလျှင် ရွှေသေတ္တာပါရှိသော မြင်းလှည်းကို မောင်းယူသွားနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ကျန်းရှူကို အသုံးချလိုက်ခြင်းဖြစ်သည်။

နောက်ပိုင်းမှ ကျန်းရှူကို သုတ်သင်ရှင်းပစ်ရန် ဆုံးဖြတ်ထားလိုက်လေသည်။ လက်တွေ့တွင် သူမ မျှော်လင့်သလို ဖြစ်မလာပါချေ။

ဓားပြဝင်းမှ ဝူးဟန်နှင့်ဝူကြွားတို့ ရောက်လာကြသောအခါ သူမသည် ကျန်းရှူနောက်သို့ ဘယ်သောအခါမှ လိုက်သွားနိုင်တော့မည်မဟုတ်ဟု သဘောပေါက်လိုက်သည်။

သူမအသိနောက်ကျသွားပြီဖြစ်ပါသည်။

ဝူကြွားနှင့် ဝူးဟန်တို့က ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လိုက်သောအခါ...

‘အား’

ရူးရှစွာ အော်ဟစ်ကာ မြေပေါ်လဲကျသွားလေတော့သည်။

❋ ❋ ❋

ကျန်းရှူသည် မြင်းလှည်းကို တစ်ရှိန်ထိုး မောင်းနှင်လာရင်း အတော်ဝေးဝေးသို့ ရောက်သောအခါ နောက်လှည့်ကြည့်လိုက်လေသည်။

ထိုအခါ…

သူ၏နောက်သို့ လိုက်လာသူ တစ်ယောက်တလေမျှကိုပင် မတွေ့ရချေ။

ကျန်းရှု ဝမ်းသာသွားသည်။

'ရွှေတွေကို ငါတစ်ယောက်တည်းပိုင်ပြီ'

ဟု ဝမ်းသာအားရ ရေရွတ်လိုက်၏။

ထိုစဉ်…

'ငါ့ကို မမေ့နဲ့ဦးလေ'

ရုတ်တရက် လူတစ်ယောက် လမ်းဘေးရှိ သစ်ပင်တစ်ပင်နောက်ကွယ်မှ ထွက်ပေါ်လာသည်။

ထင်စန်းဖြစ်ပါသည်။

ထင်စန်းကိုမြင်လျှင် ကျန်းရှုက မြင်းလှည်းကို အရှိန်သတ်ရပ်တန့်လိုက်လေသည်။

'ဟော့…ထင်စန်း အစ်ကိုကြီးရဲ့ ရွှေတွေကို ငါရလာပြီကွ'

ဟု အော်ပြောလိုက်လေသည်။

ထင်စန်းက…

'ရွှေတွေကို အသာထားစမ်းပါ၊ အစ်ကိုကြီးကော'

ဟု မေးသည်။

ကျန်းရှု ခေါင်းခါယမ်းလိုက်သည်။



'မတွေ့ဘူးကွ'

'ဒါဆို ငါထင်နေတဲ့အတိုင်းမှန်နေပြီ၊ အစ်ကိုကြီးဟာ အစ်မကြီးဗွာရဲ့ လက်ချက်မိသွားပြီကွ'

ထိုစဉ်…

'မင်းပြောတာမှန်တယ်'

အေးတိအေးစက်စကားသံ ထွက်ပေါ်လာသည်။

ထင်စန်းနှင့်ကျန်းရှုတို့ ရင်ထိတ်သွားကြပြီး ကပျာကယာလှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ…

တောအုပ်ထဲမှလူတစ်စု ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

ကျင်းလိန်မြို့စားဦးဆောင်သော လူစုဖြစ်လေသည်။ ထင်စန်းနှင့်ကျန်းရှု မျက်နှာပျက်သွားကြလေသည်။

ကျင်းလိန်မြို့စားတို့လူစုသည် သူတို့အား ချက်ချင်းဝိုင်းရံသွားလိုက်ကြလေသည်။

ကျန်းရှုက…

'ဒုက္ခပဲ'

ဟု ရေရွတ်လိုက်သည်။

ထင်စန်းက…

'တို့ရွှေတွေကို မက်မောနေလို့ မဖြစ်တော့ဘူး၊ ကိုယ်လွတ်ရန်းမှပဲ'

ဟု ပြောလိုက်သည်။

ထင်စန်းက…

'အေးပေါ့ ခုမှတော့ ဘာတတ်နိုင်တော့မှာလဲကွာ'

သူတို့သည် ရင်ဆိုင်တိုက်ခိုက်ရန် ဓားကိုယ်စီဆွဲထုတ်လိုက်ကြလေသည်။

ကျင်းလိန်မြို့စား ခေါင်းခါယမ်းလိုက်သည်။

'မင်းတို့နှစ်ယောက် ပြေးလို့မလွတ်တော့ပါဘူး၊ အေးအေးဆေးဆေး အဖမ်းခံရင်ကောင်းမယ်၊ မင်းတို့ခေါင်းဆောင်ဖိုးစုရဲလဲသေသွားပြီ'

ဟု ပြောလေသည်။

'ဟား....ဟား....ဟား'

ကျန်းရှုသည် ရူးသွပ်သွားသူတစ်ယောက်ပမာ ဟားတိုက်ရယ်မောလိုက်လေသည်။

'ကျုပ်တို့အဖမ်းခံလို့ကော ဘာထူးမှာလဲဗျ၊ ဘယ်တော့မှအဖမ်းမခံဘူး'

စကားဆုံးလျှင် ဓားဝှေ့ယမ်းကာ အနီးရှိ ဝိုင်းရံထားသူများအား တိုက်ခိုက်လိုက်လေသည်။

ကျင်းလိန်မြို့စား၏ လူများကလည်း ချက်ချင်းပြန်လည်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သောတိုက်ပွဲ ရုတ်ခြည်းဖြစ်ပေါ်လာလေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသောအော်ဟစ်သံများတစ်ခဲနက် ထွက်ပေါ်လာသည်။



ကျန်းရှုသည် သေရတော့မည်ဟု သဘောပိုက်ကာ တရကြမ်းတိုက်ခိုက်ခြင်းကြောင့် ကျင်းလိန်မြို့စား၏လူများ အထိနာသွားကြလေသည်။

ထင်စန်းကဓားကိုင်ကာ မလှုပ်မယှက်ရပ်နေပါ၏။

ကျင်းလိန်မြို့စားက....

'မင်းတို့ နှစ်ယောက်အကြောင်း သိုင်းလောကတစ်ခုလုံးသိနေကြပြီ၊ မင်းတို့ပြေးလို့မရတော့ဘူး၊ အေးအေးဆေးဆေးအဖမ်းခံကြပါ'

ဟု ထပ်ပြောလေသည်။

ကျန်းရှုက....

'ဘယ်တော့မှ အဖမ်းမခံဘူး'

ဟု အော်ပြောလိုက်လေသည်။

ထိုစဉ်....

တစ်ချိန်လုံး ငြိမ်နေခဲ့သည့်ထင်စန်းက လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေတော့သည်။

ကျန်းရှုအနီးသို့ လျှပ်တစ်ပြက်ချဉ်းကပ်လိုက်ပြီး ဓားဝှေ့ယမ်းလိုက်လေသည်။

ဝင်းလက်တောက်ပသော ဓားရောင်များ ထွက်ပေါ်လာလေသည်။

'အား'

ကျန်းရှု၏အော်ဟစ်သံ ထွက်ပေါ်လာလေသည်။

ကျန်းရှု၏လက်ထဲမှဓား လွတ်ကျသွားလေသည်။

ကျန်းရှုသည် ထင်စန်းကို မယုံကြည်နိုင်သလို ကြည့်လိုက်သည်။

'မင်း....မင်း'

ထင်စန်း ခေါင်းခါယမ်းလိုက်သည်။

'ငါတို့အတွက် တော်လောက်ပါပြီကွာ'

'ဘာကွ'

'ငါတို့ အဖမ်းခံလိုက်တာ အကောင်းဆုံးပါပဲ'

'ထင်စန်း မင်းရူးနေပြီလား'

ကျန်းရှုဒေါသတကြီး အော်ငေါက်လိုက်လေသည်။

ထင်စန်းက....

'ငါတို့ယောကျ်ားတွေပဲ လုပ်ရဲရင် ခံရဲရမှာပေါ့ကွာ'

'မင်း'

ထင်စန်းလက်ထဲမှဓားကို လွှတ်ချလိုက်သည်။

ကျင်းလိန်မြို့စားထံသို့ လှမ်းသွားပြီး....

'ကျွန်တော် အဖမ်းခံပါတယ်'

ဟု ပြောလိုက်သည်။

ကျင်းလိန်မြို့စား အံ့သြသွားသည်။

'မင်း'

ထင်စန်းက ဒူးထောက်ချလိုက်လေသည်။

'ကျွန်တော်အဖမ်းခံပါတယ် မြို့စားကြီး'

ကျင်းလိန်မြို့စား ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'အေး....ကောင်းတယ်၊ ယောကျ်ားဆိုတာ ဒီလိုမှပေါ့'

ထိုစဉ်....



'သေပေတော့'

ကျန်းရှုသည်ဒေါသတကြီး အော်ငေါက်ရင်း ထင်စန်းထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

ထင်စန်းက မလှုပ်မယှက် ရပ်နေလိုက်လေသည်။

'မလုပ်နဲ့'

ကျင်းလိန်မြို့စားက ဟန့်တားလိုက်လေသည်။

ရှေ့သို့ခုန်ထွက်ကာ ထင်စန်းနှင့်ရင်ဆိုင်လိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်မိသည်နှင့်....

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ကျန်းရှုသည် အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

* * *

ကျန်းရှုသည် လဲကျနေရာမှ လူးလိမ့်ခုန်ထလိုက်လေသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျနေပါသည်။

သူက ကျင်းလိန်မြို့စားကို လုံးဝဂရုမစိုက်ဘဲ ထင်စန်းကို ဒေါသတကြီးကြည့်ရင်း....

'ထင်စန်း မင်းသတ္တိမရှိတဲ့ကောင်'

ဟု အော်လိုက်လေသည်။

ထင်စန်းက ဘာမှမပြောပါ။

ကျန်းရှုက အံတင်းတင်းကြိတ်လိုက်သည်။

'ထင်စန်း မင်းကို ငါဘယ်တော့မှမကျေဘူးကွ'

ဟု အော်ငေါက်ကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

ကျင်းလိန်မြို့စားက....

'ရပ်လိုက်စမ်း'

ကြားဝင်တိုက်ခိုက်လိုက်သည်။

ယခုတစ်ကြိမ်....

ကျန်းရှုက ကျင်းလိန်မြို့စား၏တိုက်ခိုက်မှုကို ရှောင်တိမ်းခြင်း မပြုဘဲ ထင်စန်းထံသို့ ဆက်၍ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

'အား'

'အမယ်လေး'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ထင်စန်းသည် ကျန်းရှု၏ တိုက်ခိုက်မှုကြောင့် အဝေးသို့ လွင့်စဉ်သွားလေသည်။



ထို့အတူ....

ကျန်းရှုသည်လည်း ကျင်းလိန်မြို့စား၏တိုက်ခိုက်မှုကြောင့် မြေပေါ်လဲကျသွားလေသည်။

'သူ့ကိုဖမ်းလိုက်ကြစမ်း'

ကျင်းလိန်မြို့စားက အမိန့်ပေးလိုက်သည်။

သူ၏သိုင်းသမားများသည် ကျန်းရှုထံ ချဉ်းကပ်သွားကြလေသည်။

ကျန်းရှုက........

'ယား'

မြေပေါ်မှ ခုန်ထကာ တိုက်ခိုက်လိုက်လေသည်။

'အား'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်၊

ကျင်းလိန်မြို့စား၏ သိုင်းသမားများသည် အငိုက်မိကာ ကျန်းရှု၏တိုက်ခိုက်မှုကို ခံလိုက်ကြရလေသည်။

သို့သော်....

'ယား'

ငြာသံပေးကာ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။

ယခုတစ်ကြိမ်....

ကျန်းရှုသည် အကြောက်အကန် ပြန်လည်ရင်ဆိုင်လိုက်သော်လည်း မည်သို့မျှမဟန်နိုင်တော့ဘဲ....

'ဝုန်း'

'အား'

ဓူးရှစ္စာအော်ဟစ်ကာ မြေပေါ်လဲကျသွား၏။

ကျန်းရှုသည် လူးလိမ့်ထရန် ကြိုးစားနေသေး၏။

မည်သို့ဆိုစေ....

ကျန်းရှုသည် တဖြည်းဖြည်း ငြိမ်ကျသွားတော့သည်။

* * *

လေပြည်လေညင်း ဖွဲ့ယမ်းတိုက်ခတ်လာသည်။

သစ်ရွက်လေးများ ကြွေကျလာသည်။



ထင်စန်းက မလှုပ်မယှက်ရပ်လျက်....

ဖိုးစုရဲခေါင်းဆောင်သော ကြေးစားအဖွဲ့သည် ပျက်စီးသွားခဲ့ပြီဖြစ်သည်။

ထင်စန်းတစ်ယောက်မှလွဲပြီး အားလုံးသေဆုံးသွားကြပြီဖြစ်လေသည်။

ကျင်းလိန်မြို့စားက....

'မင်းကော'

ဟု မေးလေသည်။

ထင်စန်း ခေါင်းခါယမ်းလိုက်သည်။

'ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ ထိုက်သင့်တဲ့အပြစ်ဒဏ်ကို ခံယူပါ့မယ်'

ဟု ပြောလိုက်သည်။

ကျင်းလိန်မြို့စားက....

'မင်းရဲ့အပြစ်ဒဏ်ဟာ သေဒဏ်ဆိုတာကော မင်းသိရဲ့လား'

ဟု မေးသည်။

ထင်စန်းက....

'သိပါတယ်'

'မင်းမကြောက်ဘူးလား'

ထင်စန်း ပြုံးလိုက်သည်။

'မကြောက်ပါဘူး၊ ယောကျ်ားပဲ လုပ်ရဲရင်ခံရဲရမှာပေါ့'

'ကောင်းတယ်၊ မင်းရဲ့သတ္တိကို ငါချီးကျူးတယ်၊ ကဲ.... သွားကြရအောင်၊ မင်းကို ချုပ်နှောင်သွားဖို့တော့ လိုမယ် မထင်ပါဘူးနော်'

'ဟုတ်ကဲ့၊ မလိုပါဘူးဗျာ'

ကျင်းလိန်မြို့စားက....

'ကဲ....သွားကြမယ်'

အမိန့်ပေးရင်း ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'ဒိုင်း'

'ဒုတ်'

ဓားတစ်လက်ပစ်လွင့်လာပြီး ထင်စန်း၏ရင်ဝ၌ စိုက်ဝင် သွား၏။



ထင်စန်းသည် အသံပင်မထွက်နိုင်တဲ့ မြေပေါ် ပုံလျက်သား လဲကျသွားလေတော့သည်။

* * *

ဓားပြုံဝင်းသို့ ဦးတည်သွားရာလမ်းပေါ်တွင် လူသုံးယောက် မြင်းကိုယ်စီဖြင့် ခရီးနှင်နေသည်။

ဦးသောက်ရယ်၊ ဦးကြွားနှင့် ဦးဟန်တို့ဖြစ်လေသည်။

သူတို့၏မျက်နှာများ ပြုံးရွှင်နေသည်။

ဦးသောက်ရယ်က....

'နောက်ဆုံးတော့ သူတို့အားလုံးကို ငါတို့ သုတ်သင်ပစ်နိုင်ခဲ့တာပဲ'

ဟု ပြောလေသည်။

မှန်ပေသည်။

ထင်စန်းအား တိတ်တဆိတ်လုပ်ကြံလိုက်သူမှာ ဦးသောက် ရယ် ဖြစ်ပါသည်။

ဦးသောက်ရယ်တို့သည် ဓားပြုံဝင်းအတွက် တာဝန်ကျေ သွားပြီဖြစ်လေသည်။

လေပြည်လေညှင်း ဖွေ့ယဉ်းတိုက်ခတ်လာသည်။

ရော်ရွက်လေးများ ကြွေကျလာသည်။

မကောင်းမှုပြုလုပ်သူများသည် နောက်ဆုံးတွင် မရှုမလှ ဇာတ်သိမ်းရမည်သာဖြစ်လေသည်။

မကောင်းမှုများ ကင်းစင်သွားသောအခါ လောကကြီး တစ်ခုလုံး သာယာလှပလာမည် မဟုတ်ပါလား။

(ဒု-ဇာတ်သိမ်းပြီး၏)